# သမထ၏အကျိုးအကြောင်းများ

၉

(သမထ)

**ဦးစောအောင်မြင့်**

# သမထ၏အကျိုးအကြောင်းများ



ဒါကာသ စာပေ

ပထမအကြိမ်
အုပ်ရေ ၂၅၀၀
၁၉၇၃-ခု စက်တင်ဘာလ
ရောင်းဈေး သုံးကျပ်-တိတိ

ကြီးကြပ်သူ မောင်ခင်ဇော် (ပေါ်ပြူလား
ပန်းချီ မောင်စိန်သစ်
ဘလောက် ဇမ္ဗူအေး
မျက်နှာဖုံး ဝင်းအောင်

ထုတ်ဝေသူ ဦးသိန်းမောင်
မြဲ-၀၁၁၅၇၊ ရတနာသိင်္ခစာပေ
၁၄-ကျားကွက်သစ်လမ်း၊
ကျောက်မြောင်း၊ ရန်ကုန်။

ပုံနှိပ်သူ ဦးငိုကိုခိုင် (မြဲ-၀၁၇၀၀)
တောင်တန်းပုံနှိပ်တိုက်၊
၂၆၆-လွစ္စလမ်း၊ ရန်ကုန်။

# မာတိကာ


၁ (သမထ) ဦးအောင်မြတ် ကန်တော့ခန်း င

၂ ယောက်ကော်ကျွန်းမြတ် ဆရာတော်ဘုရား၏
ဩဝါဒ အမှာစာ ၂-မှ ၃

၃ ဒုဗိုလ်မှူးကြီးဝင်းမောင် အငြိမ်းစား၏
အမှာစာ ၄-မှ ၇

၄ (သမထ) ဦးအောင်မြတ် အမှာစာ ၈-မှ ၁၀

၅ ဆရာတော်ဘုရားနှင့် ကျွန်တော် ၁၁-မှ ၃၅

၆ မဟာဂန္ဓာရီ
၇ စူဠဂန္ဓာရီ ၃၆-မှ ၅၄

၈ နေကသိုဏ်း (ဝါ)
တေဇောကသိုဏ်းကျင့်နည်းကျင့်နည်း ၅၅-မှ ၈၆

၉ ပယောဂဆရာနှင့် ကျွန်တော် ၇၅-မှ ၇၄

| | | |
|---|---|---|
| ၁၀ | ညတည၏အတွေ့အကြုံ | ၈၇-မှ ၁၀၂ |
| ၁၁ | ကြုံရဆုံရ | ၁၀၃-မှ ၁၁၇ |
| ၁၂ | ခေတ်စီးခြင်း၊ | ၁၁၈-မှ ၁၄၂ |
| ၁၃ | ခေတ်စကားပြောခြင်း | |
| ၁၄ | သေသောသူကို (သမထ)နည်းဖြင့် ကြည့်ခြင်း | ၁၄၃ |
| ၁၅ | ပယောဂနှင့် လူသား | ၁၄၈ |
| ၁၆ | ပွဲထိုးခြင်းအကြောင်း | ၁၅၃ |
| ၁၇ | သမထဖြင့်ဟောစဉ်က | ၁၅၇ |
| ၁၈ | သင်းချိုင်းတွင် တရားအားထုတ်စဉ် | ၁၆၂ |
| ၁၉ | အဓိဋ္ဌာန်တို့၏အဖွင့် | ၁၇၂ |

ဓါခင်သိမ်း၊ ဒွါရသုံးလီ စုညီမြတ်နိုး

ရှိခိုးပါ၏။

ကျွန်တော်၏ ဆရာသခင်ကျေးဇူးရှင် ဖြစ်တော်မူသည့် (ဘိုးတော်အောင်မင်းခေါင်) နှင့် သာသနာပြု ပုဂ္ဂိုလ်ကျော်ယောက်ကော် ကျွန်းမြတ် တွင် သီတင်း သုံး နေ တော် မူ သော (ဦးသဒ္ဓမ္မသိဒ္ဓိ) ဆရာတော်ဘုရားတို့အား ကျင့်ကြံအားထုတ်ဆဲ ဖြစ်သော သမထ ပညာဖြင့် ကန်တော့ပါ၏။

(သမထ) အောင်မြတ်

# သမထ ဦးအောင်မြတ်သို့

သမထ ဦးအောင်မြတ်ကို ငယ်စဉ်ကပင် မောင်းအုန်းညွန့် အနေဖြင့် သိကျွမ်းခဲ့၍ ညီရင်းတမျှ ချစ်ခင်ခဲ့ပါသည်။ တခါ တရံ ၎င်းနှင့်ပတ်သက်၍ ဆုံးမစကား ပြောစရာရှိက ဆုံးမပြော ဆို၍ များသော အားဖြင့် မိတ်ဆွေပမာ ပြောမနာဆိုမနာ ပြောချင်ရာ ပြောခဲ့ပေမဲ့ သူကတော့ ကျွန်တော် ပြောသမျှ ဆိုသမျှကို ထာဝစဉ်ပြုံး၍ နားထောင်လေ့ရှိပါသည်။

တနေ့ သမထ ဦးအောင်မြတ် အနေနှင့် သမထ အမြင်ဖြင့် အချိန်နာရီပိုင်းခြားကာ ၎င်း၏နေအိမ်တွင် ဟောပြောမည်ဖြစ် ၍ ဆွေးနွေးလိုသောပုဂ္ဂိုလ်များလာရောက်ဆွေးနွေးနိုင်ကြောင်း သတင်းစာမှ ကြေငြာစာကိုကိုင်၍ ကျွန်တော့်ရုံးခန်းသို့ရောက် ရှိလာပါသည်။

ကျွန်တော်သည် သူ့အကြောင်း ကောင်းကောင်းကြီး သိခဲ့ သည်။ သူသည် ရုပ်ရှင် စာစောင်များနှင့် မဂ္ဂဇင်း သတင်းစာ အချို့တွင် ဆောင်းပါးတို့များရေးသားခဲ့ပါသည်။ ယခုသမထ ဦးအောင်မြတ်အနေဖြင့် တမျိုးတဖုံ ဖြစ်လာသည်ကို တွေ့ရ၍ ၎င်းအား မယုံတဝက် ယုံတဝက်ဖြင့် “မင်းဟာက ဟုတ်မှလဲ လုပ်စမ်းပါကွာ တချို့လူတွေ ဗေဒင်လက္ခဏာဟောပြီး စီးပွား ရှာသလို မင်းလဲ အကြံကုန် ဂဠုန်ဆားချက် လုပ်လာပြန်ပြီ လား”ဟု ကျွန်တော်က အထင်သေးစွာနှင့် မေးလိုက်ရာ အကို

ကလဲ ကျွန်တော့်ကို အထင်သေးရန်ကော၊ ယခု ကျွန်တော် ဘုရားနှင့်တရားနဲ့ပါ” “သမထ တရားကို အားထုတ်ပြီး အရင် အနုန်းညွန့်မဟုတ်တော့ပါဘူး။ မယုံရင် အကိုစမ်းကြည့်ပါလား” ဟု ကျွန်တော့ကို ရဲရဲဝံ့ဝံ့ သူ၏ပညာကို အစမ်းခံဝံ့သည့်ပမာ အကဲလာစမ်းပါတော့သည်။

ထိုအချိန် ကျွန်တော်၏ညီရင်းဖြစ်သူ (ဟိုပုန်း)တွင် ကား မှောက်သေဆုံးသဖြင့် ခွင့်ယူခါ၊ထိုနေ့ညနေရထားနှင့်တောင်ကြီး လိုက်ရန် အစီအစဉ် ပြုလုပ်ချိန် ဖြစ်သဖြင့် သူ၏ စွမ်းရည်ကို မှတ်ကျောက်တင်လိုသဖြင့် “ကဲ....ဒါဖြင့် ငါမေးမယ် ဖြေ”ဟု တောင်မေးပါတော့သည်။

“ငါ့ညီက သောကြာသားကွာ၊ကားမှောက် သေဆုံးတယ်လို့ ဖုန်းလာတယ်၊ မှောက်တဲ့ကားက ဘာအမျိုးအစားလဲ” သူသည် မျက်လုံးကို စုံမှိတ်ပြီး အာရုံပြုသည့် သဏ္ဍာန်ဖြင့်တစက္ကန့်အချိန် ယူပြီးနောက်....

“ဆလွန်းကားပါအကို”

“မဖြစ်နိုင်တာဘဲ၊ နလက ဆိုတော့ ဂျစ်ကား ဖြစ်ရမယ်၊ တောင်ပေါ်ဒေသမှာ ဂျစ်ကားဘဲ အသုံးများတာပဲ”

“မဟုတ်ဘူး၊ ဆလွန်းကားပဲ၊ ဂျစ်ကားမဟုတ်ဘူး”

“ကဲ....ဒီလိုဖြင့် ကားမှောက်တာ ချောက်ထဲ ကျသလား၊ လမ်းပေါ်မှာလား”

“ချောက်ထဲမကျပါဘူး၊ တောင်ကမ္ဘာယံဘေးနားမှာပါ’

“ဘာအဝတ်အစားဝတ်ထားသလဲ”

“အရပ်ဝတ်အရပ်စားဘဲ” (အင်္ကျီ အရောင်နှင့် လုံချည် အရောင်ကို ပြောပြပါသည်)

"ဘယ်နှစ်ယောက်ပါသလဲ"

"လူ ၄ ယောက်"

"ဘယ်နှစ်ယောက်သေသလဲ"

"သူတယောက်တဲပါ၊ တယောက်မှာမျက်ခုံးနားတွင်အနည်းငယ်ဒဏ်ရာရပြီး ကျန် ၂ ယောက် ဘာမျှမဖြစ်ပါ"

ကျွန်တော် မေးသမျှကို သူသည် လွယ်ကူစွာ ပြန်ဖြေသဖြင့် ကျွန်တော်လည်း ရေးသွားရတော့မည် ဖြစ်၍ ဆက်လက်ပြီး မဆွေးနွေးနိုင်ပဲ။

"ဒီလိုဖြင့် ကောင်းပြီလေ၊ ငါပြန်လာတော့ မင်းရဲ့ ဟောကိန်း မှန်-မမှန်ကို ကြည့်ရသေးတာပေါ့"ဟုပြောပြီး စကားကို ဖြတ်လိုက်ပါတယ်။

ကျွန်တော် (ဟိုပုန်း)ရောက်၍ အသုဘကိစ္စကို ဆောင်ရွက်ရင်း မောင်အောင်မြတ် ဟောကြားချက် များကို ပြန်လည်စုံစမ်း၍ တိုက်ဆိုင်ကြည့်ရာ ကားမှောက်စဉ်က လူ ၄ ယောက်ပါသည်ဆိုသည့်အချက်ကလွဲ၍အားလုံးမှန်ကန်နေသည်ကို အံ့သြစွာသိရပါသည် ကားမှောက်စဉ်တွင် လူ ၂ ယောက်သာ ပါရှိ၍ တယောက်သေသူမှာ သူဟောပြောခဲ့သည့် အတိုင်း မျက်ခုံးနားတွင် ဒဏ်ရာအနည်းငယ် ရရှိသည်မှာလည်း မှန်ကန်နေသည်ကိုတွေ့ရှိရ၍ ကျွန်တော်ရန်ကုန်သို့ပြန်ရောက်၍ သူနှင့်ထပ်မံတွေ့ရှိသောအခါ လူ ၄ ယောက်ဆိုတာကလွဲ၍ ကျန်ဒါအားလုံး မှန်ကန်ကြောင်း ပြောပြရာ သူသည် ရယ်မောနေပြီး မည်သို့မှ ပြန်မပြောပါ။

မည်သို့ပင်ဖြစ်စေ အရာခပ်သိမ်းသည် ထာဝစဉ်ပြောင်းလဲနေသလို လူတို့သည်လဲပြောင်းလဲလျက်ရှိကြသည်။မောင်အောင်

မြတ်သည် ယခုအခါချိန်တွင် တရားဓမ္မအားထုတ်သော ယနေ့ သူတော်စင်ဖြစ်နေရှင်းအားထုတ်သောတရား၏အကြောင်းတရားကြောင့် အထင်အမြင်ဟူသော သမာဓိကို ရရှိနေသည့် အကျိုးတရားဖြစ်ပေါ်လျက်ရှိနေသည်မှာ ယုံမှားဘွယ်မရှိပေ။

သမထ ဦးအောင်မြတ်ယခုထက်ပိုမို၍ အောင်မြင် တိုးတက်ပါစေဟု ဆန္ဒပြုရင်း ဤအမှာစာကို ရေးလိုက်ရပါသည်။

ဒု-ဗိုလ်မှူးကြီးဝင်းမောင်
(အငြိမ်းစား)
ကုန်သွယ်ရေးဝန်ကြီးဌာန။

# အမှာစာတမ်း

အမှားကိုမြင်၍ အမှန်သို့ ဦးတည်လျက်ရှိသော ကျွန်တော်အဖို့ ဝမ်းသာစရာအကြောင်းနှင့် ဝမ်းနည်းစရာအကြောင်း ၂-ရပ်က စိတ်တွင်ရောမွှမ်းလျက်ရှိနေပါသည်။ မမျှော်လင့်သော ဖြစ်ရပ်ကို မှားကြောင်းဝန်ခံပေလိမ့်မည်။

အကြောင်းက........။

ကျွန်တော်၏ ကိုယ်တွေ့သမထကျင့်နည်းစာမူကို မိတ်ဆွေတဦးအား ထုတ်ဝေရန်ပေးလိုက်မိပါသည်။ စာအုပ်တအုပ်ဖြစ်လာသည်ကိုတော့ ဝမ်းသာမိပါသည်။ သို့သော်စာအုပ်ကို သေသေချာချာစေ့စေ့စပ်စပ် ကြည့် မိ ဖတ် မိ သော အခါတွင် စာအုပ်က မျက်နှာဖုံးတွင် တရားထိုင်နေသည့်ပုံမှာလည်း မှားယွင်းနေကြောင်း တွေ့ရှိရပါသည်။ အတွင်းသားများမှာလည်း အမှားအမှန် စစ်ဆေးခြင်းမရှိ၊ စာအုပ်ဖြစ်လျှင် ပြီးရောဆိုသည့် သဘောမျိုးဖြင့် ရိုက်နှိပ်ထားသည်ကို တွေ့ရသောကြောင့် စာဖတ်ပရိသတ်အား အထူးတလည် တောင်းပန်အပ်ပါသည်။

ထိုသို့ဖြစ်ရခြင်းကိုလည်း စာရေးသူတဦးအနေဖြင့် နောက်နောင်ကို ဤကဲ့သို့မဖြစ်စေရန်နှင့် ကျွန်တော်ရေးသော စာအုပ်များတွင် ရေပေါ်ဆီလုပ်သူများကို အထူးဂရုစိုက်ပါမည်ဟု ကတိပြုပါသည်။ ကျွန်တော်ရေးသောစာအုပ်များသည် ကျမ်းတစောင် ပြုစုရေးသားခြင်းဟူ၍မမှတ်ယူပါရန် အထူးတောင်းပန်အပ်ပါသည်။ ကျွန်တော်သည် ကျမ်းတစောင်ပြုစုနိုင်သော

ပဋိယတ္တိ စာပေကျမ်းဂန်များ တတ်မြောက်ခဲ့သူတဦး မဟုတ်ကြောင်း ဝန်ခံပါသည်။

အမှန်ဝန်ခံရမည်ဆိုပါက နိုင်ငံကျော် စာရေးဆရာကြီး ပီမိုးနင်း၏ ၄-တန်းအောင်လျှင် စာရေးနိုင်သည်ဟူသော ဩဝါဒထုံးနှလုံးမူ၍ သမထကျင့်နည်း သမထ၏အကျိုး အကြောင်းများစာအုပ်ကို ရေးသားရခြင်းဖြစ်ပါသည်။ ကျွန်တော်သည် သမထ ဘာဝနာအားထုတ်ဆဲ၊ ကျင့်ဆဲ ပညာယူသည့် ကာလအတွင်း လက်တွေ့ကျင့်ကြံရသော အကြောင်းအချက်များပေါ်၌မှီငြမ်းပြုစုရေးသားရခြင်းဖြစ်ပါသည်။ ဤစာအုပ်မှာ ရေးသားရခြင်းမှာလည်း နားလည်ပြီး တတ်ပြီဟု မာနတံခွန်လွှင့်ထူပြီးရေးသားခြင်းမျိုးမဟုတ်ပေ။ သမထဘာဝနာကျင့်ကြံအားထုတ်ဆဲ ဖြတ်သန်းကျော်လွှားနေချိန်ဖြစ်ပါသည်။

သမထပညာပြည့်စုံသူများ လိုက်စားသူများ၊ လိုက်စားရန်အားပြုသူများ ကကျွန်တော့် ရေးသားချက်များကိုအပြုသဘောဖြင့် ၎င်းစာအုပ်နှင့်ပတ်သက်၍ အကြံပေးလိုသော ပုဂ္ဂိုလ်များဆွေးနွေးလိုသော ပုဂ္ဂိုလ်များအားလှိုက်လှဲစွာကြိုဆိုလျက်ရှိပါသည်။

ဤစာအုပ်တွင် ရေးသားသော အချက်အလက်များသည် မည်သည့်ပုဂ္ဂိုလ်များထိခိုက်နစ်နာစေရန် မရည်ညွှန်းပါ။ ကျွန်တော်သည် ကျော်လွှားဆဲ၊ဖြတ်သန်းဆဲ၊သမထပညာသင်ကြားနေချိန်တွင် တွေ့ကြုံခဲ့သောအချက်အလက်များကို စေတနာဗလဝဖြင့်စာဖတ်ပရိသတ်ထံသို့ တင်ပြအပ်ပါသည်။

(သမထ) ဦးအောင်မြတ်

အမှတ် ၅၄,၉၄-လမ်း၊ ကန်တော်ကလေး ရန်ကုန်မြို့။

## သမထပညာဟူသည်မှာ

သမာဓိဟူသည် စိတ်ကို အညီအညွတ် ဖရိုဖရဲ မကွဲမပြား စေအောင် ကောင်းစွာ ထားသော တရား(ဝါ)ကျင့်စဉ်။

သမ္မာ သမာဓိ။ ဖရိုဖရဲမကွဲမပြားစေအောင် ကောင်းစွာ ထားသော တရား စူးစိုက်ခြင်း၏ နောက်မှ ဖြစ်ပေါ်လာသော အာရုံများသည် (သမထ)ပညာပေတည်း။

သမထ - ဦးအောင်မြတ်

# (စိတ်) ဝါ သမထ၏ အကျိုးအကြောင်းများ

# ဆရာတော်ဘုရားနှင့်ကျနော်

ညဦးက အဆက်မပြတ် ရွာသွန်းခဲ့သော မိုးသည် သဲလိုက် ဖွဲလိုက်ဖြင့် မစဲနိုင်အောင်ရှိနေသည်။

အာရုံဦး၏ရောင်ခြည်ပေါ်လာမှ မိုးသီးမိုးပေါက် တို့သည် ပျောက်ကွယ်၍ သွားချေ၏။ ကောင်းကင်ပြင် တခုလုံး သည် မိုးရိပ်မိုးသားများကင်းရှင်းသောကြောင့် အပြာရောင်အသွင် ကိုဆောင်လျက်ရှိချေတကား။

နံနက်လင်းရန် အချိန်အနည်းငယ်လိုသေးသဖြင့် ပတ်ဝန်း ကျင် လမ်းတကာတွင် လူသူသွားလာမှု မရှိသေး သလောက် နည်းပါးလှသည်။ အချို့ဘတ်စ်ကားလိုင်းများသာ စတင် ပြေးဆွဲနေပြီဖြစ်၍ လမ်းမှာရှင်းလင်းလျက်ရှိသည်။

နေရောင်ခြည်သည် လောကဓာတ်တခုလုံးအား(ဖုံးလွှမ်းစ ပြုနေ၏။ အမှောင်ကိုခွင်း၍.... အလင်းရောင် ဖြန့်စပြုလေပြီ။

သည်နေ့....

ကျွန်တော်သည် ဆရာတော်ဘုရား ကျောင်းသို့ သွားရန် ဘတ်(စ်)ကား မှတ်တိုင်တွင် ရပ်လျက်ရှိနေ၏။ ၎င်း နောက် ကျွန်တော်စီးလိုသော ကားပေါ်တွင် အေးဆေး တည်ငြိမ်စွာ ထိုင်လျက်လိုက်ပါလာသည်၊ သွားရမည့် ခရီးက ဝေးလှသည်။

ကားတတန် ဆိုက်ကားတတန်ဖြင့် ထိုခရီးသို့သွားရအုံးမည်။

ခရီးသည်တင်ဘတ်(စ်)ကားသည် ဖြောင့်ဖြူးသော မဟာရာ ဇောင် ကတ္တရာလမ်းမကြီးပေါ်တွင် အရှိန်ပြင်းစွာ မောင်းနေ တော့သည်။

ကားမောင်းရှိန်ပြင်းလာတော့ ပတ်ဝန်းကျင်ရှိ အဆောက် အဦမျာနှင့် သစ်ပင်ကြီးငယ်များသည်တရိပ်ရိပ်ကျန် ရစ်ခဲ့၏။ သို့သော် အရှိန်ပြင်းသော်လည်း ဘတ်(စ)ကား မှတ်တိုင်တွင် ရပ်ရ၏။ ဆင်းသူရှိသကဲ့သို့ တက်သောခရီးသည်လည်း များ ပြားလှသည်၊ ကားရပ်ရမည့်မှတ်တိုင်များကို တတိုင်ပြီးတတိုင် ကျော်ဖြတ်ပြီးနောက်။

"ခရီးသည်အားလုံးဆင်းနိုင်ပြီ။ ရှေ့ဆက်မသွားတော့ဘူး။ နောက်ဆုံးဂိတ်ရောက်ပြီ"ဟု

စပါယ်ရာ၏အသံကြောင့် ငြိမ်သက်စွာ ထိုင်နေကြသော ခရီးသည်များသည်လှုပ်လှုပ်ရွရွဖြစ်ခါ ကားအရှိန်သတ်၍ ရပ် လိုက်သောအခါတွင် ကားပေါ်မှဆင်းသွားကြသည်။

မပြီးဆုံးသေးသောခရီးကိုဆက်ရအုံးမည်။ ဆိုက်ကားတစီး သည် ငမိုးရိပ်တံတားကိုဖြတ်၍ ခရီးသည်များဘက်သို့ နင်းလာ သည်ကိုတွေ့ရသည်၊ ထိုဆိုက်ကားသည် တဖြေးဖြေးနှင့်ကျနော့ နားသို့ ချဉ်းကပ်လာသောအခါ....

"ဗျို....ဆိုက်ကားဆရာ၊ကျောင်းကိုလိုက်ပို့မလား"ဟုသော ကျနော်၏မေးသံကြောင့် ဆိုက်ကားဆရာ၏ ပြတ်သား လွန်း သောအဖြေကိုကြားလိုက်ရသည်။

"မအားဘူး...."

....ဟူ၍ပြောဆိုသံကြောင့် နောက်ထပ်ဆိုက်ကားတစီးမျှော်ရပြန်သည်။ လမ်းလျှောက်၍သွားမည်ဆိုပါကခရီးကဝေးလွန်းလှသည်။ အနည်းဆုံးတနာရီနီးပါးခန့် လျှောက်ရမည်။ လမ်းလျှောက်ရမည်ဆိုခြင်းထက် ဆိုက် ကား စီး လို သော စိတ် က ဖြစ်ပေါ်နေပါသည်။

ဆိုက်ကားတစီးငှားလို့ရသည်။ ဆိုက်ကားပေါ်တွင် တဦးတည်းတည်ငြိမ်စွာ လိုက်ပါသွားသည်။ ကတ္တရာလမ်းမကြီးမှာ ညီညာပြောင့်ဖြူးနေသဖြင့် ဆိုက်ကားနင်းသူသည် ခွန် အား စိုက်၍နင်းတော့သည်။ ဆိုက်ကားနင်းသူ၏ ကိုယ် ကာ ယ မှာ ထွားကျိုင်းသန်မာ၏။ ဒါကြောင့် ဆိုက်ကား၏ အ ရှိန် က မသေး၊ အတော်ပင်ပန်းလှပေသည်၊ ကျနော်၏မကျေနပ်သော စိတ်နှင့်အတူ ကြောက်စိတ်များလည်း တဖွားဖွားပေါ်သာ၏။ အကြောင်းကမူ စီးလာသောကားသည်လည်း အရှိန် ပြင်းစွာ မောင်းနှင်၏။ ခုလည်း ဆိုက်ကားကအရှန်ပြင်းစွာ နင်းနေတော့ ကျနော်၏ကြောက်စိတ်များသည် ကနဦးက ဖြစ်ပေါ်နေခြင်းကြောင့် စိတ်ကို ကြာရှည်စွာမျိုသိပ်မရသော ကျနော့်အဖို့။

"ဆိုက်ကားဆရာဖြေးဖြေးနင်းပါ။တော်ကြာ ကားအောက်ရောက်နေပါအုံးမယ်"

အန္တရာယ် ဖြစ်နိုင်ကြောင်းကို ကျနော်က ပြောပြ သည်။ ကားနှစ်စီးရှောင်တိမ်းရန်သာလွတ်သော ကားလမ်း ဖြစ် သော ကြောင့် မတော်တဆ အန္တရာယ်ဆိုးနှင့် ကြုံတွေ့လိုက်ရယင်ဖြင့် မပြောကောင်းပေ၊ သတိဆိုသည်မှာပိုနေသည်မရှိ၊ အမြဲလိုအပ်လေသည်၊ ကျနော် ပြောလိုက်သော သ တိ ပေး စ ကား သံ

ကြောင့်....

"ဒီမှာဆရာ နှမ်းကောင်းဘုံနှင်းရတာမို့ ရှေ့ရောက်တော့ ဆရာက မြန်မြန်နှင်းပါဆိုတာတောင် ကျနော်မနှင်းနိုင်ဘူး။ အရှေ့မှာတွေ့မဲ့လမ်းရဲ့အခြေကိုသိရပါလိမ့်မယ်...."

သူပြောသည့်အတိုင်းတော့ဟုတ်ချေပြီ၊ လမ်းသည် ဖြောင့်ဖြူးညီညာမှုမရှိချေ။ လမ်းကွေ့ လမ်းကောက်များ နှင့် အတူ ဖုန့်များကလည်းရှိသေးသည်၊ လမ်းတဘက်တချက်တွင် လယ်ကွက်များရှိသည်၊ ကျနော်သည် မျက်စေ့အဆုံး မှုံပြပြ သဲသဲကွဲကွဲ မမြင်နိုင်သော်လည်း လယ်ကွက်တွေက မဆုံးသေးချေ။ လယ်ကွက်များတွင် မိုးရေများကပြည့်လျှံနေ၏။

ကောင်းကင်၏အပြာရောင်သည် လယ်ကွင်းသဲရှိ ရေပြင်ဝယ် အရိပ်ထင်နေ၏။ ရေသည် မှန်သားကဲ့သို့ ထိုးဖေါက်မြင်ရအောင် ကြည်ကြည်လင်လင်ရှိ၏။ ငါးသူငယ် ဖမ်းဆီးရန် အလို့ငှာ လယ်ကွက်ဆီသို့ ဗျိုင်းတအုပ်သည် ရှေးရှုလာပြီးနောက် အုပ်စုဖွဲ့၍ခဘော်ရင်း၊ တကောင်တည်းသောငါးများကိုရှာဖွေဖမ်းကြသည်။ လယ်ကွင်းပြင် ရေအပေါ်လွှာမှတသွင်သွင်ရှပ်၍တိုက်ခိုက်နေသော လေပြေနုကလေးများက မြူးတူးစွာ ကျနော်၏တကိုယ်လုံးကို ရစ်သိုင်းလိုက်၏။ လေအေးများ ထိတွေ့ခံစားရသော ကျနော်အဖို့ စိတ်ဓါတ်များ ရွှင်မြူးလာတော့သည်။

သဘာဝအလှတို့ကို ငေးမောကြည့်ရှုရသော အခါ တွင် မြို့တွင်း၌နေ့စဉ်တွေ့ကြုံရသော အတွေ့အကြုံများသည် သည်းငွေ့စပြုမိသည်။

အကြောင်းကဤသို့....

မြို့တွင်း၌နေထိုင်မှုသည် ကြပ်တည်း၏။ လူသွားလူလာများသည်။ တနေရာမှတနေရာသို့သွားလင့် လူများကို ရှောင်တိမ်းရသည်က အလုပ်တလုပ်၊ ကားတွေ ရှောင်တိမ်းရသည်မှာလည်း ကျီးကန်းတောင်းမှောက် သကဲ့သို့ မျက်လုံးအစုံက အလုပ်များလှ၏။ သွားလာမှုသည် နှေးကွေးလှို့မရ၊ သွားသုတ်သုတ်၊စားသုတ်သုတ်ဆိုသကဲ့သို့ တိုးဝှေ့၍စီးရသည်၊ လိုရာခရီးသို့ရောက်အောင်သာဦးတည်၍ ပတ်ဝန်းကျင်၏ ဖြစ်မှုပျက်မှုများကို ဂရုစိုက်မကြည့်နိုင်ပေ၊ နေ့စဉ်ရှူရှိုက်ရသော လေများမှာလည်း မသန့်ရှင်းသောလေကို အပြည့်အဝ ရှူရှိုက် ရ၏။ သဘာဝ၏ အလှအပနှင့် လေကောင်းလေသန့်များက ဤနေရာတွင်မရှိတော့ နကိုသဘာဝအလှကို ငေးမောကြည့်ရှုနေရင်းဆိုက်ကားပေါ်တွင် ငြိမ်အေးစွာလိုက်ပါခဲ့လေသည်။

ဆရာတော်ဘုရား၏ ကျောင်းပရဝုတ်အတွင်းသို့ရောက်လင့်၊ စေ့ဦးစွာအိပ်ရာမှထ၍လာခဲ့ရသော ကျွန်ုပ်မှာ င ါ့ဝမ်းပူစာမနေသာဆိုသည့် မြွေသားပမာ ဝမ်းတွင်းထဲသို့ အစာဖြည့်တင်းလိုလာတော့သည်၊ ဒါကြောင့် ကျောင်းတွင်း၌ ရှိသော လဘက်ရည်ဆိုင်သို့ ဝင်လိုက်ပါသည်။ ဗိုက်ကိုဖြည့်ပြီးမှ ဆရာတော်ဘုရားအားဖူးမျှော်ရန် စိတ်ဆုံးဖြတ်လိုက်ပါသည်။

ရေပတ်လည်စိုင်းရံလျက်ရှိသော ကုန်းမြေကို "ကျွန်း" ဟုခေါ်ပါသည်ဆိုသောပထဝီအရ ဆရာတော်ဘုရား၏ ကျောင်းမြေသည်လည်း ရေပတ်လည်စိုင်းရံလျက် ရှိချေ၏။ င မိုး ရိပ်

ချောင်းမှဖျာထွက်လာသော ချောင်းကလေးများက ပိုင်းရံထားလေသည်။

ကျနော်သည် ကျောင်းပုရဝုဏ်ထဲသို့ရောက်လင့်၊ လေ့ပြေကလေးသုတ်သွေးလိုက်တိုင်း ယောက်ကော်ကျွန်း ပေါ်တွင်ကိန်းဝပ်စံပါယ်တော်မူသော (စကြာရန်အောင် မြင့်မိုရ်တောင်စေတီတော်)ဆီမှ ဆည်းလည်းသံတချွင်ချွင်များက လာရောက်ကြသော ဘုရားဖူးသူများ၏ စိတ်ကိုကြည်နူးစေ၏။ထို့ကြောင့် ၎င်းစေတီတော်ကြီး၏ သမိုင်းကဏ္ဍက ဤသို့ဖြစ်ပေသည်။

ရန်ကုန်မြို့အဝင် ငမိုးရိပ်တံတားမှ သည် အရှေ့အရပ်ဆီသို့ မျှော်ရှုလိုက်လျှင် ဝိုက်ဆီးကာကွယ်၊ လွမ်းစဖွယ်ရင်ဆို့၊ညို့ညို့မှိုင်းမှိုင်း၊ ရှုတိုင်းသာယာသော မြေနေရာကိုတွေ့ရမည်။ ယင်းမြေနေရာကား.... သာသနာ့ရေစီးကြောင်း သောင်ထွန်းရာ "ယောက်ကော်ကျွန်းမြတ်"ဖြစ်လေသည်။

ဗုဒ္ဓသာသနာတော်မြတ်သည် အိန္ဒိယ မြောက်ပိုင်း နီပေါပြည်မှသည် တိဘက်၊ တရုတ်၊ ကိုရီးယား၊ ဗီယက်နမ်၊ ဂျပန်စသော အရှေ့ဘက်ဆီသို့ ဘာသာရေး ရေစီးကြောင်းအဟုန်ဖြင့် စီးဆင်းလာခဲ့သည်။ ထိုဗုဒ္ဓဘာသာကို"မြောက်ပိုင်းမဟာယာနဂိုဏ်း"ဟုဆိုသည်။

အိန္ဒိယပြည်တောင်ပိုင်းမှ ဘာသာရေး ရေစီးကြောင်းကား၊ သီဟိုဠ်၊မြန်မာပြည်၊ယိုးဒယားစသော အရှေ့တောင်ပိုင်းဆီသို့ စီးဆင်းလာခဲ့သည်။ ထိုဗုဒ္ဓဘာသာကို"တောင်ပိုင်း ဟီနယာနဂိုဏ်း"ဟု ခေါ်ဆိုသည်။

မြန်မာပြည်သို့ စီးဆင်းလာသောဘာသာရေးရေစီးကြောင်းသည် ကောက္ကသံ ဘုရား၊ ဂေါဏာဂုဏ်ဘုရား၊ ကဿပဘုရား၊ သုံးဆူတို့၏ ဓါတ်တော်နှင့်တကွ ဂေါတမဘုရား သက်တော်ထင်ရှားရှိစဉ်က ပေးသနားတော်မူလိုက်သည့် ဆံတော်ရှစ်ဆူ အပါအဝင် ဘုရားလေးဆူတို့၏ ဓါတ်တော်များကို ဌာပနာ၍ တည်ထားသည့်လေးဆူဓါတ်ပုံ ရွှေတိဂုံ ဆံတော်ရှင် ဘုရားကြီးတွင် ထွန်းလင်းပေါ်ထွက် သာသနာရောင်ခြည်စက်သို့ ထိန်ထိန်လက်စေသည်။

တော ခုနစ်ဆိုင်၊ အိုင် ခုနစ်ထပ်၊ ဆယ့်နှစ်ပတ်ရေသီတာ ရစ်ခွေစီးဆင်းနေသည်မှာ သာမောလှပေ၏။ ငါးရာမြစ်ငယ်၊ ငါးသွယ်မြစ်ကြီး၊ ရံကာဆီးနေသော တောကြီး ဂန္ဓာဘွော၏ ဗဟိုချက်ချာတွင် အမြင့်ငါးယူဇနာချင့်ဆောင်၊ ကုန်းအခေါင်ဝယ်၊ သုံးထောင်ပြောကျယ်၊ မြိုင်လယ်ဘုံဇွောင်း၌ ငွေဆီးနှင်းတို့ ထွေထွေကျဆင်နေသည်။

ရှစ်သောင်းလေးထောင်၊ တောင်မကိုဋ္ဌ်နှင့် တိုက်ကြငှန်းမြေမှာ၊ ဇမ္ဗူလုံး ကျက်သရေရှိလှပေသော ဟိမဝန္တာတောင်သည် သူတော်စင်တို့ စံပျော်ရာ ဌာနဖြစ်ချေသည်။

ဟိမဝန္တာတောင်မှာ ယူဇနာ သုံးထောင်ကျယ်၏။ ဆီးနှင်း အမြဲကျနေသည်။ အမြင့်ယူဇနာ ငါးရာရှိသည်။ တောင်ထွတ်ပေါင်း ရှစ်သောင်းလေးထောင်ရှိသည်။ ဂန္ဓမာဒနတောင်၊ စိတြတောင်၊ ကာလတောင်၊ ကေလာသတောင်၊ ဝေပုလ္လတောင်

F 2

စသော တောင်ထွတ်ကြီးငါးခုသည် အနောတတ်အိုင်ကို ခြံရံ တည်ရှိနေသည်။

၁။ ဂန္ဓမာဒနတောင် ပစ္စေကဗုဒ္ဓများနေရန် ဖလ်ဂူ၊ ရွှေဂူ၊ ငွေဂူ၊ ကျောက်ဂူများရှိ၏။

၂။ စိတြတောင်၌ ရတနာမျိုးစုံရှိသည်။

၃။ ကာလတောင်၌ ဣန္ဒနီလာ၊ ပတ္တမြားတို့ရှိသည်။

၄။ ကေလာသတောင်၌ ငွေ၊ ဘော်တို့ရှိသည်။

၅။ ဝေပုလ္လတောင်၌ ပတ္တမြားမျိုးစုံရှိသည်။

အတောင် ခြောက်ဆယ်ခန့် မြင့်သော တံခွန်တိုင်ထိပ်တွင် တင်ထားပါက တယူဇနာ အတွင်းနေ အရုဏ်တက်ဘိသကဲ့သို့ ထွန်းလင်းစေနိုင်သော စကြာမင်းတို့၏ ပတ္တမြား ရတနာသည် ထိုဝေပုလ္လတောင်မှထွက်သည်။

ထိုတောင်ထိတ် ငါးလုံးအတွင်း၌တည်ရှိသော အနောတတ် အိုင်မှာ ဘယ်သောအခါမှ နေပျောက်မထိုးပေ။ အမြဲထာဝရ ရေကြည်လင်လျက် ချမ်းမြေ့ကြည်မောဘွယ်ကောင်းစေသည်။ တန်ခိုးကြီးသောဘီလူး၊ နဂါး၊ ဂဠုန်၊ ဝိဇ္ဇာဓိုရ်နှင့်နတ်အပေါင်းတို့ ရေသုံးသပ်ကြသောအိုင်ကြီးလည်းဖြစ်သည်။ ဘုရားပစ္စေကဗုဒ္ဓ ရဟန္တာ ဈာန်ပျံ ရသေ့များ ရေသုံးသပ်ရာလည်း ဖြစ်သည် ရဋ္ဌကာရအိုင်နားတွင် နတ်သမီးများ နေထိုင်ကြသောရွှေဗိမာန် ကြီးများရှိသည်။အာဗမ္ဘတ္တရသရက်ဥယျာဉ်တွင်ရှက်အိုးလောက် ရှိ သရက်သီးများဖြင့် ပြည့်နှက်နေသည်။

ဆဒ္ဒါန်အိုင်၌ ဆဒ္ဒါန်ဆင်မင်းမျိုးတူးပျော်ပါးစွာနေထိုင်ကြ သည်။ ဆဒ္ဒါန်ဆင်မင်းတို့သည် ကိုယ်လုံးမှာ ဆွတ်ဆွတ်ဖြူ၏

ကောင်းကင်သို့ ပျံသန်းနိုင်ကြသည်။ တမနက်အတွင်း ယောဇနာ (၁၆)တိုင်းကို အကုန်ပတ်မိအောင် လှည့်လည်နိုင်သည်။

ဆဒ္ဒါန်ဆင်မင်းအပြင် မြင်းပျံများ ခြင်္သေ့များ ကိန္နရီ ဖိုမ လေးမျိုး သူယောင်သီးများ၊ ဝိဇ္ဇာဓိုရ်များ၊ ဂဠုန်၊ နဂါးများ နေထိုင်ကြသည်။ ထိုတောသည် သမင်ပျံများနှင့်အမျိုးမျိုးသော ထူးဆန်းလှပသည့်တောတိရစ္ဆာန်များ နေထိုင် ခိုမှီးကြသည်။

ထိုဟိမဝန္တာတောင်၏အဆုံး ကိုးဆယ့်ကိုးကုန်းတို့၏ အညွန့် အထိပ်တွင် ရွှေကြည်ပင် ဖုံးလျက်ရှိသော ကုန်းတခုရှိသည်။ ထိုကုန်းကား သိင်္ဂုတ္တရကုန်းခေါ်သည်။

ယင်းသို့သိင်္ဂုတ္တရကုန်းဟု ခေါ်ရခြင်းကား အကြောင်းရှိပေသည်။ ကမ္ဘာဦးအခါသမယက သမုဒ္ဒရာအတွင်း၌ ရွှေငါးကြင်းမကြီးတကောင်ရှိသည်။ တနေ့တွင်အလွန်ကြီးမားသော သိန်းငှက်ကြီးတကောင်က သမုဒ္ဒရာမှရွှေငါးကြင်းမကြီးကို သုတ်ယူခဲ့သည်။ ဟိမဝန္တာတောင်၏အဆုံးကိုးဆယ့်ကိုးကုန်းတို့၏ အညွန့် အထိပ်တွင် ရွှေကြည်ပင် ဖုံးလျက်ရှိသော ကုန်းသို့ ရောက်လျှင် ကုတ်ချီမရလွှတ်ကျလေသည်။ အကြိမ်ကြိမ်ကြိုးစား၍ ကုတ်ယူသော်လည်း မရသဖြင့် ထိုရွှေကြည်ပင်အောက်၌စားသောက်၍ အရိုးကို ချန်ထားပြီး ပျံသွား၏။

ထိုသို့ ရွှေငါးကြင်းမကြီးကို သိန်းကုတ်မရသော ကုန်းဖြစ်၍ "သိန်းကုတ်မရကုန်း"ဟု တွင်သည်။ နောက်သော် သိင်္ဂုတ္တရကုန်းဟု ခေါ်တွင်လာသည်။

မှတ်ချက်။ ။စစ်ကဲတော်မင်း ဦးရွှေနော်က မွန်ဘာသာမှ ပြန်သော ရွှေတိဂုံ သမိုင်းတွင် "သိန်းကုဘ်မယ်ရကုန်း" ဟု ဆိုသည်။

ထိုကုန်းကို မြင်လျှင် ရဲရင့်ခြင်းနှင့် ပြည့်စုံ သောကြောင့် "သီဟရာဇာ" ဟုတွင်၏။ ထိုကုန်းကိုရောက်လာသော သတ္တဝါတို့သည် ရန်သူပင်ဖြစ်သော်လည်း ရန်မီးငြိမ်းစေတတ်သောကြောင့် "ဘူရိဒတ်" ဟု တွင်သည်။ သည်ကုန်း အမည်တော် ခုနစ်ပါးရှိသည်။ ၎င်းတို့နှင့်ပတ်သက်၍ ရွှေတိဂုံသမိုင်းငယ်ဧ ပိုဒ်တွင် "သိင်္ဂုတ္တရကုန်း နေသညာ၊ အမည်မှာမူ၊ သတ္တာဘမ္မ၊ ဘူရိဒတ္တ၊ ပေါက္ခရဝတီ၊ သီဟရာဇာ၊ တမ္ဗာကုတ္တ၊ တိဂုမ္ဘ-ဟု၊ သတ္တနာမံ" ဟု ဖော်ပြထားသည်။

ထိုသိင်္ဂုတ္တရကုန်းနှင့် ကုန်း အသီးသီး တို့တွင် နေကြသော ဈာန် အဘိညာဉ်ရ ရသေ့တကျိပ်ရှိသည်။ ထိုရသေ့များမှာ ရာဂ၊ သီရိ၊ ဒတ္တ၊ သိရိန္ဒ၊ ဒန္တ၊ အာမခ၊ ဇောက၊ ကောသ၊ အမတ၊ သီဒန္တတို့ဖြစ်သည်။

ထိုရသေ့တို့သည်တကုန်းလျှင်တယောက်ကျနေ၍အကြောင်းရှိလျှင် မီးမမြင်သည်ကို သိရအံ့ဟု ကတိကဝတ် ထားလျက်နေကြသည်။

တနေ့ ရာဂ အမည်ရှိသော ရသေ့ကြီး နာမကျန်းဖြစ်၍ မီးမပြနိုင်လျှင် အခြားရသေ့တို့ လာရောက်ပြီး ပြုစုကြသည်။ သို့သော် ရောဂါကျွမ်း၍ စုတိစိတ်ကျလေသည်။

ထိုရာဂ အမည်ရှိ ရသေ့ကြီးသည် ထီးနန်း စည်းစိမ်ကို

တောင့်တမြော်လင့်လျက် ကတိများပြီး စျာန်မှလျှော၍ စုတိစိတ်ကျခြင်းကြောင့် ဗာရာဏသီပြည်တွင် ဘုရင်ဖြစ်လာ၏။

ထိုမင်းသည် ဦးခေါင်းခဲ ရောဂါ ကြာရှည်စွာ စွဲကပ်နေသဖြင့် စိတ်မချမ်းမြေ့ ဖြစ်နေရသည်။ သမား ဟူးရား တို့နှင့် ကုသသော်လည်း မရသဖြင့် ဗိလိနတ်စာချ၍ နတ်များကို မေးသည်။ "သိင်္ဂုတ္တရ ကုန်း၌ရှိသော ရသေ့များကို သွားရောက်ကန်တော့လျှင် ပျောက်ကင်းမည်" ဟု အိပ်မက်ရသဖြင့် သင်္ဘော (၇) စင်းတွင် နံ့သာတုံးများ တင်၍ သိင်္ဂုတ္တရ ကုန်းတော်ရှိ ရသေ့များထံသို့ သွားရောက်ပြီး ကန်တော့သည်။ သိင်္ဂုတ္တရကုန်းတော်ရှိ ရသေ့များက "သင်္ဘောပေါ်တွင်တင်ဆောင်လာသော နံ့သာတုံးတို့ဖြင့် သွေးပြီးလိမ်းကျံလျှင် ပျောက်အံ့" ဟု အမိန့်ချ၍ ပြုလုပ်ရာ ပျောက်ကင်းလေသည်။

ဤသည်ကား ဘဒ္ဒကမ္ဘာ သမိုင်းဦး‌အစကောက္ကသံ ဘုရားလက်ထက်တော်အခါက အဖြစ်တည်း။

* * *

အသင်္ချေ များစွာသော နှစ်တို့ကုန်ဆုံးခဲ့ပြီးနောက်၊ သည်သိင်္ဂုတ္တရ ကုန်းတော်တွင် ထူးခြားချက်တရပ် ကြုံရန်အကြောင်းဖြစ်ပေါ်လာပြန်၏။

ဂေါတမ မြတ်စွာဘုရား အလောင်းတော်သည် နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်တော် မူပြီးနောက်၊ ကာယဂတာသတိဘာဝနာကို ကောင်းစွာစီးဖြန်းတော်မူသည်။ ထို့နောက်သုဇာတာ်ယမြက်ထမ်းယောကျ်ားလှူသော မြက်ရှစ်ဆုပ်ကို ခံယူတော်မူပြီး မဟာဗောဓိပင်အနီး၌ အမြက်ရှစ်ဆုပ်ကို အဖျားကကိုင်၍ ကြဲဖြန့်တော် မူရာ တဆယ့် လေးတောင် အပြန့် ကျယ်သော အပ္ပရာဇိတ ပလ္လင် ပေါ်ပေါက်လာသည်။ ထိုပလ္လင် ထက်တွင် ထက်ဝယ်ဖွဲ့ခွေနေတော်မူကာအာနာပါနကမ္မဋ္ဌာန်းကိုဝင်စား၍ "ဘုရားမဖြစ်လျှင် မထပြီ"ဟု စတုရင်္ဂ ဝိရိယဖြင့် နေတော်မူသည်။

ထိုစဉ် ဝဿဝတီဘုံစံ မာရ်နတ်သားသည် စစ်သည် ဗိုလ်ပါအလုံးအရင်းနှင့်တကွ လက်ရုံးပေါင်းတထောင် ဖန်ဆင်းလျက်လာရောက်တိုက်ဖျက်သည်။ ဘုရားအလောင်းသည် ပါရမီတော်အဟုန်ဖြင့် နေမဝင်ခင် အောင်မြင်တော်မူသည်။ ညဦးယံတွင်ပုဗ္ဗေနိဝါသ ဉာဏ်တော်ကိုရင်း၊ သန်းခေါင်းယံ အချိန်တွင်ဒိဗ္ဗစက္ခု ဉာဏ်တော်ကိုရင်း၊အာရုဏ်တက်တွင် သဗ္ဗညုတဉာဏ်တော်ကိုရင်း၍ သက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အကုန် နေအရုဏ်တက်၊ စန်းနှင့်ဝိသာခါအကြိုက်တွင် လောကသုံးပါး၏ အထွဋ်အထိပ် ဘဝိဿရအဖြစ်သို့ ရောက်တော်မူကာ

"အနေကဇာတိရံ"စသော ဥဒါန်းကို ကျူးတော်မူသည်။

ထို့နောက် သတ္တဌာန သီတင်း သုံးတော်မူပြီး အဆုံး၌ ရာဇာယတန လင်းလွန်းပင် အောက်တွင် သီတင်းသုံးနေတော်မူစဉ် ဥက္ကလာပမြို့နယ် အသိကဥ္စန မြို့သား တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့ ရောက်လာပြီး။ သက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလဆန်း ၅ ရက်နေ့၌ ဆံတော်မြတ်ရှစ်ဆူကို ပေးသနားတော်မူလိုက်သည်။

ထိုအချိန်က မယ်လမု၏ သားသည် ဥက္ကလာပဟူသော ဘွဲ့အမည်နှင့် တရိဟကုမ္ဘဌာန မွန်လူမျိုးတို့နေရာ အရပ်တွင် မြို့ပြ ထီးနန်း၊ကျုံးမြောင်း၊ ရင်တား၊တံခါး စသည်တို့ဖြင့်မြို့အင်္ဂါနှင့် အညီ ဖန်ဆင်းပြုပြင်၍ မင်းအဖြစ် စံတော်မူသည်။

သိင်္ဂုတ္တရကုန်း၏ အရှေ့ အရပ်က ရမ္မဝတီ မြို့နှင့် ဒိတိုး သရက်ချောင်းရှိ၏။ တောင်အရပ်က ပေါက္ခရဝတီ၊ နောက် ဓညဝတီနှင့် ပုဇွန်တောင်ချောင်း ရှိသည်။ အနောက်အရပ်က အသိတဥ္စန၊ နောက် အသိပစ္စာမြို့၊ အသိတညနဂိုနှင့် အသိစန္ဒန ချောင်းရှိသည်။မြောက်အရပ်က တရိဟကုမ္ဘ၊ တြိကုမ္ဘ၊ဥက္ကလာပ မြို့ ရှိသည်။

မှတ်ချက်။ ။မြို့အမည်များ အမျိုးမျိုး ပြောင်းလဲခဲ့သည်။

X X X

ဥက္ကလာပမင်းသည် အလွန်ဘုန်းတန်ခိုးကြီးသဖြင့် ၊မွန်တိုင်း အလုံးတွင် စိုးစံနိုင်ခဲ့သည်။

ဥက္ကလာပမင်း၏ကျေးဇူးတော်ခံပေါက္ခရဝတီ၊အသိဉ္စနမြို့နေ သူဝဏ္ဏ သူဌေးကြီး၏သား တဖုဿ၊ ဘလ္လိကညီနောင်တို့သည် မဇ္ဈိမဒေသသို့ သင်္ဘောဖြင့်ကုန်ရောင်းသွားရာမှ မြတ်စွာဘုရား သခင်ကိုဖူးမြင်ရပြီး ပေးသနားတော်မူလိုက်သော ဆံတော်မြတ် ရှစ်ဆူကို မင်းကြီးအားဆက်သသည်။

ဥက္ကလာပ မင်းကြီးက "အဘယ်သို့သော ဗျာဒိတ်စကား မိန့်ကြားတော် မူလိုက် သနည်း"ဟု ဆံတော် ပင့်လာသော ညီနောင်ကို မေးသည်။

"ဆံတော်မြတ်တို့ကို သင်တို့ဥက္ကလာပနယ်တွင်ရှိ ဥက္ကလာပ မင်းကြီးအားအကြောင်းပြုပြီး သိင်္ဂုတ္တရကုန်းတွင် ရှေးလွန်လေ ပြီးသောအခါ ငါ၏နောင်တော်များဖြစ်ကြကုန်သောဘုရားရှင် တို့၏တောင်ဝှေးတော်၊ ခမ္မကရိတ်၊ ရေသနုပ်တော်တို့ တည်ရာ ဌာနတွင် ငါ၏ဆံတော်ကို ဌာပနာ၍ စေတီတော် တည်ပြီး ကိုးကွယ်ပူဇော်ကြလော့၊ ထိုသို့ကိုးကွယ်ပူဇော်ကြသော သူတို့ သည် ဘုရားလေးဆူနှင့်ကိုယ်တိုင်ကိုယ်ကျတွေ့မြင်ဖူးမျှော်ခွင့်ရဘိ သကဲ့သို့ တရားအမြိုက်ရ၍ ဒါန၊ သီလ၊ ဘာဝနာ ပွားခြင်းဖြင့် လူ့,နတ်,နိဗ္ဗာန်သုံးတန်သော ချမ်းသာကို ရလတ္တံ့"ဟုဗျာဒိတ် တော်မြတ်ပေးသနားကြောင်း ညီနောင်တို့က ပြန်လျှောက်ထား သည်။

သို့ဖြင့် သိင်္ဂုတ္တရကုန်းတော် အလည်တည့်တည့် ရွှေကြည်ပင် ဘည်ရာတွင်ဥမင်တိုက်တူးကြည့်ကြသည်၊ဥမင်အစောက်(၄၀၄)

တောင်၊ အလျား(၄၄)တောင်စီ တူးသောအခါ ရှေးဘုရားရှင်တို့၏ ဓမ္မကရိုဏ်းတော်၊ ရေသနုပ်တော်၊ တောင်ဝှေးတော်၊ ကျောက်ဖျာတော်ရသည်။

ထို့နောက် ဌာပနာတိုက်နံရံငါးမျက်နှာ၌ မြောက်ကနီဖြောဓကျောက်ဖျာ၊ အရှေ့က လောဟိတကျောက်ဖျာ၊ တောင်က ခမ္ဘရံကျောက်ဖျာ၊ အနောက်က မြကျောက်ဖျာ၊ အောက်က ငွေကျောက်ဖျာအားဖြင့် ကျောက်ဖျာငါးခု ခင်းကာပြီးလျှင် အဝသုံးတောင်၊ အလျား ခုနှစ်တောင်ရှိသော ရွှေသင်္ဘောကို လုပ်သည်။ ထိုသင်္ဘောထက်တွင် မြပုခက်ကိုတင်၍ တဖုဿ၊ ဘလ္လိက ညီနောင်နှစ်ယောက်တို့၏ကိုယ်စား ရွှေရုပ်ကိုလုပ်ပြီး မြပုခက်ကို ဦးပဲ့ထမ်းစေသည်။

မြပုခက်၌ပတ္တမြားကြုပ်တွင် ဆံတော်ကိုထည့်၍ ထိုပတ္တမြားကြုပ်ကို ဇမ္ဗူရာဇ်ရွှေကြုပ်ဖြင့် သွင်းထားသည်။ ရှေးဘုရားတို့၏ ဓမ္မကရိုဏ်းတော်၊ ရေသနုပ်တော်၊ တောင်ဝှေးတော် တို့ကိုလည်း ပတ္တမြားဖြင့်ပြီးသော ကလာပ်၌ဘင်၍ ရွှေသင်္ဘောထက်တွင် ထားသည်။

ထိုသင်္ဘောကိုလည်း ဌာပနာတိုက်၌ရေသွင်း၍ ရေအလျင်တွင် မျောနေစေပြီး ဌာပနာတိုက် နံရံပတ်လည်တွင် ဗြဟ္မာမင်း၊ သိကြားမင်းနှင့် ဘုရားလေးဆူ၊ ဥက္ကလာပမင်း၊ မိဖုရား၊ သုဝဏ္ဏ သူဌေးသမီးခင်ပွန်းတို့၏ ပုံသဏ္ဌာန် ရွှေရုပ်တို့ကို ပြုလုပ်ကာ ရွှေတံခွန်၊ ငွေတံခွန်၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ စိန်ပန်းခိုင်၊ ပတ္တမြားပန်းခိုင်တို့ကို ကိုင်လျက် ရှိခိုးပူဇော်ဟန် ပြုလုပ်ထားသည်။

ဆံတော်မြတ်နှင့်တကွ ရေသနုပ်တော်၊ ဓမ္မကရိုဏ်းတော်၊ တောင်ဝှေးတော်တို့ကို မဟာသက္ကရာဇ် ၁၀၃-ခုနှစ် တပေါင်းလပြည့်နေ့တွင် ဌာပနာတိုက်သွင်းပြီး အထွက်အဝင် ကျောက်ဖျာပိတ်၍အထက်ကျောက်ဖျာထက်၌ရွှေစေတီ၊ ရင်းကိုငွေစေတီ၊ နောက်ကြေးဖြူစေတီ၊ ကြေးနီစေတီ၊ သံလွဲစေတီ၊ ကျောက်ဖြူစေတီ၊ သံအုပ်စေတီ စသည်ဖြင့် အထပ်ထပ်မိုးပြီးမှ ရွှေအုပ်၊ ငွေအုပ်၊ မိုးကြိုးအုပ်၊ ကြေးဖြူအုပ်၊ ကြေးနီအုပ်၊ သံလွဲစင်အုပ်၊ ကျောက်ဆူးအုပ်၊ သံအုပ်၊ ကျောက်ဖြူအုပ်တို့ဖြင့်လုပ်ပြီး ဘိနပ်တော်မှ ငှက်ပြောဖူးထိပ်ရောက်ရတနာအမျိုးမျိုးတို့ မွမ်းမံလျက် ဥဏ်တော်(၄၄)တောင်အမြင့်တည်သည့် တိဂုမ္ဘာစေတီတော်ဟု သမုတ်ပြီး ယခု ရွှေတိဂုံစေတီတော်ဟု ထင်ရှားသည်။

ဥက္ကလာပမင်းကြီးနောက် သားတော်၊မြေးတော်၊မြစ်တော်၊ ၁၂ဆက်သော မင်းတို့သည် ထိုစေတီတော်မြတ်ကို ကိုးခွဲ ပြုပြင်ဆင် စောင့်ရှောက်၍ အစဉ်တစိုက်ပူဇော်လာခဲ့ကြသည်။

ရှစ်သောင်းလေးထောင် တောင်မကိုဋ္ဌ်နှင့်တိုက်ကြငှာန်း မြေမှာဇမ္ဗူလုံးကျက်သရေရှိလှပေသော ဟိမဝန္တာတောင်တွင် မြတ်သောအကျင့်ကိုကျင့်ကြံ၍ စံပျော်နေသော ရသေ့ကြီး ဦးပတိသသည် သမာပတ်စျာန်အားဖြင့် ဗုဒ္ဓသာသနာတော်မြတ် ထွန်းရာ ဒေသသို့ ကြွတော်မူသည်။

ယင်းသို့ ကြွရာတွင် ထူးမြတ်သော သိင်္ဂုတ္တရ ကုန်းတော်၏ အရှေ့မြောက်ယွန်းယွန်း (ယခု တိုးကြောင်ကလေးရွာ) နေရာအနီးတွင် ပတ္တမြားရောင် လှက်နေသည်ကိုတွေ့ရသည်။ ဤနေရာကား ဗုဒ္ဓသာသနာ ရောင်ဝါထွန်းလာရာတည်း။ ဤဒေသကား

သူတော်စင်တို့ တရားရိပ်မြုံ ခိုလှုံရာတည်း။ ရန်တကာကိုအောင်စေနိုင်သော ဘုမ္မိနက်သန် အောင်မြေမှန်တည်းဟု ဉာဏ်စဉ်တွင် ထင်လင်းမြင်ရောင်လာသည်။

ရသေ့ကြီး ဦးပတိဿသည် သာသနာပြုရန် အဓိဋ္ဌာန်ဝင်တော်မူနေစဉ် ထိုအရပ် တခွင်တပြင်လုံး ပတ္တမြား ရောင်စက်ထိန်ထိန်လက်နေသည်ကိုတွေ့ရ၍ ထိုကျွန်းကို မဏိဇောတကျွန်းဟု အမည်တွင်လာသည်။

မဏိဇောတကျွန်းမှာ ပတ္တမြားရောင်တောက်နေသလို ကျွန်းပတ်လည်တွင် စိမ်းလန်းစိုပြေလျက် သားရဲအပေါင်း အပူအပင်မြူမထင်ဘဲ ဘေးရန်ကင်းစင်စွာဖြင့် ချမ်းချမ်းမြေ့မြေ့ ပျော်မွေ့နေထိုင်ကြသည်။ ထိုနေရာသို့ ရောက်လာသမျှသော လူတို့မှာလည်း ပရိဒေဝမီးအဖြာဖြာတို့ အေးငြိမ်းကုန်ဘိသည့်အလားကိုယ်စိတ်နှစ်ဖြာ သုခကို ခံစားကြရသည်။ မြေဆီမြေနှစ်ကလည်းသူမတူအောင် ကောင်းမွန်၍ လုပ်ခင်းဆောင်တာ အောင်မြင်လာကြကာ စီးပွားရေး ဆုတ်ယုတ် ပျက်စီးခြင်းမရှိ၊ ထိုမြေကိုခိုလှုံရသူ သတ္တဝါအပေါင်းတို့ လဆန်း ပက္ခလို တနေ့တခြားတိုးပွားစည်ပင်လာစေသည်။

ရသေ့ကြီးဦးပတိဿသည် အနီးတွင် ကပ္ပိယတဦးသာထား၍ တရားဘာဝနာ မပြတ်ပွားလျက် ပါလာသော ဓာတ်တော်မွေတော်တို့ကို စေတီဘည်ရန်သာ အာရုံစိုက်နေသည်။

အထက်က ဆိုခဲ့သည့်အတိုင်း သောဏမထေရ်၊ ဥတ္တရမထေရ်တို့သည် သာသနာ ၂၃၅-ခုနှစ် တန်ဆောင်မုန်းလ၌ သုဝဏ္ဏဘူမိသို့ကြွလာ၍ သာသနာပြုသည့် အချိန်တွင် သထုံ၌ စူဠသီရိ

မာသောကမင်း အုပ်စိုးနေသည်။ သံလျင်ကျွန်းတွင် သောဂ သေနမင်း အုပ်စိုးနေသည်။ ပါဒမြို့တွင် တတ္တနာဂမင်း အုပ်စိုး နေသည်။ ထိုအချိန်က ကံသာဝတီ၊သံလျင်၊ ပါဒမြို့အပါအဝင် ရာမညတိုင်း သုံးရပ်၌ သာသနာတော်သည် ဒီရေတက်သကဲ့သို့ တိုးတက်ထွန်းကား စည်ကားပြန့်ပွားနေသည်။

ထိုအချိန် မွန်ဘုရင်တို့သည် မြို့တမြို့လျှင် ဘုရင်တပါးကျ အုပ်စိုးနေရာ သူတလူ ငါတမင်းနှင့် အင်အား စုစည်း မိတိုင်း အချင်းချင်းစစ်ခင်းနေကြသောအချိန်ဖြစ်သည်။ အချို့မင်းများ ကလည်း တရားမဲ့ကျင့်ခြင်း၊ သတ္တန္တရကပ်၊ ရောဂကန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ်တို့နှင့် အကြိမ်ကြိမ် ကြုံတွေ့ရ၏။ ထိုခေတ်က မွန်တို့စာတတ်နည်းပါး၍ ဗဟုသုတမကြွယ်ဝခြင်း၊အမြော်အမြင် ကင်းမဲ့ခြင်းစသော အကြောင်းကြောင်းတို့ကြောင့် နိုင်ငံတော် ကို စည်းစည်းလုံးလုံး မထူထောင်နိုင်ကြပေ။ အသီးသီး တကွဲ တပြား ဖရိုဖရဲကြ၍ စစ်ပွဲသာခင်းနေသည်။

မွန်တို့စစ်ပွဲဝင့်ရှုံးနိမ့်လာသော သုဝဏ္ဏဒေဝီ မိဖုရားကြီးသည် သမီးတော် ဝေသာင်ဏ (အချို့ဝင်းသဝဏ်) မင်းသမီးလေးနှင့် အမျိုးအမည် မထင်မရှား သူဆင်းရဲသားအမိပုံ ဆင်ယင်လျက် ထွက်ပြေးလာခဲ့ကြသည်။

တရွာဝင် တရွာထွက်ဖြင့် ခရီးကြမ်းကို နှင်လာ ခဲ့ကြရာမှ သုဝဏ္ဏဒေဝီ မိဖုရားကြီးမှာ အသက်အရွယ် ထောက်နေပြီဖြစ် တကျောင်း၊ နန်းတွင်းမှာ အေးအေးချမ်းချမ်း စံစားနေရရာမှ တောတောင် ကန္တာရတွေ့ခရီး အပြီးနှင်နေရ သဖြင့် ပင်ပမ်း

နှမ်းနယ်ရာမှ ရောဂါဖိစီး မရဏမီး အလောင် ခံလိုက်ရ လေသည်။

မင်းသမီးလေးသည် တပူပေါ် နှစ်ပူဆင့်ကာ မချင့်မရဲ အသဲမီးလောင်ခံရသည့်အလား၊ မရှူနိုင် မရှိုက်နိုင် ဖြစ်ခဲ့ ရသည်။ သောကတည်းဟူသောမုန်တိုင်းသည် မင်းသမီးလေး၏နှလုံးသားကို ပြိုင်းပြိုင်းကြေမွအောင် ချေဖျက်နေကြသည်။

မင်းသမီးလေးသည် ညှိုးရက်သည့်ကြမ္မာ၊ မဖြေပါနိုင်သောဗျာပါဒဖြင့် ခရီးဆက်ခဲ့ရာမှ ရသေ့ကြီးဦးပတိဿ သီတင်းသုံးရာ မဏိဇောတကျွန်းသို့ ဆိုက်ရောက်လာသည်။

ထိုကျွန်းအနီးသို့ရောက်သည် ဆိုလျှင်ပင် ရင်မှ သောကမီးတို့သည် အလိုလိုပြေငြိမ်းလာ၏။ မမြဲသောရုပ်တရား၊ နာမ်တရားတို့ကို သုံးသပ်လာမိသည်။

သားရဲ အပေါင်း တို့၏ အပူအဖင် မြူမတင်ဘဲ ချမ်းသာပြကတေ့ ပျော်မွေ့နေကြသည်ကို ရှုကြည့်ပြီး တရားသံဝေဂ တွေ့ ရလာသည်။

အနိစ္စ၊ဒုက္ခ၊အနတ္တ တည်းဟူသော လက္ခဏာရေးသုံးပါးကို နားမလည်ကြသော အဟိတ် တိရစ္ဆာန်များပင်လျှင် ကြည်သာချမ်းမြ ပျော်မွေ့နေနိုင်ကြသေးသည်။ ငါတို့ကား အမြဲမရှိခြင်း၊ ဆင်းရဲခြင်း၊ကိုယ့်ကိုယ်ကိုမဟုတ်၊ ကိုယ်နှင့်မဆိုင် ကိုယ်မပိုင်သော သူ အဖြစ် သိနားလည်ထားသူက ဘဇာအတွက် တွေးရှုပူဆွေး သောက ပရိဒေဝမီး အလောင်ခံရမည်နည်း-ဟု ဆင်ခြင်မိပြီး ရသေ့ကြီး ဦးပတိဿရှေ့မှောက် ဦးခိုက်ခိုလှုံလေသည်။

ရသေ့ကြီး ဦးပဘိဿလည်း ဇာတိဇရာ၊ ဗျာဓိ မရဏာ တရားကို ရှင်းပြလျက် မင်းသမီးလေး၏ နှလုံးသား အပူမီးကို တရားရေအေးဖြင့် ငြိမ်းသက်ပေးသည်။

သည်တွင် မယ်တော် သုဝဏ္ဏဒေဝီ အနိစ္စ ရောက်ရ ပုံကို ပြန်လည်သုံးသပ်မိလာသည်။

မယ်တော် သုဝဏ္ဏ ဒေဝီ မိဖုရားကြီးသည် ရွှေအိမ်းနန်းနှင့် ကြွင့်နှန်းလည်း၏၊ မတ်ပေါင်းရံ၍၊ ပျော်စံရိပ်ငြိမ်တွင် စည်းစိမ် မကွာ နေခဲ့ရ၏။ ထိုမှအနိစ္စသဘောဖြင့် လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန တက်၍ လာရောက် တိုက်ခိုက် စစ်ခင်းသူတို့၏ ရန် ကြောင့် နန်းစည်းစိမ်သည် ခဏဘက်သည့် ရေပွက်ပမာဖြစ်ကာ ဆင်းဆင်းရဲရဲနှင့် အသက်လု၍ ပြေးခဲ့ရသည်။

သည်တွင် သောက၊ ဗျာပါဒ၊ ပရိဒေဝမီး တောက်လောင် ခံနေရသည်။ မချမ်းသာ ရတက်မကင်း၍ နန်းဘမရာ ကနုက် အတွင်းကို စဉ်းစားရင်း ဝေဒနာပြင်းလာသည်၊ လွမ်းဆွတ်တသ သော စိတ္တဇဝေဒနာနှင့် နောက်ဆုံး အိပ်ယာထဲ ဘုံးဘုံးလဲကျ ကာ မစားနိုင် မသောက်နိုင် တမှိုင်မှိုင်ကတွေတွေ ရောဂါကြီး ရနေသည်။ ကြာတော့ ရောဂါက ရင့်သည်ထက် ရင့်လာပြီး မည်သို့ဖြေဖြေ မပြေနိုင်ရှာဘဲ စိတ္တဇဝေဒနာပြင်းထန်၍ ရင်ကွဲ နာကျပြီး အနိစ္စရောက်သွားရရှာသည်။

"မမြဲသောတရားပါလား၊ အရာရာတို့သည် အနိစ္စအမြဲမရှိပါ ကလား" ဟု ဆင်ခြင်သုံးသပ်မိပြီး အဝတ်စုတ်၊ တောင်းစုတ် တို့ဖြင့် ထုပ်ယူလာသော စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြား၊ နဝရတ်ကိုးပါးအပါအဝင် နန်းတွင်းပစ္စည်းများကို ရသေ့ကြီး

ဦးပတိဿအား အကြင်းမဲ့ ပြုလိုရာပြုပါတော့ဟုနိဗ္ဗာန်ကိုဆုကို ပန်၍ လျှဒါန်းသည်။

ရသေ့ကြီးက သာဓု အနုမောဒနာခေါ်ပြီး "မရဏာဿတိ ကထာ"ကို ဟောပြတော်မူသည်။

"အန္တေဝါဝသာသတ်သဗ္ဗေ၊
တိတ္တော့ သကမ္မ နိဿိတာ၊
မရဏံ့ ဝေ့ ဂမိဿန္တိ
ဇာတနံ့ ဟိ့ မတံဓုဝံ"

တိတ္တော လေ့ဆိပ်၊ လှည်းဆိပ်၊ သင်္ဘောဆိပ်နှင့်ဆိပ်ကမ်းဌာန အရပ်ရပ်ဟူသမျှ၌ သကမ္မနိဿိတာ ကိုယ်စီကိုယ်ငှ ကိုယ့်ကိစ္စ ကို ရှရှ ပြုလုပ် အားထုတ် မှီတွယ်၍ နေကြကုန်သော သဗ္ဗေ တယောက် မကြွင်း၊ ခပင်းဥဿုံ အလုံးစုံသော သူတို့သည် အန္တေဝါဝ သာသတ်မကြာလှလျင်း အနှစ်တရာအတောအတွင်း ဝေကန္တေန စင်စစ်ကေန်-မသွေမှန်စင်စစ်၊ မရဏံ၊ ခန္ဓာ ကြွေ ပြုန်း အနေမှန်း၍ သေဆုံး ကွယ်လွန်ခြင်းသို့ ဂမိဿတ တကယ်မုချ-မယုတ်ရဘဲ ရောက်လတ္တံ့၊ ဟိသစ္စံ ထိုစကားသည် မမှားကေန် စင်စစ်မှန်ကွ။ ဇာတာနံ အဝိဇ္ဇာနှင့် တဏှာရစ်၍ မရဏံခန္ဓာကြွေပြုန်း အနေမှန်း၍ သေဆုံး ပျက်စီးရခြင်းသည် ဓုဝံ၊ မြေကိုလက်ခတ်၊ မလွဲအပ်သို့၊ မြဲမှတ်လှချေ၏ တကား။

စသည်ဖြင့် မရဏာနုဿတိ ကမ္မဋ္ဌာန်းတရားကို ဟောပြဆုံးမ တော်မူသည်။

မရဏာနုဿတိကမ္မဋ္ဌာန်းတရားသည် နိဗ္ဗာန်သို့ ရောက်စေနိုင်ကြောင်း အင်္ဂုတ္တိုရ်ပါဠိတော်လာတရားဖြင့် ပြ၍ ဆိုးမသည်။

မရဏာဿတိ ဘိက္ခဝေဘာဝေထ
မရဏာဿတိ ဘိက္ခဝေ ့ဘာဝိတာ၊
ဗဟုလီကတာ၊ မဟပ္ဖလာဟောတိ၊
မဟာနိသံသာ၊ အမတောဂတာမတာအရိယော
သာနာ။

ဘိက္ခဝေ ငါ၏ချစ်သား ရဟန်းတို့၊ မရဏာဿတိ သေခြင်းတရားကို ပွားများအောက်မေ့ မမေ့စီးဖြန်း မရဏာနုဿတိကမ္မဋ္ဌာန်းကို ဘာဝေထ နောက်မဆုတ်ဘဲ အားထုတ်ပွားများကြကုန်လော့။ ဘိက္ခဝေ ငါ၏ချစ်သား ရဟန်းတို့မရဏာဿတိ သေခြင်းစီးဖြန်း မရဏာဿတိ ကမ္မဋ္ဌာန်းကို ဘာဝိတာအခါမပြတ်ပွားများအပ်သည်ရှိသော်၊ ဗဟုလီကတာ ကြိမ်ဖန် များ စွာလေ့လာအပ်သည်ရှိသော်၊မဟပ္ဖလ မရေတွက်နိုင်ဘိများသောအကျိုးရှိကုန်သည်။ မဟာနိသံသာ၊ မကုန်နိုင်သော များသောအာနိသင်ရှိကုန်သည်။ အမတောဂဓာ မသေမပျောက် အမြိုက်နိဗ္ဗာန်သို့ ရောက်စေ တတ်ကုန်သည်။ အမတပရိယောသာနာ နိဗ္ဗာန်ရောက်မှ အကျိုးဆုံးကျကုန်သည်။ ဂဟာဿ စင်စစ်မသေဖြစ်လေကုန်၏ဟု ဟောပြဆိုးမသည်။

သေခြင်းတရားတွင် လေးမျိုးရှိသည်။ အသက်တန်းကုန်ဆုံး၍ သေခြင်း၊ အာယုက္ခယမရဏာ။ ကံကုန်၍သေခြင်း၊ကမ္မက္ခယမရဏာ။ နှစ်ပါးစလုံး ကုန်၍ သေခြင်း၊ ဥဘယက္ခယ မရဏာ။

သတ်ဖြတ်ခြင်းခံရသော ကံကြောင့် သေရခြင်း၊ ဥပစ္ဆေဒက မရဏတို့ဖြစ်သည်။

အသက်တရာတန်းကာလ၌ တရာထက်အလွန် နှစ်ရာ၊ သုံးရာ ရှည်စေတတ်သော ကံကုန်ခြင်း၊ တရာတန်းထက်ရှိနိုင်သော အံရှိပါလျက် တရာသက်တမ်း စေ့ခြင်းကြောင့် သက်တန်းကုန်၍ သေရခြင်းကို အာယုက္ခ မာမရဏဟု ခေါ်သည်။ တရာသက်တန်းသို့ မရောက်ဘဲ အသက်ရှည်စေတတ်သော ကံကုန်ခြင်း သေရခြင်းသည် ကမ္မက္ခယ မရဏဟု ခေါ်သည်။ အသက်တန်းရော ရှည်စေတတ်သော ကံရော နှစ်ပါးလုံး ကုန်ခြင်းကြောင့် သေရခြင်းသည် ဥဘယက္ခယ်မရဏခေါ်သည်။ သူတော်ကောင်းတို့ကို ပြစ်မှားခြင်းဟူသော အကုသိုလ်ကံဖြစ်ခြင်းကြောင့်၎င်း၊ ရှေးဘဝက ပြုခဲ့သော အကုသိုလ်ကံကြောင့် ဒါးလက်နက်စသည် ထိခိုက်သတ်ဖြတ်၍သေခြင်းသည် ဥပစ္ဆေဒက မရဏဟု ခေါ်သည် စသည်ဖြင့်ရှင်းပြရာ ရသေ့ကြီး ဦးပတိဿ ဆုံးမသွန်သင်ညွှန်ပြသည့်အတိုင်း ဝေဿဝဏ်မင်းသမီးသည် ကျင့်ကြံအားထုတ်လာနိုင်ခဲ့သည်။

သို့ဖြင့် အသက်ကို တပ်နှစ်သက်သော တဏှာကို စွန့်နိုင်သည်။ မကောင်းမှုကို ဆင်ခြင်သုံးသပ်နိုင်ပြီး ပစ္စည်းဥစ္စာတို့ကိုသည်း မမြဲသော အနိစ္စအဖြစ်သိ၍ သိမ်းချင်စိတ်မရှိတော့ပေ။ သို့ဖြင့် ဘုရားထည်ရန် လှူဒါန်းလိုက်ပြီး ပစ္စည်းဥစ္စာအတွက် သက်သက်ဝန်ပိုခြင်းတွေ ကင်းရှင်းကာ အညစ် အကြေး များ ကင်းစင်လာခဲ့သည်။

အနိစ္စသညာ၊ ဒုက္ခသညာ၊ အနတ္တသညာ ရှေးရှုထင်မြင်လာကာ သတ္တဝါတို့သည် ဖွားသည် ကာလမှစ၍ ဇရာ မရဏ ဆိုသော အိုခြင်း၊ သေခြင်း၊ သဘောတရားများကို ဦးခေါင်း ဖြင့်ရွက်ကာ ဖြစ်လာကြရကြောင်း သိမြင်လာသည်။

အရှေ့မှနေမင်းသည် အနောက်အရပ်ဆီသို့ဝင်ရန် အနည်းငယ်မျှ ရပ်တန့်ခြင်းမရှိဘဲတဟုန်တည်းသွားနေသကဲ့သို့ သေခြင်းတရားကလည်း အနည်းငယ်မျှမရပ်နားဘဲ သေမည့်ရက် သေမည့်နေ့ကိုသာ တဟုန်တည်းပြေးနေပုံကိုမြင်လာပြီး တရားသာ ပွားများအားထုတ်နေတော့သည်။

ထိုမင်းသမီးလေး လှူဒါန်းသော စိန်ရွှေရတနာ များကို အခြေတည်၍ တဖြည်းဖြည်းလှူဒါန်းလာကြသည့် ပစ္စည်းများ ရဖြင့် သေကြီး ဦးပတိဿသည် မိမိပင့်ဆောင် လာသော ဓါတ်တော်မွေတော်တို့ကို ဌာပနာကာ စေတီတော်မြတ်ကြီး ကို တည်တော်မူသည်။

ထိုနေရာသည် လွန်စွာသာမော၊ စည်ပြောကြွယ်ဝ၊ ချမ်းသာ သုခ အစစ်အမှန်ပေးနိုင်သည့် ဘူမိနက်သန် မြေအခြေခံကောင်း သည်နှင့် အရပ်ရှစ်မျက်နှာမှ ပုရိသထိုထိုတို့ ရောက် လာ ပြီး ပြောင်းရွှေ့နေထိုင်ကြသည်။

၎င်းကျွန်း၏ ပုံသဏ္ဍာန်မှာ ဇွန်းနှင့်တူသဖြင့် ဇွန်း နှင့် တူ သောကျွန်း (မွန်လို ယောက်ကော့ကျွန်း) ဟု တွင်လာသည်။ ထိုရွာကလေးကို အများက ယောက်ကော်ရွာ (အချို့က ယောက်ကော့ရွာ) ဟု ခေါ်တွင်လာခဲ့သည်။

ဘေးဘယာ ဝေးကွာ၍ အေးချမ်းစွာ နေရသော သည် ငှယောက်ကော်ကျွန်းမြတ်ကလေးသည် သာသနာရောင်ဝါ ထွန်း ပင်းဖြာလျက် ခိုးဆိုးလုယက်သတ်ဖြတ်မှုကင်းပြီး လူတိုင်းလိုလို ငြိမ်မွေ့နူးညံ့ကြကာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တရားလေးပါးနှင့်အညီ နေထိုင်ကြသည်။

ကျနော်သည် ဆရာတော်ဘုရားအား တွေ့ပြီး၊ ကတော့၍ ဤသို့လျှောက်မိသည်၊ အကြောင်းက ကိုယ်လိုချင်သောကိစ္စကို လျှောက်လိုက်ပါတော့သည်။

"ဆရာတော်ဘုရား.... တပည့်တော်အား ထိုက် သင့်သော ပညာရပ်များပေးသနားတော်မူပါဘုရား"

ဤသို့လျှောက်ထားခြင်းကို ဆရာတော်ကပြုံး၏။

ငါပေးနိုင်တဲ့ ပညာက မင်းကို အင်းတိုက်ပြီး ဓါတ်ဖွင့်ပေး ဖို့ပြီ။ မင်းလိုချင်တဲ့ပညာက မင်းပေါ်မှာတည်တယ်၊ ခုမင်း ကျင့်နေတဲ့ တရားကိုပဲ ဆက်လက်ပြီး ကျင့်ကြံအားထုတ်ပါ၊ သမာဓိကို တည်ကြည်အောင် ထိမ်းသိမ်းနိုင်တာနဲ့ ငါ့တပည့် အလိုရှိတာ ပြည့်စုံလာပါလိမ့်မယ်။

"ငါလည်း အကျင့်တရားကို ယနေ့တိုင် မလျော့သော လုံ့လနဲ့ အားထုတ်နေရတုန်းဘဲ.... ကဲ....ကဲ.... ငါ့တပည့် အလို ပြည့်ပြည့်ပါစေကွယ်"

## စူဠဂန္ဓာရီ၊ မဟာဂန္ဓာရီ

သမထ ဘာဝနာ ကျင့်ကြံ အားထုတ်သည်ဆိုမူ အတော်အတန်ရင့်ကျက်လာသောအခါ သမထတရားတွင် ကျင့်ကြံရန် လမ်းနှစ်သွယ်ရှိလေသည်။

ရင်းတို့မှာ–

၁။ မဟာဂန္ဓာရီဝိဇ္ဇာ၊

၂။ စူဠဂန္ဓာရီဝိဇ္ဇာ

ဂန္ဓာရီဆိုသည်မှာ ပါဠိအခေါ်ဖြစ်သည်၊ ဂန်ညာကေ ခါရေတိတိဂန္ဓာရော၊ ဂန္ဓာရော ယဿအတ္ထိ တဿိ ဝါ ဝိဇ္ဇာ တီတိ ဂန္ဓာရီ၊ ဂန်ညာဏ၊ ဝိဇ္ဇာ မယ ဉာဏ်ကို ခါရေတိ၊ ဆောင်ရွက် တတ်၏။ ဣတိတ သ္မာ၊ ထို့ကြောင့် ဂန္ဓာရော ဂစ္ဆာရမည်၏။ ယဿ အကြင်သူအား ဂန္ဓာရော ဝိဇ္ဇာ မယ ဉာဏ်ကို ဆောင်ခြင်းသည် အတ္ထိ ရှိ၏။

တနည်းကား တဿိ ထိုသူ၌ ဂန္ဓရော ဝိဇ္ဇာ မယဉာဏ်ကို ဆောင်ခြင်းသည် ဝိဇ္ဇာတိ ရှိ၏။ ဣတိ၊ ထို့ကြောင့် ဂန္ဓာရီ ဂန္ဓာရီမည်၏။

ဝိဇ္ဇာ မယ ဉာဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို ဂန္ဓာရီ ဝိဇ္ဇာဟု ခေါ်သည်၊ ဝိဇ္ဇာမယဉာဏ် ဆိုသည်မှာ ဝိဇ္ဇာဓိုရ် ဆရာကြီးတို့ ရအပ်သော သိဒ္ဓိဆယ်ပါးကို ခေါ်သည်။

### လောကီ သိဒ္ဓိ ၁၀ ပါး

၁။ မီယ သိဒ္ဓိ

၂။ ဓနု သိဒ္ဓိ

၃။ လာဘ သိဒ္ဓိ
၄။ ပယောဂ သိဒ္ဓိ
၅။ ကာယ သိဒ္ဓိ
၆။ ပထဝီ သိဒ္ဓိ
၇။ ဥဒက သိဒ္ဓိ
၈။ အာကာ သိဒ္ဓိ
၉။ ထေကော သိဒ္ဓိ
၁၀။ အာဟာရ သိဒ္ဓိ

## လောကုတ္တရာ သိဒ္ဓိ ၁၀ ပါး

၁။ အဓိဋ္ဌာန ဣဒ္ဓိ
၂။ ရိကုမ္ဗနာ ဣဒ္ဓိ
၃။ မနောမယ ဣဒ္ဓိ
၄။ ဉာဏဝိပ္ပါရ ဣဒ္ဓိ
၅။ ဝိပ္ပါရ ဣဒ္ဓိ
၆။ အရိယာဣဒ္ဓိ
၇။ ကမဝိပါကဇ ဣဒ္ဓိ
၈။ ပုညဝတောဣဒ္ဓိ
၉။ ဝိဇ္ဇာမယဣဒ္ဓိ
၁၀။ သမ္မာပယောဂပစ္စယဣဒ္ဓိ

## သိဒ္ဓိ လေးပါး

၁။ ဓေဝသိဒ္ဓိ။ ။၎င်းသိဒ္ဓိမှာ သူရဿတီမယ်တော်ကြီးမှ အစ၊ စတုလောကပါလ အသုံးရှိသော နတ်ကြီးတို့၏ သိဒ္ဓိကိုခေါ်သည်။

၂။ ဣန္ဒြသိဒ္ဓိ။ ။၎င်းသိဒ္ဓိမှာ ဘိုးတော်သိကြားမင်းကြီး၏ သိဒ္ဓိကိုခေါ်သည်။ ၎င်းသိဒ္ဓိကိုရပါက ဣန္ဒြသိဒ္ဓိ ပြည့်စုံပြီဟု ဆိုနိုင်သည်။

၃။ ဗြဟ္မာသိဒ္ဓိ။ ။၎င်းသိဒ္ဓိမှာကား သာသနာတော်ကြီးကို စောင့်ရှောက်သော ဗြဟ္မာနတ်မင်းကြီးတို့ သိဒ္ဓိနှင့် ပြည့်စုံလျှင် ဗြဟ္မာ သိဒ္ဓိကို ဆိုလိုသည်။

၄။ ဝိဇ္ဇာသိဒ္ဓိ။ ။၎င်းသိဒ္ဓိမှာ ထွက်ရပ်ပေါက်ဝိဇ္ဇာဆရာကြီးများ၏ သိဒ္ဓိကိုဆိုလိုသည်။

အထက်ဖော်ပြပါဂန္ဓာရီနှစ်မျိုးနှစ်စားရှိ၏။နှစ်မျိုးနှစ်စားဆိုသည်မှာ အောက်နတ်တို့၏ရအပ်သောအသိဉာဏ်ကိုဆိုလိုသည်။ အောက်နတ်ဆိုသည်မှာ ဖုတ်ကြီး ၄၀၊ ကဝေ ၉၉ နှင့် ဂုမ္ဘာန် ယက္ခ ဂစ္ဆပ္ပသော ပုဂ္ဂိုလ်တို့ကိုဆိုလိုသည်။ ၎င်းတို့ကိုအစွဲပြု၍ ပြုလုပ်ကြသော ဆေးဝါးဂါထာ၊ မန္တာန်၊ အင်း၊အိုင်၊လက်ဖွဲ့ မှော်စသော အဆောင်အဖွဲ့အရပ်ရပ်တို့သည် စုလဂန္ဓာရီမည်၏။

အချို့ဆရာများ အသုံးပြုနေကြသော မှော်စင်တို့မှာ ဖုတ်၊ မှော်၊ ကဝေမှော်ကတော် ၄ ပါး မှော်စသော အတတ် ပညာတို့သည်စုလဂန္ဓာရီသို့ သက်ဝင်ကြသည်။

မဟာဂန္ဓာရီဆိုသည်မှာ သူရဿတီ မယ်တော်ကြီးမှအစပြု၍ ဒေဝီ(၂၁)ပါး၊ သာသနာစောင့်နက်မင်းကြီးငါးပါး၊ စတုလောကပါလနတ်မင်းကြီး ၄ ပါး၊ ဘိုးတော်သိကြားမင်းကြီးမှစ၍ ၎င်းတို့နှင့်တူညီသောနတ်တို့အပြင် ဝိဇ္ဇာ၊ဇော်ဂျီ၊တပဿီတို့သည် မဂန္ဓာရီမည်၏။

ဝိဇ္ဇာမှာကား သိဒ္ဓိ ၁၀ ပါးနှင့်ပြည့်စုံသောကြောင့် မဟာဂန္ဓာရီမည်၏။

ဇော်ဂျီဟူသည်မှာ သိဒ္ဓိ ၁၀ ပါးမပြီးချေ။ သိဒ္ဓိငါးပါးနှင့်ပြည့်စုံသောကြောင့် သိဒ္ဓိကိုအစွဲပြု၍ ဇော်ဂျီဟုခေါ်လေသည်။

တဂဿီ ဟူသည်မှာ မိမိကိုယ်အား ပရိဂံ ပြုထားသောအနေအထားမှ လုံးဝပြုပြင်ခြင်းမရှိ ပရိဂံ ပြုသည့် အတိုင်းရှိနေသည်။

ထိုသိဒ္ဓိ(၄)မျိုးအနက် ဒေဝသိဒ္ဓိမှာအရင်းခံဖြစ်ကြောင်းဖြစ်ပါသည်။ အရင်းဖြစ်သော်လည်း အားထုတ်ရန် မှာကား ဝိဇ္ဇာသိဒ္ဓိပင်ဖြစ်သည်။ ဝိဇ္ဇာသိဒ္ဓိအရ၊ အားထုတ်သော ပဋိပတ်ရင့်သန်ခြင်း၊ ဒေဝသိဒ္ဓိကစ၍ ပြည့်စုံလာခြင်း၊ နောက် ဂန္ဓာသိဒ္ဓိ၏ ပြည့်စုံလာခြင်း၊ နောက် ဗြဟ္မာသိဒ္ဓိ၏ ပြည့်စုံလာခြင်း၊ နောက်ဆုံး၌ ဝိဇ္ဇာသိဒ္ဓိ လုံးဝပြည်စုံ၍ မိမိလိုရာထွက်ရပ်လမ်းသို့ ပေါက်ရောက်လေသည်။

၎င်းသိဒ္ဓိ၏ ပြည့်စုံရန်မှာ ဆေး၊ အင်း၊ မှော်၊မတက်ပဋိပတ်သက်သက်နှင့် ကျင့်ကြံခြင်း ဖြစ်ပေသည်။ အောက်စူလ ဂန္ဓာရီ ဂိုဏ်းများကား ထိုကဲ့သို့မဟုတ်၊ အခြေခံဖြစ်သော ဒေဝသိဒ္ဓိ ပြည့်စုံမှု စသော အမှုကိစ္စများကို ပြုလုပ်၍

ခံယူကြသည်။ ထိုသို့ခံယူကြသော်လည်း အချို့ မှော်၊ အင်း၊ ဆေးများမှာ အောက်စူလဂန္ဓာရီနှင့်ပင် အချိန်ကုန်၍ ဒေဝသိဒ္ဓိ ပြည့်ခြင်းမရှိကြပေ။ အချို့ မှော်၊ အင်း၊ ဆေး၊ ဝါး တို့မှာကား အထက်ဆေး၊ အတက်မှော်၊ အထက် အင်းများဖြစ်၍ ဒေဝသိဒ္ဓိ အထိ တက်နိုင်လေသည်။ ၎င်းသိဒ္ဓိထက် ကျော်လွန်၍ ပြည့်စုံ သော မှော်၊အင်း ဆေးဟူ၍ မရှိပေ။ သို့သော် ထွက်ရပ်ပေါက် အင်း၊ ဆေးများကား ရှိကြလေသည်။ ၎င်းအင်း ဆေးများသာ ထွက်ရပ်ပေါက်အထိ တက်နိုင်သည်။

အချို့ မှော်သွင်းပုံများ၌ အင်း၊ ဆေးတို့ဖြင့် နတ်ပြည် ခြောက်ထပ် ဗြဟ္မာနှစ်ဆယ်အထိ မော်သွင်းပုံများကို တွေ့ရလေ သည်။ ၎င်းတို့ မှော်သွင်းပုံ အတိုင်း သွင်းခဲ့လျှင် နတ်ပြည် ခြောက်ထပ် ဗြဟ္မာနှစ်ဆယ်ရှိ နတ်-ဗြဟ္မာတို့ကိုခေါ်နိုင်သလား၊ အစေအပါး ပြုလုပ်နိုင်သလားဟု မေးရန်ရှိ၏။ ၎င်းအတိုင်း ပြုလုပ်နိုင်ရန် ဝေးစွတကား၊ အချုပ်အဟဲ အသိအမှတ်လောက် သာ ရနိုင်သည် မိမိတို့၏မှော်ကို နတ်ကြီးများ၊ ဗြဟ္မာကြီးများ အသိအမှတ်ပြုရန်သာ ဖြစ်သည်။ စင်စစ်အမှန်မှာ မှော်စောင့် အနေနှင့် အသုံးချနိုင်ခြင်းကား မရှိပေ။

သိဒ္ဓိကိုရခြင်းဆိုသည်မှာကား မိမိခေါ်နိုင်ခြင်း၊ စေခိုင်းနိုင် ခြင်း၊ အမိန့်အာဏာပေးနိုင်ခြင်း၊ အစေအပါး ပြုလုပ်နိုင်ခြင်းမှ သိဒ္ဓိကိုရသည်ဟုဆိုသည်။ ဥပမာ ဒေဝသိဒ္ဓိကိုရလျှင် ၎င်းသိဒ္ဓိ အတွင်း ပါဝင်ပါသော သူရဿတီမယ်တော်ကြီး၊ နတ်ကြီးငါး ပါး၊စတုလောကပါလ နတ်မင်းကြီးစသော နတ်ကြီးများကို စေ ခိုင်းနိုင်မှ၊ ဆုံးမနိုင်မှ ရသည်ဟု ဆိုသည်။ ထို့အတူ ဂန္ဓာသိဒ္ဓိကို

ရသည်ဟု ဆိုခြင်းမှာလည်း ဘိုးတော် သိသကြားမင်းကြီးကို အချိန်အခါမရွေး ခေါ်နိုင်ရမည်၊ အမိန့်အာဏာ ပေးနိုင် စေရမည်၊ အစေအပါး ပြုလုပ်နိုင်စေရမည်။ ဤသို့ သိဒ္ဓိကိုပိုင်နိုင်မှု ဤနွှာသိဒ္ဓိကို ရသည်ဟုဆိုရသည်။

ဗြဲဟ္မာသိဒ္ဓိကို ရခြင်းဆိုသည်မှာလည်း အထက်ပါသိဒ္ဓိအတိုင်း ဆောင်ရွက်နိုင်မှု သိဒ္ဓိကိုရသည်။ ဝိဇ္ဇာသိဒ္ဓိ ဆိုသည် မှာလည်း အကြောင်းအားလျော်စွာ ဝိဇ္ဇာ ဆရာကြီးများကို ပြောဆိုနိုင်ခြင်း၊ ပင့်ခေါ်နိုင်ခြင်းစသော အဆောင်အဖွဲ့ကိုရမှု ဝိဇ္ဇာသိဒ္ဓိကို ရသည်ဟုဆိုသည်။ ဤကဲ့သို့ သိဒ္ဓိကိုရမှုသည် တစုံတရာကိုအကျင့်မရှိ၊ ဂန္ဓာရီဋ္ဌပတ် မရှိနှင့် မှော်သွင်း၍ ဖြစ်နိုင်ပါမည်လော့ဟု သေချာစွာစဉ်းစားဆင်ခြင်ကြပါ။

လောက၌ ကိုယ်ကျင့်၊ သီလ၊ ပဋိပတ်ထက်စွမ်းသော တရားဟူ၍ မရှိအပ်ကြောင်း သေချာစွာမှတ်သားကြပါရန်။

မှော်တို့၏အစွမ်းသတ္တိမှာ ၃၇ မင်းအနက် ၎င်းတို့နှင့်အတန်းဟူနတ်၊ အာဠဝက၊ ပုဏ္ဏက တို့အပေါ် ဩဇာရှိသည်၊ တန်ခိုးရှိသည်၊ စေခိုင်းနိုင်သည်၊ ၎င်းတို့ထက်မြင့်မြတ်သော နတ်ကြီးများဆိုလျှင် ကိုယ်ကျင့်ရှိမှုဖြစ်နိုင်သည်။

ထို့ကြောင့် ထွက်ရပ်လမ်းသို့ အလိုရှိကြသော အမျိုးသားသမီးတို့သည် အောက်စူလဂန္ဓာရီဖြစ်သော မှော်၊ အင်း၊ ဆေး၊ တို့ကို မလိုက်ကြနှင့် ကိုယ်ကျင့်ကိုလိုက်၍ အားထုတ်ရမည်။

အထူးသဖြင့် ဝိဇ္ဇာမဖြစ်နိုင်စေကာမူဦး၊ လောကီစီးပွားရေးနှင့် ကျန်းမာရေးတွင် အကျိုးခံစားရချေသည်။

သိဒ္ဓိလေးမျိုးတွင် အခြေခံဖြစ်သော ဒေဝသိဒ္ဓိကို ရရှိပါက

လောကီရေးတို့နှင့် မည်မျှ ထက်မြက်စွာ ထိရောက် နိုင်မည်ကို သတိပြုစေလိုကြောင်း၊ လောကီရေး၌ သူရဿတီမယ်တော်ကြီး သည် မည်မျှအသုံးကျ၍ ကောင်းသည်၊ မည်မျှ အထောက်အကူ ဖြစ်သည်ကို ဒေဝသိဒ္ဓိရကာ သိနိုင်ပါလိမ့်မည်။ စတုလောကပါ လ နတ်မင်းကြီးဆိုလျှင် လူနှင့်တစပ်တည်း နေကြသောနတ်တို့၌ အချုပ်အချာ နတ်မင်းကြီးဖြစ်၍ နတ်မင်းကြီး၏ အကူအညီဖြင့် လိုအင်ဆန္ဒကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်သည်

## အင်္ဂါငါးပါးဆိုသည်မှာ

(၁) ကိုယ်လက်အင်္ဂါ ကျန်းမာမှုနှင့် ပြည့်စုံခြင်းတပါး။
(၂) ဝမ်းတွင်းနှလုံး ဖြူစင်ဖြောင့်မတ်ခြင်း အင်္ဂါတပါး။
(၃) ဝိရိယလုံ့လ သူတပါးတို့နှင့်မတူမတန် ထက်သက်ခြင်း အင်္ဂါတပါး။
(၄) သမထ, ဝိပဿနာတို့၌ ရင့်သန်သော သမာဓိနှင့် ပြည့်စုံခြင်း အင်္ဂါတပါး။
(၅) ရတနာသုံးပါး ဂုဏ်ဓါတ် တန်ခိုးတို့၏ ဂုဏ်တော်ကို ယုံကြည်ခြင်း အင်္ဂါတပါး။

၎င်းအထက်ပါ အင်္ဂါငါးပါးနှင့်ပြည့်စုံညီညွတ်သောပုဂ္ဂိုလ်မှ

သာလျှင် မဟာဂန္ဓာရီ ဝိဇ္ဇာ လမ်းမကြီးသို့ ပေါက်ရောက် အောင်မြင်နိုင်လေသည်။

ထွက်ရပ်လမ်းသို့ ပေါက်ရောက်ကြသောဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်တို့မှာ ၎င်းတရားငါးပါးနှင့် ပြည့်စုံညီညွတ်၍သာ ပေါက်ရောက်သည်ဟု မှတ်ကြစေလိုသည်။

## လိုအပ်ချက် (၁)

ကိုယ်လက်အင်္ဂါ ကျန်းမာမှုနှင့် ပြည့်စုံခြင်းဆိုသည်မှာ ကိုယ်လက်အင်္ဂါ ကျန်းမာရေးသည် လောက၌ အရေးကြီးဆုံး တ ဖြစ်သည်။ ကျန်းမာမှုမပြည့်စုံက မည်သည့်အလုပ်မှဆောင်ရွ လုပ်ကိုင်ခွင့် မရှိပေ။ ပစ္စည်း, ဥစ္စာ၊ ရတနာ, ရွှေငွေ စသေ လောကီ သုံးဆောင်ခံစားဘွယ် ဝတ္ထုတို့သည် မည်မျှလော ပေါမျှား ပြည့်စုံစေကာမူ ကိုယ်လက် အင်္ဂါ ကျန်းမာရေးနှ မပြည့်စုံက ခံစားဘွယ် အာရုံများသည် ဂုဏ္ဍာရုံ မဟုတ်တော့ အနိဋ္ဌာရုံထင်မှတ်ပြီး ငြီးငွေ့ စက်ဆုတ် ရွံရှာဘွယ်သို့ ရောက် လေသည်။ ထို့ကြောင့် မြတ်စွာဘုရားဟော ဓမ္မပဒပါဠိတေ ကြီး၌ ကိုယ်လက်အင်္ဂါကျန်းမာမှုသည် အရေးကြီးကြောင်းနှ ထိုကျန်းမာမှုနှင့်ပြည့်စုံက လာဘ်ကြီး တခုကိုရသည်ဟု ဆိုအ ဆိုထိုက်ကြောင်းကို(အာရောဂျ-ပရမံ-လာဘာ)ဟု ဟောကြ တော်မူသည်။ လောကနီတိ ဆရာကြီးကလည်း ကျန်းမာခြင်းနှ မပြည့်စုံသော ပုဂ္ဂိုလ်တို့အား အသက်ရှိကြ ငြားသော်လည်း သေသူနှင့် တူကြောင်းကို ဖော်ပြထားသည်။ ဤကဲ့သို့ ဖော် ...က်မှာလည်း အကြောင်းကိုရှာသော် သေသော ပုဂ္ဂိုလ်သည်

တစုံတခုသော ဒါနမှု၊ သီလမှု၊ ဘာဝနာမှုစသော ကုသိုလ်ရေးနှင့် လောကီ ကြီးပွားရေး၊ ချမ်းသာရေး စသော အမှုကိစ္စများကို ပြုနိုင်ခွင့်မရှိသကဲ့သို့ ကျန်းမာမှု မရှိသော ပုဂ္ဂိုလ်တို့ မှာလည်း မည်သည့်ပြု ဘွယ်ကိစ္စမှ မပြုနိုင်ဘဲ ပြင်းပြစွာ ဒုက္ခဝေဒနာမှုကို ခံစား နေရမှုနှင့်ပင် အချိန်ကုန် နေသောကြောင့် အသက်ရှင် ငြားသော်လည်း သေသည်ဟူ၍ ဆိုလိုသည်။

မြတ်စွာဘုရား၏ သာသနာတော်ခေတ်နှင့် ကြုံကြိုက်ခိုက် တွင် ဂန္ဓာရီ၊ ပဋ္ဌိပတ်၊ သမာဓိဝိဇ္ဇာလမ်းကို အားထုတ် ပွားများ နိုင်ရန် ပဌမ အရေးကြီးသည်။ ကျန်းမာမှုပင် ဖြစ်ကြောင်း သိထိုက်လှပါ၏။ ကျန်းမာမှုနှင့် မပြည့်စုံက ဂန္ဓာရီ၊ ပဋိပတ်၊ သမာဓိဝိဇ္ဇာလမ်းကို မည်မျှလောက် အားထုတ်ချင်သော်လည်း အားထုတ်နိုင်စွမ်းမရှိပေ။ ပုဂ္ဂိုလ်သတ္တဝါတို့သည်မှာ ရုပ်တရား၊ နာမ်တရားဖြစ်၍ မိမိကအစိုးမရ၊ မိမိ၏ အလိုသို့မလိုက်၊ ယနေ့ ကျန်းမာရေးနှင့် ပြည့်စုံသော်လည်း နက်ဖြန် ကျန်းမာရေးနှင့် ပြည့်စုံချင်မှ ပြည့်စုံမည်။ သဘက်ခါဆိုလျှင် မည်သူမျှပြည့်စုံမည် ဟု တာဝန်မခံနိုင်၊ အနုစိတ်လျှင် ယခု နာရီစက္ကန့် မျက်စိတမှိတ် လျှပ်တပျက်မှာ ကျန်းမာရေးနှင့်ပြည့်စုံသော်လည်း နောက်နာရီ စက္ကန့် မျက်စိတမှိတ် လျှပ်တပျက်မှာ ပြည့်စုံမည်ဟု မည်သူမှ တာဝန်မခံနိုင်၊ ဤကဲ့သို့မခံနိုင်ခြင်းသည် မိမိအစိုးမရ၊ မိမိအလို သို့ မလိုက်သော အနတ္တ သဘော ဖြစ်၍ တွက်ရပ် အင်္ဂါ ငါးပါးတို့တွင် ကျန်းမာမှုကို ထည့်သွင်း၍ ထားသည်။ ကိုယ်လက် အင်္ဂါ ကျန်းမာမှုနှင့်ပြည့်စုံလျှင် တရားအားထုတ်နိုင်ခွင့် ရှိပြီဟု မဆိုနိုင်သေး။ အဘယ်ကြောင့်ဆိုသော် လူတို့၌ ကျန်းမာရေးကို

အားပေးနေသော ပရိပါစက ဓါတ်မီးရှိလေသည်။ ထိုဓါတ်မီးသည် နေ့စဉ် စားသောက်သော အာဟာရများ ကြေချက်၍ သွေးသားစုတို့နှင့်တကွ ကျန်းမာရေးကို ဆောင်ရွက်နေရသည့် ထိုဓါတ်မီး ကြေချက်ခွင့် ဖြစ်အောင် အာဟာရကို ပေးဆက်က ဓါတ်မီးသည် ရပ်မနေဘဲ မိမိနှင့် နီးစပ်ရာ ဖြစ်သော အရပ်ကို တရှိန်တည်း လောင်မြိုက် လေသည်။ ထိုအခါ မည်မျှလောက် ကျန်းမာမှုနှင့်ပြည့်သော ပုဂ္ဂိုလ်ပင်ဖြစ်စေတော့ ဓါတ်မီးလောင်မြိုက်လျှင် ရုပ်လက္ခဏာညှိုးနွမ်း၍ လူမမာအခြေသို့ ရောက်ရှိလေ၏။ တနေ့ အာဟာရမစားဘဲ အပြတ်ခံကြည့်က ရုပ်လက္ခဏာ မည်သို့ညှိုးနွမ်း၍ လူမမာဖြစ်လာပုံကို တွေ့ကြုံရပါလိမ့်မည်။

ထို့ကြောင့် ကျန်းမာမှုပြည့်စုံအောင် နေ့စဉ်ခန္ဓာကိုယ်ကြီး၌ အာဟာရကို ပေးသွင်းစေနိုင်သော အချက်လည်းအရေးကြီးပြန်လေသည်။ အာဟာရ မမှီဝဲဘဲနှင့် တရားအားထုတ်ပိုင်ခွင့်မရှိ၊ အာဟာရကို နေ့စဉ်အချိန်မှန်မှန်မှီဝဲရမှသာ တရားကိုအားထုတ်နိုင်သည်။ တရားကိုအားထုတ်နိုင်မှ ဂန္ဓာရီပဋိပတ်ကို အားထုတ်နိုင်သည်။ သို့မှ ဝိဇ္ဇာဖြစ်မည်၊၊ ဤသို့ အကြောင်း အဆက်ဆက် ရှိရာ ကျန်းမာမှုမှာ အာဟာရ အပေါ်မှာလည်း ရပ်တည်နေ၍ ရှေ့ကလူကြီးများက စကားသုံးဆိုထားခဲ့သည်မှာ "အူမတောင့်မှ သီလ စောင့်နိုင်သည်"ဟု ဆိုထား လေသည်။ ယခု ခေတ်၌ အချို့ပုဂ္ဂိုလ်တို့သည် တရားကို အားထုတ်ချင်ကြ သော်လည်း အူမမတောင့်သောကြောင့် အားမထုတ်နိုင်ခြင်းမှာ ကိုယ်တွေ့ဖြစ်၍ ယုံကြည်မိပါသည်။

# လိုအပ်ချက် (၂)

ဝမ်းတွင်းနှလုံး ဖြောင့်သုံးခြင်း ဆိုသည်မှာ မဟာ ဂန္ဓာရီ သမာဝိဇ္ဇာလမ်းသည် ဖြူစင်သန့်ရှင်း စင်ကြယ်သော အရိယာပက္ခ ဓမ္မဖြစ်၍ စိတ်ဓါတ်နှလုံး အထူး ကောင်းရမည်။ ခာတ်တန်ခိုး ဆိုသည်မှာ ဖြူစင်သန့်ရှင်း စင်ကြယ်သော စိတ်ဓါတ်နှင့်ပြည့်စုံ သော ပုဂ္ဂိုလ်တို့၏ သဏ္ဍာန်သာ ကိန်းအောင်းသည်။ စိတ်ဓာတ် မကောင်းသော မဖြူစင်သော ပုဂ္ဂိုလ်တို့၏ သဏ္ဍာန်၌ကား ကိန်းအောင်းခြင်းမရှိပေ။

အချို့သောအဂ္ဂိယ လုပ်ရပ်သမားတို့သည် မိမိတို့အားထုတ် လုပ်ကိုင်၍ ဖြူစင် သန့်ရှင်းလာသော ဓာတ်တန်ခိုးသည် အား ထုတ်လုပ်ကိုင်သော ပုဂ္ဂိုလ်သည် မဖြူစင်မသန့်ရှင်း၍ လောဘ ရမ္မက်နောက် လိုက်မိသောအခါ လက်ထဲသို့ အရောက်မခံဘဲ လုံထဲမှာပင်ပျောက်ကွယ်၍ ထွက်သွားတတ်လေသည်။ ထိုအခါ အဂ္ဂိယလုပ်ရပ်သမားက မိမိတို့အပြစ်ကိုမစဉ်းစား၊ စုတ်တသတ် သတ်နှင့် ရင်ပတ်စည်တီး ဖြစ်ရရှာလျက် အချို့မှာ စိတ်ဖောက် ပြန်ခြင်းသို့ ရောက်ရရှာသည်။ အချို့မှာ ဓာတ်စုဆောင်း၍ နောက်တဖန် လုပ်ရပ်တည်းပြန်လေသည်။ မိမိ၏သဏ္ဍာန်၌ဖြူစင် သောတရားမရှိသဖြင့် ဖြစ်ရချက်ကိုကား စဉ်းစားမိဟန် မတူ ချေ။ စဉ်းစားမိက ထွက်သွားသော ဓါတ်ကို ပြန်ရအောင် မိမိ ကိုယ်တိုင် ဖြူစင်အောင် လုပ်ကြ ရမည်ကား မလွဲပေ။ ထို့ ကြောင့် မဟာဂန္ဓာရီထုံးက စိတ်ဓါတ်နှလုံး ဖြူစင် ဖြောင့်သုံး ရမည်ဟု ဆိုထားသည်။

မဟာဂန္ဓာရီ ဝိဇ္ဇာဓိုရ်၏အဖြစ်သို့ရောက်ကြသော ပုဂ္ဂိုလ်တို့၏ မူလနှလုံးသားစိတ်စေတနာကပင် အတန်တန်ပဋိသန္ဓေနေရသော ဒုက္ခ, အိုရသောဒုက္ခ, နာရသောဒုက္ခ, သေရသောဒုက္ခ, အမျိုးမျိုးတို့ကို ကြောက်ရွံ့ ထိတ်လန့်သဖြင့် ထိုဒုက္ခမျိုးအပေါင်းမှကင်းလွတ်၍ တဘဝ တခန္ဓာနှင့်ပင် အရဟတ္တမဂ် အရဟတ္တဖိုလ်တည်းဟူသော တရားအထူးကိုရရှိ၍ နိဗ္ဗာန်သို့ ဝင်စံလိုသောစိတ်ဆန္ဒကို ပဓာနထား၍ မဟာဂန္ဓာရီ ဝိဇ္ဇာလမ်းကို ကျင့်ကြံအားထုတ်လုပ်ကိုင်ကြလေသည်။ တစုံတရာ သားကြေးမှု၊ မယားကြေးမှု၊ ပစ္စည်းရှာဖွေ စုဆောင်းမှု အရင်းခံကား အလျဉ်း မရှိကြပေ။ ထို့ကြောင့် စိတ်ဓါတ်အား လျော်စွာ ပေါက်ရောက် အောင်မြင် ကြလေသည်။ စီးပွားရေးတင်ပြီး သားကြေးမှု၊ မယားကြေးမှုအဖြစ်ဖြင့် မဟာဂန္ဓာရီ ဝိဇ္ဇာလမ်းကို အားထုတ်ကြမည်ဆိုပါက နားရွက်ကိုကြည့်လေဝေးလေဖြစ်မည်မှာ မြေကြီးလက်ခတ်မလွဲ သေချာလှ၏။

အချို့အဂ္ဂိယ လုပ်ရပ်သမားတို့ကလည်း လုပ်ရပ်လမ်း၏ အစ, အလယ်, အဆုံး, သုံးပါးစလုံးကို သတိမမူဘဲ ရွှေ, ငွေ, ဖြစ်မှုကစ၍ လုပ်ရပ်လမ်းကိုအားထုတ်ကြသောကြောင့် နောက်ဆုံးတွင် ငွေကုန်လူပန်းအဖတ်တင်၍ ဘဝကူးမလှ, အမျိုးမျိုးဖြစ်ရရှာလေသည် ထို့ကြောင့် ဖြူစင်သောလမ်းကြီးကို ညစ်နွမ်းသောစိတ်ဓါတ်နှင့် သက်ဝင်၍ ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ကို သဘောသက်ဝင်နိုင်ကြစေလို၏။

ယခုအခါတွင် ဝိဇ္ဇာဆရာကြီးများကို သက်ဝင်ယုံကြည်ကြသောပုဂ္ဂိုလ်တို့၏ သမာဓိအခြေကို ထောက်ဆ၍ သာမာန်

လောကီအကျိုးကလေးမျှကို ချီးမြှောက်နိုင်ရန်အတွက် သာ ဖြစ်သည်။ ဝိဇ္ဇာပေါက်အထိ တက်ရောက် ကျိုးစားရ ပေမည်။ ကိုးကွယ်ရုံနှင့် ဝိဇ္ဇာဆရာကြီးများက ရွှေငွေတွေပေးနိုင်ပြီ ထင်မှတ်၍တောင်းခံကြသည်ကို ကိုယ်တိုင် တွေ့ရခြင်း၊ အချို့ ကလည်း ပုတီးမစိတ် ဂန္ဓာရီပင့်ပတ်ကိုအားမထုတ်ဘဲနှင့် အရင်းမရှိသူက ဗေဒဆော်ထိုးဆိုသောစကားကဲ့သို့ စောင်မခြင်းကို မခံရချေ။

## လိုက်နာချက် ၃

ဝိရိယ လုံ့လ သူတပါးတို့နှင့် မတူမတန် ထက်သန်ခြင်း ဆိုသည်မှာ မဟာဂန္ဓာရီ ဝိဇ္ဇာလမ်းသည် လူတရာမှ တယောက်၊ တထောင်မှတယောက်၊ ပေါက်ရောက်နိုင်ခဲသော ဝိဇ္ဇာလမ်းကြီးဖြစ်၍ သာမန်အား လုံ့လတော်နှင့်မဖြစ်နိုင်၊ အရိုးကြေ ကြေ၊ အရေစုတ်စုတ်၊ နောက်မဆုတ် တကယ်တန်းဝိရိယကို ထူထောင်၍ အားထုတ်မှသာဖြစ်နိုင်သောလမ်းကြီးဖြစ်ကြောင်း သိထိုက်ပေသည်။ မြတ်စွာဘုရား၏ဖြစ်စဉ်, ပစ္စေကဗုဒ္ဓါ၏ဖြစ်စဉ်, အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက စသော ဖြစ် စဉ်မျိုးတို့ကဲ့သို့ ပါရမီပြည့်စုံညီညွတ်မှဖြစ်နိုင်သည်။ သို့သော်ကျမ်းဂန်များ၌ မြတ်စွာဘုရားစသောဖြစ်စဉ်ကို ကာလအပိုင်းအခြားနှင့် ပါရမီဖြည့်ရမှုကို တွက်စစ်၍ ထုတ်ပြသော်လည်း မဟာဂန္ဓာရီ ဝိဇ္ဇာလမ်းမှာကား ဤကဲ့သို့ သီးသန့်၍ ပါရမီဖြည့် ရ ချက် ကို အလျှင်းထုတ်ပြခြင်းမရှိပေ။

မရှိသော်လည်း ပါရမီဖြည့်ရချက်ကို တွက်စစ်လျှင် ပကတိသာဝကအတန်းလောက် ပါရမီဖြည့်မှဖြစ်နိုင်သည်ဟု ယူဆရန်

ရှိသည်။ ထိုပါရမီသည်လည်း အားထုတ်မှု ဝိရိယလုလ္လအပေါ် တွင်ရပ်တည်နေသောကြောင့် ဝိရိယသာ အရေးကြီးပေသည်။ ထို့ကြောင့် မဟာဂန္ဓာရီထုံး၌ တတိယအင်္ဂါအရ ဝိရိယသာလျှင် အရေးကြီးကြောင်းသိစေလို၍ (ထူးခြား)သော ဝိရိယ ရှိရမည်ဟုဆိုသည်။

မြတ်စွာဘုရားဟော ကျမ်းဂန် များ၌လည်း ဝိရိယနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့အား အဘယ်အမည် ရှိသော အမှုကိစ္စသည် မပြီးစီးနိုင်ဘဲရှိအံ့နည်း၊ အမှုကိစ္စအလုံးစုံ ပြီးစီး သည်ဟု (ဝိရိယ စတောကိ နာ်မ ကမ္မ နသိဇ္ဈတိ)ဟုပါရှိလေသည်။

ထို့ကြောင့် မဟာဂန္ဓာရီဝိဇ္ဇာလမ်းကို ထွက်မြောက်လိုပါက ဝိရိယပြည့်စုံမှုကိုလည်း သူများနှင့် မတူမတန်အောင်ရှိစေရမည်၊ မည်သည့်လုပ်ငန်းမဆို အားထုတ်မှု ဝိရိယ ရှေ့ဆောင်မှုသာလျှင် ပြီးစီးနိုင်ကြောင်း သတိပြုအပ်ပေ၏။

# လိုက်နာချက် (၄)

သမထ ဝိပဿနာတို့၌ ရင့်သန်သော သမာဓိနှင့်ပြည့်စုံခြင်း ဆိုသည်မှာ အထက်က ဖော်ပြရေးသားခဲ့သည့်အတိုင်း ဂန္ဓာရီဝိဇ္ဇာလမ်းသို့ပေါက်ရောက်ခြင်းသည် နှစ်မျိုးနှစ်စား ရှိကြောင်း၊ တမျိုးမှာ မိမိကိုယ်တိုင် သံယဇာတ ဓါတ်တို့ကို စုဆောင်း၍ ထွက်ရပ်လမ်းသို့ဝင်လျက် ဓါတ်တန်ခိုးဖြင့် ပေါက်ရောက်ခြင်း၊ ဆေး, အင်း, စမစသော အတတ်တို့ဖြင့် မိမိကိုယ်တိုင်အားထုတ်

ကြံဆောင်နိုင်သဖြင့် ပေါက်ရောက်သော ဂန္ဓာရီဝိဇ္ဇာတမျိုး၊ မိမိကိုယ်တိုင်ဓါတ်အမျိုးမျိုးတို့ကိုမစုဆောင်းဘဲ စမ္ပမသောက်၊ အင်းမချ၊ ဖွ-မန္တန်းဘဲနှင့် ဂန္ဓာရီပဋ္ဌိပတ်တရားကိုအားထုတ်သဖြင့် ဝိဇ္ဇာဓိုရ်ဆရာကြီးတို့ထံမှစောင်မခြင်းကိုခံရသဖြင့် ပေါက်ရောက် အောင်မြင်သော ဂန္ဓာရီဝိဇ္ဇာတမျိုး။ ဤသို့ နှစ်မျိုး ခွဲ ခြား၍ ရှိရာ၊ ယခုဝိဇ္ဇာမှာကား သမာဓိဖြင့် ထွက်ရပ်သို့ထွက်မြန်းရမည့် ဂန္ဓာရီသမာဓိဝိဇ္ဇာလမ်းဖြစ်၍ သမာဓိအခြေ လုံလောက်ရမည် ဟု ဆိုလိုသည်။ သမာဓိအခြေမရှိက မည်သည့် ဝိဇ္ဇာဓိုရ် ကမှ ထွက်ရပ်လမ်းသို့ရောက်အောင် ဓါတ်တန်ခိုးတခုခုကိုချီးမြှောက် လိမ့်မည်မဟုတ်။

သမာဓိအခြေရင့်သန်ခြင်းဆိုသည်မှာလည်း သာမန် ပုတီး စိတ်ခြင်း၊ သာမန် ဝိပဿနာ အားထုတ်ခြင်းတို့ကို ဆိုလိုရင်း မဟုတ်။

ရင့်သန်သော သမာဓိ၏အခြေမှာ သမထဝိပဿနာ အလုပ် ခွင်သို့ဝင်၍ စရိုက်နှင့်သင့်လျော်သော ကမ္မဋ္ဌာန်း ကို ဖြစ် စေ၊ အာနာပါနကမ္မဋ္ဌာန်း, ဗုဒ္ဓါရုမ္မဏကမ္မဋ္ဌာန်း, ပထဝီ စသော ကသိုဏ်းဝန်းကမ္မဋ္ဌာန်းတို့ကို ပွားများ အားထုတ်၍ ယောဂီ ပုဂ္ဂိုလ်တို့၏သန္တာန်၌ သမာဓိအဆင့်အတန်းသည် တဖြေးဖြေး ရင့်သန်၍ ဥပစာရသမာဓိအခြေသို့ရောက်သော်ငင်း၊ နိမိတ်မှာ လည်း ဥဂ္ဂဟနိမိတ်သို့ရောက်သော်ငင်း၊ ရင့်သန်သော သမာဓိ အခြေသို့ရောက်လေသည်။

နောက်ဆုံးအချုပ်ဆိုလိုရင်းမှာ ထွက်ရပ်ပေါက် ဂန္ဓာရီ သမာဓိဝိဓိလမ်းသို့ ရောက်နိုင်သောသမာဓိမှာသမထတရားကို ပွားများအားထုတ်ပါလျှင် ဉဂ္ဂဟနိမိတ်အဆုံးနှင့် ယှဉ်နိုင်သော သမာဓိကိုရလျှင် စတုတ္ထအင်္ဂါနှင့်ပြည့်စုံပြီဟုမှတ်၊ ဝိပဿနာကို အားထုတ်လျှင် ဒိဒိဝိသုဒ္ဓိနှင့်ပြည့်စုံသော ဝိပဿနာဉာဏ်ကိုရရှိပါက စတုတ္ထအင်္ဂါနှင့်ပြည့်စုံပါပြီဟုမှတ်၊ ထိုသို့ မဟုတ်စေဘဲ သမာဓိအားခိုင်မာမှုမရှိလျှင် ဝိဇ္ဇာဓိုရ်ဆရာကြီးများ (စောင့်ရှောက်ကြ)ပြောနေသော်လည်း စောင့်ရှောက်ရာမရောက်၊ တနေ့နေ့တွင် အနှောက်အယှက်များနှင့်တွေ့ရ၍ ပျက်စီးရတတ်ခြင်း၊ သမာဓိပျက်၍ ဓါတ်တန်ခိုးတို့၏ စွန့်ပစ်ခဲ့ခြင်းတို့ကို ခံရ တတ်လေသည်။

## လိုက်နာချက် (၅)

ရတနာသုံးပါးဂုဏ်၊ ဓါတ်တန်ခိုးတို့၏ဂုဏ်ကို ယုံကြည်ရမည်ဟု ပဥ္စမအင်္ဂါအရ၊ ဝိဇ္ဇာဆရာကျူးများ၏ အမိန့်ချ ချက် မှာ လောကဌ်ယုံကြည်မှုသည် ထွက်ရပ်ပေါက်လမ်းတွင် မ ဟု တ်၊ လောကီအတွက်မှာလည်းအရေးကြီးလေသည်။ ပစ္စည်းဥစ္စာရှာဖွေစုဆောင်းရေး, ပေါင်းသင်းဆက်ဆံရေး, နေရေး, ထိုင်ရေး, စသော လောကီအရေးဟူသမျှမှာ ယုံကြည်မှုသည် ရှေ့သွားကြီးတခုဖြစ်သည်။

တဦးနှင့်တဦးယုံကြည်မှုမရှိသော် ပေါင်းသင်းဆက်ဆံရေးသည်ကင်းပြတ်၍ နောက်ဆုံး၌ လူခပ်သိမ်းတို့ ယုံကြည်ခြင်း

အလျှဉ်းမရှိသောသူသည် လောကီရေးအတွက် အနေ ကြပ်တည်းလေတော့သည်။

ထို့အတူ လောကုတ္တရာလုပ်ငန်း၌လည်း ယုံကြည်မှု ကို ရှေးဦးစွာစိုက်မှဖြစ်နိုင်သည်။ မြတ်စွာဘုရားဟောကြားတော်မူသော ပိဋကတ် ဒေသနာတော်သည် အလွန် ကျယ် ဝန်း ၍ မြတ်စွာဘုရားရှင်တို့၏ သဗ္ဗညုတဉာဏ်တော်ဖြင့်သာ သက်ဝင် ရှုစား၊ တက်စားနိုင်သော အရာဌာနဖြစ်၍ ပုထုဇဉ်တို့၏ဉာဏ်နှင့် သက်ဝင်ကျက်စားပါက မဟာသမုဒ္ဒရာတွင် ယုန်သူငယ် ထောက်သကဲ့သို့ ရှိဘွယ်ရာကို မိမိဉာဏ်မမှီသဖြင့် မယုံကြည်ဘူးဆိုက မယုံကြည်သောပုဂ္ဂိုလ်တို့၏ အပေါ်မှာသာ တာဝန်ရှိသည်။

ဤကဲ့သို့ မိမိတို့၏ဉာဏ်ဖြင့်မမှီ၍ မသက်ဝင် သော်လည်း ဘုရားရှင်ကိုယုံကြည်သောအားဖြင့် ၎င်း၏တရားတော်ကိုလည်း ယုံကြည်ရမည်၊ ဘုရားနှင့်တရားကိုယုံကြည်ပါလျှင် သံဃာတော်ကိုလည်း ယုံကြည်ရမည်။ ထိုသို့ယုံကြည်မှ ဘုရားဟောတိုင်း လိုက်နာကျင့်ကြံနိုင်သည်။ လိုက်နာကျင့်ကြံမှ မဂ်တရား၊ ဖိုလ်တရား အထူးတို့ကို ရရှိကြလေသည်။ ဤကဲ့သို့ ရရှိကြခြင်းကို အကြောင်းခံတရားကို ရှာလျှင် သဒ္ဓါတရားဟု ဆိုအပ်သော ယုံကြည်မှုပေါ်မှာတည်ရှိလေသည်။ ထို့ကြောင့် ဘုရားဟော ကျမ်းများတွင် ဗုဒ္ဓဘာသာတရား၏တည်နေမှုသည် သဒ္ဓါတရား အပေါ်မှာတည်ကြောင်းပြဆိုလေသည်။

လောကီဝိဇ္ဇာလမ်းသို့ ကြွမြန်းနေလိုသော ပုဂ္ဂိုလ် တို့သည် သည်း ယုံကြည်မှုကိုရှေ့ထား၍ အားထုတ်စေရမည်၊ ယုံကြည်မှုမရှိက အသို့ဖြစ်နိုင်မည်ကိုစဉ်းစားပါ။

ထို့ကြောင့် ပဌမ ၁-ချက်လှကြည်မှုမှာရတနာသုံးပါးပင် ဖြစ်ပေသည်၊ ရတနာသုံးပါးသည် အမွန်အမြတ်ဆုံးဖြစ်၍ မည်သည့်ကိစ္စမဆို အဦးထား၍လုပ်ကိုင်ပါက မဖြစ်နိုင်သော အရာဌာနဟူ၍မရှိ၊ လောကီဝိဇ္ဇာဓိုရ် လောကုတ္တရာဝိဇ္ဇာဓိုရ်အရှင်မြတ်တို့လည်း ၎င်းရတနာသုံးပါးကိုအမှူးထား၍ အားထုတ်လုပ်ကိုင်သောကြောင့် ပေါက်ရောက်အောင်မြင် ကြသည်ကို ယုံကြည်စေရမည်။

ဒုတိယ ၂-ချက် ယုံကြည်မှုမှာ ဓါတ်တန်ခိုးအမျိုးမျိုးတို့၏ အစွမ်းသတ္တိကိုယုံကြည်ရမည်။ ဓါတ်တန်ခိုးအမျိုးမျိုး တို့သည် လောကကြီးတခုလုံးကိုပြုပြင်နိုင်ကြောင်း။ ၎င်းဓါတ်တန်ခိုးတို့ကို မှီဝဲရသောပုဂ္ဂိုလ်တို့သည် ဓါတ်၏အစွမ်းဖြင့်လိုရာပြီးမြောက်သဒ္ဓိပေါက်နိုင်မှုကိုယုံကြည်ရမည်။ ထိုကဲ့သို့ ဓါတ်တန်ခိုးတို့ကို ယုံကြည်မှသာ ဓါတ်၏အကျိုးကိုခံစားရလေသည်။ ဝိဇ္ဇာဆရာကြီးများကလည်း ယုံကြည်မှုရှိသောပုဂ္ဂိုလ်မှသာလျှင် စောင်မကြလေသည်။ ယခုခေတ်တွင် ရောဂါဝေဒနာ ပျောက်ရာပျောက်ကြောင်းဖြစ်သော သွေးဆေး, ငန်းဆေး,လျှာပွတ်ဆေးစသော မြန်မာဆေးဝါးများသည် ထင်ရှားရှိသော်လည်း မယုံကြည်၍မသုံးဆောင်မမှီဝဲပါက ဆေး၏အကျိုးကို မခံ စားရ

သကဲ့သို့ မယုံကြည်၍သုံးဆောင်မှီဝဲသောပုဂ္ဂိုလ်မှာသာ ဆေး၏ အကျိုးကို ခံစားရသလို ယွက်ရပ်ပေါက် သိဒ္ဓိရောက် ဓါတ် အပေါင်းများစွာရှိသော်လည်း ယုံကြည်သော ပုဂ္ဂိုလ်၏အဘို့မှ သာလျှင် အရာရောက်သည်၊ မယုံကြည်သောပုဂ္ဂိုလ်၏ အဘို့ဆို လျှင် အဘို့အရာရောက်ပါအံ့နည်း။

ထို့ကြောင့် ပဋ္ဌမအင်္ဂါ၌ ရတနာသုံးပါးဂုဏ်၊ ဓါတ်တို့၏ ဂုဏ်ကိုအထူးယုံကြည်စေရမည်ဟုပါရှိလေသည်။ ယခု ခေတ်၌ အချို့သော လူကပ်, လူတတ်, တတ်ယောင်ကားတို့က ပထမံ ဆရာကြီးထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီး တဦးကိုပင်လျှင် ကဲ့ရဲ့ရှုတ် ချ၍ ထွက်ရပ်ပေါက်ဝိဇ္ဇာဆိုတာမရှိ၊ အချို့ကလည်းမျက်ဝါး ထင်ထင်မြင်ရမှယုံကြည်နိုင်မည်။ သို့မဟုတ် မယုံကြည်နိုင် ဟု ပညာမဲ့စကားကိုပြောဆိုကြလေသည်၊ စင်စစ်အမှန်မှာ အပြစ် ဆိုရန်မဟုတ်၊ ၎င်း၏နည်းလမ်းကျနစဉ်အတိုင်းအားထုတ်ကြည့် ရန် ငွေမအခြေပြုရမည်။ အားထုတ်ကြည့်၍ အကျိုးမခံစား ရမှ စွန့်သင့်လျှင်စွန့်ရမည်။ သို့မှသာ ဂန္ဓာရီပဋိပတ်၏ အကျိုး ထူးကိုသိနိုင်ပေမည်။

* * *

# နေကသိုက်း ဝါ တေဇောကသိုက်းကျင့်နည်း

တရုံးလုံး ရေတွက်ကြည့်မည်ဆိုပါက အမှုထမ်း ပေါင်း တထောင်မျှရှိ၏။ ဝါသနာ စရိုက်ချင်းတူသူတွေ ပေါင်းသင်းကြ၏။ ဤသို့ အမှုထမ်းပေါင်းထဲတွင် အသောက် အစား ဝါသနာပါသူတစု၊ ဂီတစာရေးစာဘတ် ဝါသနာပါသူကတစု၊ မအပ်လပ်၍ဟုအကြောင်းပြခါ မည်သည့် အလုပ်ကိုမှမလုပ်ဘဲ အချိန်ကိုအလဟဿဖြုန်းတည်းသူတွေကလည်းမနဲ။

လူဆိုသောသတ္တဝါသည် အခက်သား ဝါသနာစရိုက်ချင်း မတူခဲ့ပါက အပေါင်းအသင်း တရင်းတနှီးမရှိခဲ့ကြပေ။

သူတော်ချင်းချင်း အသင်းလေ့လေ့ ပေါင်းဖက်မေ့ ဆိုသော စကားနှင့်အညီ ကျွန်တော်၏ မိတ်ဆွေရင်းဖြစ်သော ကိုလှမြင့်

နှင့်သော တရားဓမ္မ အကြောင်းနှင့်ပတ်သက်၍ အားလပ်သော အချိန်များတွင် ဆွေးနွေးကြလေ့ ရှိပါသည်။

ထို့ကြောင့် ကျနော်တို့ နှစ်ဦးကို ဘုရားဖြစ်မဲ့ အုတ်နီခဲ ဘိုးတော်ကြီးများဟု ကင်မွန်းတပ်နာမည်ပေးကြသည်။

ဘယ်သူတွေ မည်သို့ခေါ်ခေါ် (မည်သို့ပင်နာမည်များကို ကင်မွန်းတပ်တပ်) ကျနော်တို့နှစ်ဦးနားလည်ထားသည်ကတော့ သင်္ခါရတရားမမြဲတဲ့သဘောကိုရင်ဝယ်သိမ်းဆည်းထားကြသည်။ မကြွေးသောလက်မဆန့်မိ၊ မဆန့်သောလက်မကြွေးမိ၊ သေချင်းတရားက မြန်ဆန်လှ၏။ ဤသို့သဘောပေါက်ထားသူများဖြစ်ကြ၏။ လက်တွေ့ပေါင်းစပ်သောတရား၊ တမျိုးပြောပါက ဘဝနှင့်အနီးစပ်ဆုံးတရားကို ရှာကျန်နေကြသည်။ အကုသိုလ်ကို မလုပ်ပါနဲ့၊ နောက်လုပ်မည့်အလုပ်သည် သူတော်ကောင်းတရားဖြစ်ပါစေ၊ ဤကား ဗုဒ္ဓ၏မြွက်ဆိုအပ်သော တရားပင်မဟုတ်ပါလော။

ကျနော်တို့သည် ယေယ်ရှယ်သူများဖြစ်ကြသည်။ ငယ်ရွယ်သူမိပါ၊ တွေ့ကြုံလိုသောအရာများသည် အဆန်းတကျယ် ဖြစ်ရပေမည်၊ မမြင်ရသောသတ္တဝါထူး၊ ဘုံအဆင့်ကို ကြည့်လိုမြင်လို၊ လူတွေပြောကြသော ပုံပြင်ဟုပြောပြော ဒဏ္ဍာရီဘဲဆန်ဆန်၊ ဆိုသော သူရဲတစ္ဆေများကိုရှိမရှိ စိတ်၏ဆန်းကြယ်မှုကိုတော့ သဘာဝ၏ လောကဓါတ်နှင့် ပေါင်းစပ် လို ချင် သေး သည်။ ဤအကြောင်းများကြောင့် (သမထ)တရားကိုကျင့်ရန် လိုလာ၏။ ထိုတရားကို ကျင့်ဖန်များပါက ဝိဇ္ဇာမယဉာဏ် ရ ရှိ နိုင်

ကြောင်း၊ သက်ကြီးစကားသက်ငယ်ကြားခဲ့သလို ဤသို့ ပြော ပေလင့် လက်တွေ့ကျင့်၊ လက်တွေ့ပြမှယုံသူတွေ။

ညတညလုံး တုတ်တုတ်ကလေးမျှ မလှုပ်မရှက်မိ၊ ဘယ် လောက် အိပ်ကောင်းသွားသည်ကိုမသိ။ လောကကြီးတခုလုံး ကို မေ့သလောက်ပင်၊ ဟောက်နေသောအသံက တဘက်သူ အား အနှောက်အယှက် ဖြစ်စေသည်ကိုမသိလိုက်၊ နံနက် နေ ရောင်ခြည်မျက်နှာပေါ်မှဖြတ်သန်းတော့မှ တင်းတင်းရင်းရင်း လန်းဆန်းသောမျက်နှာက အိပ်ရေးဝကြောင်း သက်သေပြနေ တော့သည်။

တနင်္ဂနွေနေ့ရုံးအားရက်မို့ အေးဆေးစွာနေရမည်ဟု ထင်မိ သည်။ စက္ကန့်ပိုင်းတော့ ဒီအတွေးကမှန်လှ၏။ နောက်တော့မှ ပြောင်းလဲသွားသည်မှာ မြန်ဆန်လွန်းလှပေသည်၊ မနေ့ က ခမ္မမိတ်ဆွေကိုလှမြင့်ချိန်ထားသောစကားကြောင့် အိမ်ပြင်သို့ ထွက်ရမည်၊ ကျနော်သည် တိုင်ကပ်နာရီသို့လှမ်းကြည့်လိုက်ပါ တော့သည်။အချိန်ကနံနက်(၈)နာရီပင် ချိန်းထားသောအချိန် က စေ့နေ၏။ သို့သော် ကိုယ့်ဝမ်းပူဆာ မနေသာ ဆိုသည့် အလား ပူနွေးသော လဘက်ရည် တခွက်ကို ပါးစပ်တဲ့ထည့် ပြီး အိမ်မှထွက်ခဲ့ပါသည်။

ကျနော်သည် ရွှေတိဂုံဘုရား၏ အထက်ပစ္စယံရင်ပြင်ပေါ် သို့ရောက်တော့မှ စိတ်ချမ်းသာကိုယ်ချမ်းသာဖြစ်လာ၏။ စေတီ တော်ကြီးမှ ခေါင်းလောင်းသံများက ကျနော်၏ စိတ်အစဉ် ဝယ် ငြိမ်အေးမှုများဖြစ်စေခဲ့ပါသည်။

မြင့်ရာမှနိမ့်ရာသို့ကြည့်မိသည်။ မျက်စိ၏ အကြည်ဓာတ်သည် မြေကြည်လင်လျက်ရှိပြန်သည်။ တွေ့မြင်ရသောမြင်ကွင်း၏အလှသည် တမျိုးတဖုံ ထူးဆန်းနေ၏။ ရန်ကုန်မြို့၏ နယ်နမိတ်အတွင်းသို့ အိမ်ကြီးအိမ်ငယ်တိုက်တာများနှင့် သစ်ပင်ကြီးငယ်များ၊ ဥတဟိုသွားလာနေသော မော်တော်ကားများ၊ ကျနော်သည် ပတ်ဝန်းကျင်ရှိ သဘာဝအလှကို ငေးမော နေမိသည်။ အမှတ်မထင် လူတယောက် ပခုံးသာပုတ်တော့မှ ကျနော်၏ အတွေးများသည် ပြတ်လိုက်မိသည်။

"ဘယ်လိုတုန်း ကိုခင်မောင်ညွန့် အတွေးရေယဉ်ကြောမှာ နစ်မြောနေပြီထင်တယ်။ ကျနော် နောက်ကျသွားတာကိုတော့ ခွင့်လွှတ်ပါ"

ကိုလှမြင့်သည် တွေ့တွေ့ခြင်း ခွင့်လွှတ်ပါဆိုသော စကားကြောင့် ကျနော်ဘာတခွန်းမှမပြောပတော့ချေ။

ကိုလှမြင့်သည် ကျနော့လက်ကိုဆွဲပြီး သူသွားလိုသော နေရာသို့ခေါ်ဆောင်ခဲ့ပါသည်။ လှုပ်ရှားသွားလာ နေရာက ကျယ်ဝန့်လှ၏။ အောက်မှ အထက်သို့ မော့ကြည့်ပါက ဒီလောက်ကျယ်လိမ့်မည်ဟု မထင်မိချေ။ အထက်ပစ္စယံအပေါ်သို့ရောက်ခါမှ လှည်းနှစ်စီး တစီးနှင့်တစီး ကျယ်ကျယ်ဝန်းဝန်း ရှောင်တိမ်းနိုင်လောက်အောင် ကျယ်ဝန်းကြောင်းသိရပါ

သည်။ ရုံးအားရက်မို့ စိတ်ပုတီးစိတ်သူတွေနှင့် ကမ္မဋ္ဌာန်းတရား အားထုတ် နေသူတွေက မနည်းပေ။ ကိုလှမြင့်သည် ကျနော့ အားတရားအားထုတ်သူများထဲမှ တယောက်သောသူကို လှမ်း ပြီး ပြလိုက်ပါသည်။

"ကိုခင်မောင်ညွန့် ဟို ရှေ့မှာ လူတယောက် နေကသိုဏ်း ကျင့်နေတာ တွေ့တယ်မဟုတ်လား။ ဒီလူ နေကသိုဏ်းကျင့်နေ့ ပုံကို သေသေချာချာ ကြည့်စမ်းပါ။ မျက်လုံးနှစ်လုံးဟာ မှိတ် လိုက်ဖွင့်လိုက်နဲ့ တခါတလေ မျက်ရည်တွေလဲ ပါးပြင်ပေါ်မှ ကျဆင်းဆင်းပြီနေတာ မသုတ်ပစ်ဘဲ ကြည့်နေတဲ့အရာမှ အခြား တဖက်သို့ ပြောင်းလွှဲမပစ်ဘူး။ နဂိုရှိအတိုင်းဘဲ ကြည့်နေတယ်။ ခင်ဗျားတို့ ကသိုဏ်းသမားတွေဟာ ဒုက္ခစရိယာ ကျင့်နေတယ် လို့ ကျနော်ထင်တယ်ဗျာ၊ ဒီလူဟာ နေ့စဉ် နံနက်တိုင်း အမြဲ အချိန်မှန်မှန် ဒီနေရာကနေ နေကသိုဏ်းကို အကျင့်မပျက် ကျင့် နေတယ်။ ကျနော်တွေ့ရတာ ဒီလူကို နှစ်ပတ်နီးပါးခန့်ရှိပြီ"

ကိုလှမြင့် ညွှန်ပြသော သူအား ကျနော် သေသေချာချာ ကြည့်လိုက်မိပါသည်။ အသက်အရွယ် အားဖြင့် (၄၀) ကျော် ခန့်၊ အသားညိုညို၊ ကိုယ်လုံးကိုယ်ထည်မှာ ကြံ့ခိုင်ပြီး လည်ပင်း တွင် ပေသီးနှင့်လုပ်သော စိတ်ပုတီးတကုံးကို ဆွဲထား ပါသည်။ ၎င်းနေကသိုဏ်းရှုသူသည် လုပ်လိုအပ်သော အလုပ်ကို နောက် မဆုတ်တန်း လုပ်ဝံ့သော စိတ်သဏ္ဌာန်က သူလုပ်နေသော လုပ် ငန်းက သက်သေပြနေပါသည်။

ဒါပေမဲ့ ဒီလိုကျင့်ရင်း အားထုတ်ရင်းနဲ့ အကျင့် လွန်သွား

တဲ့ ကိစ္စမျိုးလဲမဖြစ်ရအောင် အလွန်သတိထားဘို့ လိုပါသည်။ ဒါကြောင့် ဘုရားဟောသော ဒေသနာ တော်နှင့် နှိုင်းယှဉ် ကြည့်ရသည်၊ မြတ်စွာဘုရားသည် ဒုက္ခစရိယာ ကျင့်ပုံကို ကျင့် ခြင်းကြောင့် ဒုက္ခရောက်ခဲ့ကြောင်း ဖော်ပြအပ်ပါသည်။

မြတ်စွာဘုရားသည် တခုတည်းသော တောအုပ်၌ လောကီ စျာန်ကို စီးဖြန်း၍နေသော ကာလာမအမျိုး၌ဖြစ်သော အာဠာ ရသေ့ထံသို့ကပ်၍ စျာန်သမာပတ်ကိုနှီးနှော၍ အားထုတ်သဖြင့် လောကီစျာန်ခုနစ်တန်ကိုရတော်မူ၏။ ထို့နောက်မှ ဥဒကရသေ့ ထံသို့ကပ်၍ အထက်စျာန်ကို နှီးနှော စီးဖြန်းပြန်သော် ရှစ်တန် သော သမာပတ်ကိုရတော်မူ၏၊ ဤရှစ်ပါးသော သမာပတ်တို့ သည် မြတ်သော သဗ္ဗညုတဉာဏ်၏ အကြောင်း မဟုတ်ချေ။ အကြောင်းကိုရှာဖွေဦးမှ ဖြစ်ခြိမ့်မည်ဟု အကြံတော် ဖြစ်ပြန်၍ တဖန် ဥရုဝေလတောအုပ်သို့ ကပ်တော်မူသည်။ ထိုတောအုပ်သို့ ရောက်သော် ဤအရပ်ကား ကမ္မဋ္ဌာန်း စီးဖြန်းခြင်းငှာ သင့်လျော် စွာသော အရပ်ပေတည်းဟု နှလုံးပြု၍ နေတော်မူစဉ် ပဉ္စဝဂ္ဂီတို့ နှင့်တွေ့လေ၏။

ထိုပဉ္စဝဂ္ဂီ တို့၏ အကြောင်းကား လက္ခဏာသတ် ပုဏ္ဏား ခုနစ်ယောက်တို့သည် မိမိတို့၏ အိမ်သို့ ပြန်သွားကြ၍ သားတို့ ကိုခေါ်ပြီးလျှင် သုဒ္ဓေါဒန မင်းကြီး သားသည် ဘုရားစင်စစ် ဖြစ်လိမ့်မည်။ ထိုမင်းသား ဘုရားဖြစ်သောအခါ အဆုံးအမ၌ တည်၍ ရဟန်း ပြုကြလေကုန်ဟု မှာခဲ့၍ ကံအားလျော်စွာ သေ

လွန်ကြကုန်၏။ ကောဏ္ဍည အနွယ်ဖြစ်သော သုဒတ္တ ပုဏ္ဏား တယောက်သာ အသက်ရှည်၍ တည်ရစ်သတည်း ဘုရားလောင်း ရဟန်းပြု၍ ဥရုဝေလ တောအုပ်သို့ ရောက်ပြီဟု ကြားလျှင် ကောဏ္ဍညနှင့်တကွ ပုဏ္ဏားသားလေးယောက်တို့သည် ရဟန်းပြု ၍ ဥရုဝေလတောသို့ လာကြကုန်သဖြင့် ဘုရား အလောင်းနှင့် တွေ့လေသတည်း။

(ပဥ္စဝဂ္ဂီတို့၏ အမည်ကား ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာ နာမ်၊ အဿဇိတည်း)

ဘုရားလောင်းလည်း ထိုပဥ္စဝဂ္ဂီတို့သာလျှင် အလုပ်အကျွေး ရှိသည်ဖြစ်၍ တနေ့လုံးကို ဆွမ်းတလုပ်ဖြင့်သာဝင်း၊ သစ်သီး တလုံးဖြင့်သာဝင်း၊ နှမ်းတစေ့၊ ဆန်တစေ့ ဖြင့်သာဝင်း၊ နေ့ ရက်ကိုလွန်စေခြင်း၊ အလျဉ်းပင်အာဟာရကို မမှီဝဲဘဲ ဖြတ်ခြင်း စသည်ကိုပြု၍ ကျင့်တော်မူသဖြင့် ကိုယ်တော်ကြုံလှီစွာရှိရကား လက္ခဏာတော်ကြီး၊ လက္ခဏာတော်ငယ်များ ကွယ်ပျောက်၏။ အာဟာရကိုမှီဝဲခြင်း နည်းပါးသဖြင့် အလွန်ပင် ပန်းလှရကား အာနာပါနစျာန်ကို ဝင်စားသည်တွင် မဝင်စားနိုင်ဘဲ စင်္ကြံဦး၌ လဲတော်မူသည်။ ထိုသို့လဲသည်ကို မြင်သော် စိတ်ကြွမ်း မဝင် သော နတ်တို့သည် သုဒ္ဓေါဒန မင်းကြီးထံသို့သွား၍ “သင်၏ သားသည် ဘုရားမဖြစ်ရရှာပြီ၊ ဒုက္ကရစရိယာ ကျင့်စဉ်တွင် စင်္ကြံ ဦး၌ ကမ္မဋ္ဌာန်းစီးဖြန်းရင်းလဲ၍ သေပြီဟု ကြားကြ၏။ ခမည်း တော်လည်း အကြိမ်များစွာ နတ်တို့လာ၍ ကြားသော်လည်း

ဘုရားမဖြစ်တဲ့ ငါ့သားမသေနိုင်ဟု ထိုစကားကိုယုံတော်မမူ။

ဘုရားလောင်းသည်လည်း ယင်းသို့ ဒုက္ကရစရိယာ အကျင့်ကို ခြောက်နှစ်တိုင်အောင် ကျင့်တော်မူပြီးမှ ဖြိုဖြင်စွာသော ဤအကျင့်ဖြင့် ဘုရားအဖြစ်သို့ မရောက်နိုင်ရာ သတ္တဝါတို့၏ ဓမ္မတာလည်း သဒ္ဓါလွန်လျှင် တွန့်သည်၊ ပညာလွန်လျှင် ဆွံ့သည် ဝီရိယလွန်လျှင် ပြန့်သည်၊ သမာဓိလွန်လျှင် တွန့်သည်၊ သတိသာလျှင် လွန်သည်မရှိ လိုသည်သာ ဖြစ်သည်။ ထို့ကြောင့် ယခုငါသည် အာဟာရကိုမျှစေလျက် ကိုယ်လက်ဖြည့်တင်း၍ သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိကိုမျှ တစေတော့အံ့ဟု ကြံလျက် ထိုထိုမြို့ရွာသို့ ချဉ်းကပ်၍ ခံအပ်သောဆွမ်းကို ဘုဉ်းပေးတော်မူ၏။ ထိုသို့ဘုဉ်းပေးရာတွင်မှ မဟာပုရိသ လက္ခဏာတော်တို့သည် ပေါ်မြဲကြ၏။

ဘုရားဟောအရ ဆိုပါက သဒ္ဓါလွန်လျှင် တွန့်သည်၊ ပညာလွန်လျှင် ဆွံ့သည်၊ ဝီရိယလွန်လျှင် ပြန့်သည်၊ သမာဓိလွန်လျှင် တွန့်သည်(သတိသာလျှင် လွန်သည်ဟုမရှိ)

ကိုလှမြင့်သည် ကျနော်ပြောသောစကားကို နားထောင်ပြီးနောက် သူသိသောအချက်မှာ မပြည့်စုံသေးကြောင်းပြောပြပါသည်။ ထို့ကြောင့် နေကသိုဏ်း ကျင့်ပုံ ကျင့်နည်း အကျယ်ဘဝင့်ရေးပြရန် တိုက်တွန်းပါတော့သည်။

ဤလိုသော အကြောင်းကြောင့်
ထိုလိုသော အကြောင်းကြောင့်

ကျနော်သည် နေကသိုဏ်းအကြောင်းကို လက်တွေ့ကျင့်ကြံခဲ့ခြင်းနှင့်ပတ်သက်၍ တွေ့မြင်ရသော အကြောင်း အရာများမှာ ထူးဆန်းအံ့သြဘွယ် ကောင်းကြောင်းလည်း ပါဝင်ခဲ့ပါသည်။ မည်သည့်အကြောင်းအရာများကို လေ့လာလိုက်ခြင်း၊တိုးတက်မှုကို လိုလားခြင်းများမှာမူ တခါတရံနီးရက်နှင့်ဝေးကွာကြောင်း တွေ့နိုင်ပေသည်။ ဥပမာ ကိုယ်ကာယ လှုပ်မှုနှင့် ခွန်အားကြီးမှုကို လိုလားသဖြင့် အလွန်လေးသော သံပြား၊ သံလုံးများကိုမခြင်း၊ လေ့ကျင့်ခြင်းဖြင့် လှုပ်ခြင်း၊ ခွန်အား ကြီးခြင်းသို့ ရောက်နိုင်သော်လည်း အလေးမရာတွင် မိမိ၏ ခွန်အားနှင့်အညီ လေ့ကျင့်မှုကို ပေးနိုင်စွမ်းရှိမှ လိုရာပန်းတိုင်သို့ ရောက်နိုင်ပေမည်။ အကယ်၍ မိမိလေ့ကျင့်သောစနစ်သည် မှားယွင်းနေပါက ဒုက္ခအပေါင်းနှင့် ရင်ဆိုင်ပြီး ခန္ဓာကိုယ်ပျက်စီးသွားနိုင်မည်ကိုလည်း သတိပြုရပေမည်။သိုင်းဆရာ၏လက်ဝါး၊ လက်စောင်းများသည် အုတ်ငါးချပ်ခန့်ချိုးပြနိုင်သည်။ မြန်မာ့ လက်ဝှေ့သမားများ၏ လက်သီးသည် ဝါးပိုးဝါးကိုကွဲအောင် ထိုးပြနိုင်သည်။ အဘယ်ကြောင့် ဤသို့ ပြနိုင်ခြင်းကို လေ့လာပါက အလွန် နူးနယ်သော လက်ချောင်းများ လက်ဝါးပြင် များကို မာကျောသောအရာဖြင့် ချက်ချင်း ထိတွေ့ကျင့်ယူခြင်း မဟုတ်ပေ။ အလွန်နူးနယ်သောသဲအိတ်များကို သံပုံးတခုတွင်ထည့်ပြီး လက်နှစ်ဖက်ကို သဲအိတ်သို့ တဖက်စီ ထိုးစိုက် လှုပ်ရှားပေးကာ အချိန်ပေါင်းများစွာ ရက်လပေါင်းများစွာ ကျင့်ပေးရသည်။ နူနယ်သောသားရေများကို ထိုးဆွဲပွတ်တိုက်ပေးရသည်။ ယင်း

အဆင့်ကို ကြိမ်ဖန်များစွာ ကျင့်ပြီးသောအခါမှ နောက်တဖန် စပါးများကို သံပုံးထဲထည့်ပြီး ကျင့်ရပြန်သည်။ လက်နှစ်ဖက်တွင်ရှိသော သွေးကြောများ မပျက်စီးရလေအောင် ဆေးလူးထားခြင်း၊ ဆေးလိမ်းထားခြင်းကလည်း ပြုရပေသည်။ မည်သူမဆို လေ့ကျင့်မှုကိစ္စတရပ် ပြုလုပ်ခြင်းသည် အကြောင်းတရားမှတဖန် အကျိုးတရပ် ဖြစ်ပေါ်လာစေရန်အတွက် ပြုလုပ်ခြင်းက သတိပြုရပေမည်။ အကယ်၍ အကြောင်းတရပ် ဖန်တီးခြင်း၊ လေ့ကျင့်မှုမှန်ကန်ပါမှ ကောင်းသောအကျိုးတရားတက် ရောက်နိုင်မည်။ ယခု နေကသိုဏ်း ကြည့်သော အလေ့ အကျင့်သည် သမာဓိ ရင့်သန်ရန်အတွက် ပြုလုပ်သည်ဟု ပြောမည် ဆိုပါမူ မမှားချေ။ သို့သော် ယင်း လေ့ကျင့်မှုသည် လေ့ကျင့်သောသူ၏ခန္ဓာကိုယ် အစိတ်အပိုင်းတွင် အလွန် အရေး ကြီးသော မျက်စိနှစ်လုံးကို အသုံးပြုရမည် ဖြစ်ပါသည်။ ယင်းကဲ့သို့ လေ့ကျင့်မှု မှန်ကန်ခြင်းမရှိဘဲ မှားယွင်း သွားပါက ဘဝတသက်လျှာတွင် လူဖြစ်ရကျိုး မနပ်တော့ပေ။ အကြောင်းမူ လူ့ခန္ဓာတွင် အလွန်အရေးကြီးသော အစိတ်အပိုင်းကြီးများတွင် မျက်လုံးသည် အရေးကြီးသော အစိတ်အပိုင်းကြီးတခု ဖြစ်ကြောင်း ဝန်ခံရပေမည်။ ယင်းအစိတ်အပိုင်းဖြစ်သော မျက်လုံးများသည် မိမိ၏ဆန္ဒစောမူ၊ ဝီရိယလွန်ကဲမှုတို့ကြောင့် ပျက်စီးသွားမည်ဆိုပါက ဘဝတလျှောက်လုံး မျက်ကန်းဘဝနှင့် နေရတော့မည်။ လူ့ဘဝကို လမ်းဖြောင့် ပေးနေသည်မှာ မျက်စိသည် အလွန်တန်ဖိုးရှိကြောင်း သိရှိရန်လိုအပ်သည်ကို သေချာတွက်ဆနိုင်မှ နေကသိုဏ်း ကြည့်သော အကျင့်ကို ကျင့်မည် ဆိုပါက အထူး

ပင် မှန်ကန်သင့်လျှော်ပေလိမ့်မည်။

ကသိုဏ်း(၁၀)ပါးတွင် တေဇော (နေ) ကသိုဏ်း(ဝါ)နေကသိုဏ်းသည်အလွန်အရေးကြီးလှပေသည်။တေဇောကမူ ပူပြင်းသော အရောင်၊ ဥပမာ ဖရောင်းကိုင်၊ မီးရောင်၊ ဓာတ်မီးရောင်၊ နေ စသည့် လူနှင့် နီးစပ်သော ပူသောပအရောင်ကို ဆိုလိုသည်။ ယင်းကဲ့သို့ ပူသောအရောင် (ဝါ) တေဇောကသိုဏ်း မကျင့်မီ ခံမိကြည့်လိုသော အရောင်ဝတ္ထု ဒြပ်သတ္တိကို ကြိုတင်သိထားရန် အလွန်အရေးကြီး၏။

ဥပမာ....

နေကသိုဏ်း ကျင့်မည်ဆိုပါက အကြမ်း အားဖြင့် နေ၏အကြောင်းကိုလေ့လာရန်လို၏။ နေ၏အကြောင်းကို အနည်းအကျဉ်း သိသင့်သိထိုက်သလောက် သိရှိထားရန်လို၏။ နေသည် ကြယ်တခုဖြစ်သော ကမ္ဘာ မြေကြီးသည် နေကို တနာရီလျှင် (၆၆၆၀၀)မိုင် ပတ်သွားသည်။ ၎င်းနှုန်းထားမှု တစက္ကန့်လျှင် (၁၈)မိုင်ခွဲသွား၏။ နေ၏အပူရှိန်သည် စင်တီဂရိတ် (၁၄) သန်းမျှ ပူလျက်ရှိ၏။

၂၁၂ ဖါရင်းဟိုက် စင်တီဂရိတ် ၁၀၀။

နေကို တယ်လီစကုတ်ဖြင့် ကြည့်ရှုခြင်းမှာ အဖြူရောင် ဝိုင်းဝိုင်းကြီးတွေ့ရသည်။

ကမ္ဘာသည် နေကိုပတ်သော အခါအတွင် ဘဲဥပုံသဏ္ဍာန် ကဲ့သို့လှည့်ပတ်နေ၏။ ကမ္ဘာနှင့် နေ၏အကွာအဝေးမှာ သန်း

ပေါင်း ၉၃ မိုင်၊ သိန်းပေါင်း ၉၃၀ ဝေး၏လျက်ရှိ၏။ နေ၏အချင်းမှာ ၈၆၅၀၀၀၊ ကမ္ဘာမြေကြီး၏အချင်းနှင့် နှိုင်းယှဉ်ပါက(၁၀၉)ကြီးလေသည်။

နေရောင်ခြည်၌ သက်တန့်၏ အရောင်များဖြစ်သောခရမ်း၊ မဲနယ်။ အပြာ၊ အစိမ်း၊ အဝါ၊ လိမ္မော်၊ အနီ စသော အရောင် (၇)မျိုးပါဝင်၍ နေလေသည်။ ယင်းကဲ့သို့ သက်တန့်ပေါ်ရခြင်းမှာလည်း ရေသည် နေရောင်ခြည်ကိုအရောင်ခွဲ၍ ပေးစွမ်းနိုင်ခြင်းရှိလေသည်။ ကောင်းကင်ထဲရှိ ရေမှုန့် ရေစက်ကလေးများဆီသို့ နေရောင် ထိုးသောအခါ၌ သက်တန့်ရောင် ဖြစ်စေပါသည်။

ကျွန်တော်တို့သည် နေ၏ အကြောင်းကို သိရှိပြီးနောက် မိမိတို့ပိုင်ဆိုင်သော မျက်စိ၏အကြောင်းကို သိနားလည်ထားရန်လည်း လိုအပ်ပေသည်။

## မျက်စိအလုပ်လုပ်ပုံ

ဆေးပညာရှင်များ၏ အယူအဆ ကွဲပြားခြင်းသည် အဓိကအားဖြင့်မျက်စိ၏အမြင် ချိန်အား (Aceom Modation) နှင့်ပတ်သက်၍ အဓိပ္ပာယ်အယူအဆ ခြားနားခြင်းကြောင့်ဖြစ်ပေသည်။ အနီးရှိအရာမှ အဝေးရှိအရာသို့ငှင်း၊ အဝေးရှိအရာမှ အနီးရှိအရာသို့ငှင်း ကြည့်ရှုစဉ်တွင် အလင်းတန်းစုအား ပြောင်းခြင်းကို အမြင်ချိန်ဟုခေါ်သည်၊

ထို့ကြောင့် အောက်တွင် အကျဉ်းမျှ ဖော်ပြ ထားသည့်

မျက်စိ၏အင်္ဂါရပ် အစိတ်အပိုင်းများနှင့် ယင်းတို့၏လုပ်ဆောင်မှုများကို သိနားလည်ရန်လိုအပ်ပေသည်။

မျက်လုံးသည် လုံးဝန်းသောသဏ္ဍာန်ရှိပြီး အချင်းတလက်မခန့်ရှိ၏။ မျက်လုံးကို အကြမ်းအားဖြင့် အလွှာသုံးလွှာ ဝန်းရံဖွဲ့စည်းထား ပေသည်။

၁။ မျက်ဖြူလွှာခေါ် အပြင်လွှာ။
၂။ မျက်တွင်းသွေးလွှာခေါ် ဒုလယ်လွှာ။
၃။ စက္ခုအာရုံကြောလွှာခေါ် အတွင်းလွှာ။

(မျက်ဖြူလွှာ)သည် အလယ်၌ရှိသည်။ မှန်ကဲ့သို့ကြည်လင်၍ ထုတ်ချင်းပေါက်မြင်နိုင်သော မျက်ကြည်လွှာမှအပ ကျန်အပိုင်းသည် အဖြူရောင်ရှိသည်။

ရောင်ခြည်တန်းသည် မျက်ကြည် လွှာမှ တဆင့် မျက်တွင်းရည်ကြည်ကိုဖြတ်ပြီး စက္ခုအာရုံကြောအိလွှာသို့ ကျရောက်၏။

## မျက်တွင်းသွေးလွှာ

မျက်တွင်းသွေးလွှာသည် မျက်စိမှုရင်း၊ မျက်စိသို့ဝင်း သွေးများကို လှည့်ပတ်စေသော အလွန်သေးငယ်သည့် သွေးကြောကလေးများဖြင့် ဖွဲ့စည်းထား၏။ မျက်ကြည်၏ နောက်ပိုင်း၌ မျက်လုံးသွေးလွှာကိုတွေ့ရ၏။ သွေးမျှင်ကလေးများနှင့် ဖွဲ့စည်းထားသော မျက်တွင်းသားသည် မျက်တွင်းသွေးလွှာနှင့်တဆက်တည်းရှိနေပေသည်။ ထိုမျက်နက်၏အလယ်တွင် မျက်လုံးအိမ်အတွင်းသို့ အလင်းရောင်ခြည်များ ဝင်နိုင်သည့်သူငယ်အိမ်ရှိ၏။

မျက်နက်ဝန်း၏ နောက်တည့်တည့်၌ ကြည်လင်သော မျက်တွင်းမှုန်ရှိ၏။ ဤမျက်တွင်းမှုန်က သူငယ်အိမ်ကို ဖြတ်သန်းသွားသည်။ အလင်းရောင်ကိုဖမ်းယူပြီး စက္ခုအာရုံအကြောလွှာ (သို့)မြင်လွှာပေါ်သို့ အလင်းရောင်စုပေး၏။

ကြည်လင်သော မျက်တွင်းမှုန်ပတ်လည်တွင် မျက်လုံးသွေးလွှာသည် မျက်တွင်း ကြွက်သားကလေးများဖြင့် ဖွဲ့စည်းထားသော မျက်တွန့်စုများဖြစ်စေ၏။ မျက်တွင်း ကြွက်သားကလေးများသည် ကြည်လင်သော မျက်တွင်းမှုန်နှင့် ဆက်လျက်ရှိနေပေသည်။ မျက်တွင်း ကြွက်သားများ၏ လှုပ်ရှားမှုက ကြည်လင်သော မျက်တွင်းမှုန်ကို ကျဉ်းစေကျယ်စေနိုင်ပေသည်။

## အတွင်းလွှာ (သို့) စက္ခုအာရုံကြောလွှာ

အလင်းနှင့် အဆင်းကို မြင်နိုင်သော အမြင်နာမ်ကြောနှင့် အတူ မျက်စိ နောက်ပိုင်းတွင်တည်ရှိသည်။ ယင်းသည် အလွှန်ပါးလွှာနူးညံ့ပြီး ပြင်ပလောကမှမြင်ကွင်းအတွင်းရှိအရာတို့၏သဏ္ဍာန်သည် ဤစက္ခုအာရုံကြောလွှာပေါ်သို့ ကျရောက်လာ၏။ စက္ခုအာရုံကြောလွှာ ပျက်စီးလျှင် မြင်နိုင်ငဲစွမ်းမရှိတော့ချေ။

ကြည့်လိုက်သည့်အရာဝတ္ထုတို့မှ ထွက်လာသော ရောင်ခြည်တန်းများသည် မျက်ကြည်ပေါ်သို့ ကျရောက်၏။ ပြင်ရောင်ခြည်ကို သူငယ်အိမ်က ကာဆီးပိုင်းခြားထားလိုက်သဖြင့် ကျန်သော အဓိက နေရောင်ခြည်သည်သာ မျက်လုံးအတွင်း ဝင်ရောက်လာသည်။

ဤရောင်ခြည် တန်းသည် ကြည်လင်သော မျက်တွင်းမှန်ကို ဖြတ်သန်းသွား၏။ ကြည်လင်သော မျက်တွင်းမှန်သည် ခုံးသော သဏ္ဍာန်ရှိသည်ဖြစ်၍ ထိုရောင်ခြည်တန်းကို စက္ခုအာရုံကြော လွှာ ပြန့်နှံ့ကျရောက်စေရာ ပြောင်းပြန်သဏ္ဍာန်ပေါ်ထင်သည်။ ဤပုံသဏ္ဍာန်ကို အမြင်နာဗ်ကြောက ဦးနှောက်သို့ ပို့ဆောင်ရာ အချို့၌ မြင်မှု ဖြစ်ပေါ်လာသည်။ ဤကွင်းဆက်များအကြား၌ တစုံတရာ ချွတ်ယွင်းမှုရှိနေခဲ့လျှင်ပင်ကိုယ်သဘာဝအတိုင်း မြင်နိုင်စွမ်းရှိမည် မဟုတ်တော့ချေ။

ဝေးသော အရာတခုကို ကြည့်သောအခါ ကြည်လင်သော မြင်မှန်နှင့် စက္ခုအာရုံကြောအကြား အကွာ အဝေးသည် နဂိုအနေထက် နီးသွားလေသည်။ နီးသောအရာကို ကြည့်ပြန်လျှင် ယင်းအကွာအဝေးသည် နဂိုအနေထက် ဝေးသွားပြန်လေသည်။ ဤသို့ စက္ခုအာရုံ ကြောနှင့် ကြည့်လင်သော အမြင်မှန် အကြားရှိ အကွာအဝေးအပြောင်းအလဲဖြစ်ရသည့် သဘောမှာ မျက်တွန့်ကြွက်သားများ လှုပ်ရှားမှုပေါ် အခြေခံ၍ ကြည်လင်သောမြင်မှန်က ကျုံ့သွားခြင်း၊ကျယ်သွားခြင်းရှိသောကြောင့် ဖြစ်သည်ဟု ဆေးပညာရှင်များက ဆိုသည်။

ဤအယူအဆအရဆိုပါမူ မျက်စိတခုလုံး၏ သဏ္ဍာန်ပြောင်းလဲခြင်းမရှိ ကြည်လင်သောမြင်မှန်သည်သာ ပြောင်းလဲခြင်းရှိရာ ရောက်နေပေသည်။ အဝေးရှိ အရာကိုကြည့်သောအခါ မျက်စိပြင်ပ ကြွက်သားများ လှုပ်ရှားမှုပေါ် မူတည်လျက် မျက်စိအနောက်ပိုင်းအား ကြည်လင်သောမြင်မှန်ရှိရာသို့ တွေ့စေသည်။

ကျနော်တို့သည် မျက်စိအကြောင်းနှင့် ပတ်သက်၍ သိသင့်သလောက် သိကြရလေသည်။

လောက၌ ကိုယ်ရေးကိုယ်ပြီး ကိုယ်တိုင် ဖြစ်ပျက် ရသည့်အကြောင်း အရာလောက် သက်သေ ပြနိုင်စရာမရှိပေ။ ထို့ကြောင့် ကျနော်တို့ ဆက်ကျင့်ရမည့် ကာဗောကသိုဏ်း အဖူးရောင်ကြည်၊ နေ သိုဏ်းစသည်တို့မှာ အထက်တွင် ဖော်ပြထားသော သဘောတရားနှင့် လက်တွေ့ပေါင်းစပ်ရမည့် ရလဒ်သည် အစိပ္ပပါယ်ပြည့်ဝလိမ့်မည်ဟု မြော်လင့်ရပေသည်။

ကျနော်သည် နေ၏အပူရှိန် စင်တီဂရိတ် (၁၄) သန်းမျှပူသောနေကို မကြည့်မီ အပူရှိန်အနည်းငယ်မျှ ရှိသော ဖရောင်းတိုင်မီးကိုကြည့်၍ ကျင့်ခြင်းမှာ သဘာဝနည်း းလမ်းမှန်ကန်ပေလိမ့်မည်။ လက်ဖက်ကောင်းစားလိုလျှင်တောင်တက်နှေး ရမည်ဆိုသည့်အတိုင်း....

တိုင်ကပ်နာရီမှ တဒင်ဒင်နှင့် ထွက်ပေါ် လာသော အသံကြောင့် တိတ်ဆိတ်နေကြသောညအား ဖြိုခွင်းလိုက်တော့သည်။ ည(၁၁)နာရီပင် ထိုးသွားချေတကား။

ဒီညအဖို့ တေဇောကသိုဏ်း ဖရောင်းတိုင် တတိုင်ကို မိမိနှင့် နှစ်တောင်လောက် အကွာ အဝေး ထားပြီး မိမိ၏ မျက်စိနှင့် သင့်တော်မည့် လွယ်လင့်တကူ ရှိနိုင်မည့် နေရာကို ရွေးချယ်ကြည့်ရ၏။

မိမိထိုင်မည့် ကသိုဏ်းဇန်၏ပတ်ဝန်းကြင်သည် လေဝင်လေထွက်ဟုမထစေးရ၊ လေငြိမ်မှုရှိရမည်။ တိတ်ဆိတ်သောအချိန်ကို

ရှုးချယရမည်၊ ဖရောင်းတိုင်မီးဝန်းကိုမကြည့်ရ၊ ၎င်းနောက် လောင်နေသောမီးစ၏ထိပ်များကိုလည်းမကြည့်ရ၊ ဖရောင်းတိုင် လောင်နေသော မီးဇာကြားရှိ မဲ့နက်သော မီးဇာကို သေချာ စွာစိုက်ကြည့်ရမည်၊ ကြည့်သောအခါတွင် စိတ်က(တေဇော) ဟုရွတ်ဆိုနေရမည်။ ယင်းကဲ့သို့လုပ်ရပ်သည် မျက်စိကိုဖွင့်လိုက် ပိတ်လိုက်နှင့် ဖွင့်သောအခါတွင် မီးဇာနက်ကို ကြည့်ကြည့်ပြီး တေဇောဟု စိတ်ကရွတ်ပြီးနောက် မျက်စိမှိတ်သာ အခါတွင် မိမိကြည့်ပြီးသောဖရောင်းတိုင်ကို မျက်စိမှိတ်လျက် အမြင် မှာ တွေ့သည့်အတိုင်းပေါ်လာအောင်ကျင့်ရမည်။ ယင်းဖရောင်းတိုင် ပေါ်ခြင်းကို အချိန်အခါမရွေးတေဇောဟု ပါးစပ်မှရွတ်ဆိုပြီး ဓါတ်အာရုံခံယူလိုက်သဖြင့် မိမိကျင့်ထားပြီးသော ဖရောင်းတိုင် အတိုင်းပေါ်လာရမည်။ ဒါမှသာ တေဇောကသိုဏ်း အစကို အောင်သွားနိုင်၏။

အကျင့်တရားကောင်းပြီဆိုပါစို့ အကျိုးသက်ရောက် မှုကို ပြန်လည်သုံးသပ်ရန် လိုအပ်လာပြန်လေသည်။ မိမိ၏ သမာဓိ အားတိုးတက်ခဲ့ပြီး ဖရောင်းတိုင်ကို အာရုံခံလိုက်ပါကပြန်လည် မြင်ရပေမည်။ ယင်းဖြင်ရပ်က သမာဓိအား ကောင်း ကြောင်း ဖော်ပြရာ ရောက်ပေသည်။ ထို့ကြောင့် မိမိအာရုံပြုလိုက်သူ (သို့) အိမ်ယာအဆောက်အဦးတို့သည် မိမိ၏ အာ ရုံပေါ်တွင် ထင်သင်ရှားရှား ပေါ်လွင်လာလိမ့်မည်။ ယင်းကျင့်နည်းသည် အမြင်ဓါတ်၏အစပင်ဖြစ်ပါသည်။

မိမိ၏မျက်စိသည် ဖရောင်းတိုင်၏ အပူဒဏ်ကိုခံနိုင်စွမ်းရှိပြီး နောက် အိမ်၌ထွန်းထားသောမီးလုံးများကိုကဖန် လေ့ကျင့်ရ

ပြန်သည်။ အိမ်၌ထွန်းထားသောမီးကိုကြည့်ပါက မီး လုံး ၏ ပတ်ဝန်းကျင်တွင် မီးရောင်များဖြာထွက်နေသည်ကို တွေ့ရပေလိမ့်မည်။ ၎င်းမီးလုံးကိုအားပြု၍မကြည့်ပေ။ နဂို ကြည့် နေကြအတိုင်း မျက်လုံးအားကိုပြုပြီးကြည့်ပါက မိမိမျက်လုံးတွင် ရှိသော အရောင်တန်းများသည် အားနည်း သွား ထတ် သည်။ မျက်လုံးကြွက်သားများသည် ညောင်းပြီးလာတတ်၏။ အဘယ်ကြောင့်ဆိုသော ဘေးဥပါဒ်ဖြစ်စေတတ်ပါသည်။ မျက် စိ တွင်ပိုင်းခြားထားသော မျက်ဖြူလွှာ၊ မျက်တွင်းသွေးလွှာ၊ စက္ခုအာရုံကြောလွှာတို့သည် တဖြေးဖြေးနှင့် ပျက်စီး သွား နိုင် စေသည်။

ထို့ကြောင့် အရာဝတ္ထုတခုအား ရိုးရိုးကြည့်သော သဘောမျိုးဖြင့်၎င်း မီးလုံးကိုကြည့်၍ကျင့်ရသောအခါတွင်လည်း ရိုးရိုးကြည့်ရပေလိမ့်မည်။ မီးလုံး၏အလယ်ဗဟိုတည့်တည့်ကို မကြည့်ဘဲ ဘေးမှဖြာကျနေသောမီးရောင်ကို စတင်ကြည့်ရမည်။ ရက်ပိုင်းမှ လပိုင်းများစွာကြည့်ပြီးနောက် မီးလုံးတခုလုံး ငုံ ပြီးကြည့်လိုက်ရ၏။

ကြည့်လိုက်ပြီးသောအခါတွင် တဘက်အမှောင်သို့ မိမိ ၏ မျက်လုံးအစုံက အမှောင်ထဲ၌ရှိသော နံရံ ကို ကြည့် လိုက် ပါ၊ ထိုအချိန်တွင် လုံးဝန်းသောအပြာရောင်သည် ထိုနံရံပေါ်တွင် တည့်မတ်စွာပေါ်နေကြောင်းတွေ့ပေမည်။ ၎င်းနောက် ယင်းကဲ့သို့ ကြိမ်ဖန်များစွာကျင့်ပြီးနောက် မိမိအိပ်သောကုတင်နှင့် ခပ်လှမ်းလှမ်းတွင်ရှိသောမီးလုံးကို အိပ်ပြီးကြည့်ပါ။ မီး လုံး ၏ နံဘေးပတ်လည်တွင်ဖြာကျနေသောမီးရောင်များကို ရှေးဦးစွာ

တွေ့ခဲ့ရသည့်အတိုင်းတွေ့ရမည်။ ၎င်းမီးရောင်များကို တဖြေးဖြေးနှင့် မိမိမျက်လုံးပေါ်သို့ရောက်ရှိလာရန်ဆွဲယူရမည်။

မီးလုံး၏နံဘေးမှ ဖြာထွက်နေသောမီးရောင် အနီရောင်များသည် တဖြေးဖြေးအမြင်လိုက် မိမိဆီသို့ ရောက် လာ သည် ကို တွေ့မြင်ရလိမ့်မည်။ ယင်းကဲ့သို့ ကျင့်ဖန်များ ကြည့်ဖန်များပြီးနောက် မိမိ၏ဦးနှောက်တည့်တည့်တွင် အနီရောင် မီး ပြင် ကြီးသည် ကျရောက်လာသည်ကို တွေ့ရပြန်သည်။ နောက်တဖန်အဝေးမှ လှမ်းကြည့်ခဲ့သော မီးလုံးသည် မိမိ၏ ခေါင်းရင်း၌လာရောက်လင်းနေကြောင်းတွေ့ရ၏။

ယင်းကျင့်စဉ်၏အကျိုးအမြတ်သည် လူတဦး၏ စိတ်နေစိတ်ထားကို မီးရောင်ကိုဆွဲပြီး မိမိဦးခေါင်းသို့ရောက်အောင် ကြည့်ရသကဲ့သို့ ၎င်း၏ဓါတ်နေသဘောထား၊ မိမိသမာဓိ အားဖြင့်ဆွဲကြည့်ပါကရင်း သူ၏သိလိုသော အကြောင်း အ ရာ များ ကို မိမိ၏စိတ်မနောတွင်ထင်ဟပ်ပြီး တဆက်သူ၏အကြောင်းအရာများကို ကြိုတင်သိနိုင်လေသည်။

## နေကသိုဏ်းကျင့်ခြင်း

နေကိုတိုက်ရိုက်မကြည့်ရသေးပေ။ ပထမအနေဖြင့် သစ်ပင်၏ အခက်အလက်ကြားမှ မြေပြင်ပေါ်သို့ ကျ ရောက် သော အရောင်တန်းကိုကြည့်ရမည်။ ယင်းကဲ့သို့ ကြည့်ဖန်များ ကျင့်ဖန်များသောအခါတွင် ဖျာကျလာသောနေရောင်တန်းမှာ သူဌေးဝါဒဘောလုံးကဲ့သို့ လုံးလုံးသဏ္ဌာန်ဖြစ်နေသည်ကို တွေ့ရလိမ့်မည်။ ၎င်းဘောလုံးတွင် အရောင်(၇)မျိုးပါဝင်ကြောင်းအံ့ဩ

စွာ တွေ့ရ၏။

သစ်ပင်၏အကိုင်းအခက်ကြားမှဖြာကျနေသော နေရောင်ခြည်ကိုကြည့်ပြီးနောက် နေကိုစတင်ကြည့်ရတော့မည်။

နေကိုကြည့်ရန် အချိန်အကောင်းဆုံးမှာ နံနက် အ ချိန် နှင့် ညနေ၄နာရီကျော်အချိန်တွင် မြင်သောနေရာမှ စတင်ကြည့်ရပါမည်။ ပထမတွင် နေကိုကြည့်လိုက်သောအခါ မိမိ၏မျက်စိရောင်ခြည်တန်းသည် နေသို့မရောက်ပဲ လမ်းခုလပ်တွင် ပျောက်နေလိမ့်မည်။ ယင်းကဲ့သို့ ကြည့်ရင်းနဲ့ပင် နေသို့ မျက်စိရောင်ခြည်ရောက်ရှိသွားဟန် တူပေလိမ့်မည်။ နေသို့ ရောက်ရှိသောအရောင်မှာအပြာရောင်ဖြစ်ပြီး နေမျက်နှာပြင်နှင့် သွားရောက်ထိတွေ့နေသည်ကိုတွေ့ရပါသည်။ အရာဝတ္ထုတခုကို သေချာစွာစိုက်ကြည့်ပြီးနောက် မျက်စိကိုမှိတ်လိုက်သောအခါ၌ အပြာရောင်ကိုတွေ့ရသည့်အခါ ထိုအရောင်ကဲ့သို့ပင် နေ၏မျက်နှာပြင်ပေါ်တွင်တွေ့မြင်နိုင်သည်။ ထို့ကြောင့် ၎င်း အ ရောင် များပျောက်ပြီး အဖြူရောင်ကို နေမျက်နှာပြင်တွင် ပီပီပြင်ပြင်တွေ့နိုင်မှ နေကသိုဏ်းကြည့်နည်း မှန်ကန်ပါတော့သည်။

## မှတ်ချက်။

နေကသိုဏ်းကျင့်ခြင်းမှရရှိသောအကြောင်းတရားမှ အကျိုးတရားများမှာ တယောက်သောသူ၏ အမေး ကို ဖြေ ဆို ရန် အတွက် ကျင့်၍ရရှိခဲ့သော နေရောင်ခြည်များသည် လောကဓါတ်ဘခုလုံး ဖုန်းအုပ်ထားသော်လည်း တိုက်တာအိမ်ခြေများ

မှ ဖွင့်လှစ်ထားသော ပြူတင်းပေါက်၊ တံခါး ပေါက်များ ထိုးဖေါက်ဝင်လာသောအခါတွင် အဖြူ ရောင်တန်းများကို ကောင်းစွာတွေ့မြင်ရပေမည်။ ယင်းရောင်ခြည်များပေါ် တွင် မိမိ၏သမာဓိအားကို စတင်နိုးဆွပြီး မေးသူ၏အမေးကိုဖြေဆို ပါက မှန်ကန်နေကြောင်းကို တွေ့ရလေသည်။

## ပယောဂါဆရာနှင့် ကျနော်

ဗရမ်းဗတာတိုက်ခိုက်နေသော လေရှူးကြောင့် ဆရာတော် ဘုရား၏ကျောင်းပရဝုဏ်ရှိ အစီအရီစိုက်ထားသော ထင်းရှူးပင် များသည် လေရှူးနှင့်အတူ မြူးတူးလှုပ်ရမ်းနေကြသည်။

ဆရာတော်ဘုရားတည်ဆောက်ထားသော ဓမ္မာရုံတွင်လူခပ် များများရောက်ရှိနေပါတော့သည်။ ထိုသူများက တရားဓမ္မ နည်းနာများခံယူခြင်းထက် မိမိတို့၏စီးပွားရေး ကျန်းမာရေး ကိစ္စကိုဦးတည်၍ မေးမြန်းလိုသူများပင်ဖြစ်ပါသည်။ ကိုယ့်အပူ နဲ့ကိုယ်၊ သူ့အပူနဲ့သူ၊ သို့ပေလင့် အပူချင်းတူလာသော်လည်း စိတ်သောက၏ ပူအေးခြင်းဆင့်ကျင်ဘက် ခံစားနေကြရသူတွေ ၏ခံစားချက်များဖလှယ်နေကြသည်။

ဆရာတော်ဘုရားက ဓမ္မာရုံသို့မကြွရောက်သေး၊ ဆရာတော် ဘုရားသည် လူမှုကိစ္စကိုအချိန်ပိုင်းနှင့်(သမထ)အာရုံဖြင့် ဟော သည်။ အခန္တုန်းဖြင့်မဟော ဆရာတော်ဘုရားမရောက်ခိုက်သူ တို့ သည် အလာပ, သလာပပြောနေသေးသည်။

ဆရာတော်ဘုရားစံကျောင်းမှ ဓမ္မာရုံသို့ ကြွလာသည်မြင်

ဘာ့ ပြောကျဆိုကျ သူ့ဘဝ၏အသံများမှာ ငြိမ်သက် သွားပါသည်။ သူတို့မျှော်မှန်းချက်က ပြည့်ဝမည့်အရေးကို မြော်တွေး၍ ဆရာတော်ဘုရားမမှာရုံရောက်သောအခါတွင် ဝတ်ပြုကြပါတော့သည်။

မေးမြန်းလိုသောပုဂ္ဂိုလ်များသည် ဆရာတော်ဘုရား၏ရှေ့မှောက်သို့ချဉ်းကပ်ကြသည်။ ဆရာတော်ဘုရားသည် မေးလိုသူ၏မွေးနေ့ကိုမေးပြီး မှဟောပါသည်။

"ဘာနေ့လဲ-တကာကြီး"

"တပည့်တော်- အင်္ဂါသားပါဘုရား"

"ကိစ္စက...."

"တပည့်တော် စီးပွားရေးလုပ်နေပါ၏။ အ ရောင်း အ ဝယ်မကောင်းသောကြောင့် စီးပွားကောင်းအောင် ဘာလုပ်ရမလဲ ဆိုတာ လျှောက်ရခြင်းဖြစ်ပါသည်"

"ဘာစီးပွားရေးလုပ်နေတာလဲ...."

"ကြက်-ဘဲ ရောင်းနေပါတယ်...."

"ဒီမှာတကာကြီး ကြက်-ဘဲတွေကိုသတ်ပြီး ရောင်းသလား-ဒါမှမဟုတ်မွေးပြီး အခြားသတ်ပြီးရောင်းသောသူကိုဘဲ ရောင်းစားသလား...."

"တပည့်တော် မသတ်ပါဘူး၊ ရောင်းတဲ့သူကို တဆင့်ရောင်းပါတယ်...."

"ဒီကိစ္စမှာ ဆရာတော်အနေဖြင့် စီးပွားရေးကောင်းအောင် ပြုလုပ်မေးလိုက်ရင် ပါဏာတိပါတာက မထိုက်နေဘူးလား၊

ထရာတော်တို့ နေ့စဉ် ပါဏာတိပါတာ ဝေရမဏီ သက္ခာပဒံ သမာဒိယာမိဘုရား၊ သူတပါးအသက်ကိုမသတ်ရန် ကောင်းစွာ ရှောင်ကြဉ်ပါမည်ဘုရားဟု သီလစောင့်ထိန်းပြီး သီလ ချိုး ဖောက်သွားရာကျတယ်မဟုတ်လား ဒကာကြီး....''

မေးသူ၏မျက်နှာသည် တမဟုတ်ချင်း ညှိုးငယ်သွားတော့ တည်။ တယောက်သောသူက နောက်ဆုတ်သွားသော အခါ နောက်ထပ်မေးလိုသူရှေ့သို့ တိုးလာ၏။

"ဘာနေ့သားလဲ"

"တနင်္ဂနွေနေ့သားပါဘုရား"

"ဇနီးသည် အိမ်ကထွက်ပြေးသွားလို့ ဘယ်တော့လောက် ပြန်ရောက်မည်ဆိုတာသိချင်လို့ ပါဘုရား"

"ဒီမှာတကာကြီး- ဘုန်းကြီးနဲ့ အိမ်ထောင်ရေးကိစ္စမပါဝင် သင့်ဘူး"

ဒါကြောင့် ဆရာတော်နိုင်ငံရေး၊ အိမ်ထောင်ရေး မဟော ဘူးတကာ"

မေးမြန်းသူတွေ နည်းပါးသွားချေ၏။

အလွန်ရင်းနှီးသောသူများသာ ဓမ္မာရုံတွင် ကျန်ရစ်သည်။ ကျနော်သည် ဆရာတော်ဘုရား၏နံဘေးတွင် ကြုံကြုံ က လေး ထိုင်လျက်ရှိ၏။

"မင်းက ဆရာလုပ်မဲ့သူဆို ဒီနားတိုး...."

ဆရာတော်ဘုရားသည် သူ့ရှေ့သို့လာရန် ခေါ်လိုက်ပါ

သည်။ ကျနော်၏ခေါင်းကိုကိုင်ပြီးနောက် “ဒီနေ့ကစပြီး ဆရာဖြစ်သွားပြီ မင်းဟောနိုင်ပြီ”

ဆရာတော်ဘုရားသည် ဤကဲ့သို့ အမိန့်ရှိပြီးနောက် ကျနော်က လျှောက်ထားလိုက်ပါသေးသည်။

“ဆရာတော်ဘုရား ဟောတာ ဘယ်လိုလုပ်ပြီး ဟောရမှာလဲ”

“မင်းစိတ်ထဲမှာပေါ်လာတဲ့ အာရုံအတိုင်းသာပြောလိုက်-ငါလဲ ဒီလိုဘဲဟောလိုက်တာဘဲ- ဘယ်ကစပြီး ဟောရမယ်လို့ နည်းမျဉ်းတွေမရှိပါဘူး၊ ဒါပေမဲ့ ငါ့တပည့်အနေက မှန်ကန်သောသစ္စာ၊ မှန်ကန်သောသီလ၊ မှန်ကန်သောမေတ္တာ၊ မှန်ကန်သောခန္တီ၊ မှန်ကန်သောအဓိဋ္ဌာန်တွေကို မပျက် မကွက်ဘဲ ကျင့်ကြံအားထုတ်နေရင်း ပညာဟာ အလိုလိုရရှိနိုင်တယ်ဆိုတာ သိထားဘို့လိုပါတယ်၊ (သမထ)ဆိုတာ အာရုံဖြင့်လုပ်ရပ်တွေဆိုတော့ အာရုံပေါ်မှာဖြစ်လာတဲ့အကြောင်းအရာတွေဟာ ပညာတွေပေါ့”

ဆရာတော်ဘုရား ဗေဒင်ပညာလည်းမတတ်၊ လက္ခဏာပညာလည်းမလိုက်စား၊ သို့သော် မဟာဂန္ဓာရီကျင့်စဉ်၏ (သမထ) တန်ခိုးကြောင့် သာသနာပြုလုပ်ငန်းများတွင် အထောက်အကူရလေသည်။

ကျနော်သည် ဆရာတော်ဘုရားထံမှ ပြန်ခဲ့လေသည်။

* * *

သူနဲ့ကျနော်တည့် တရင်းတည်းရှိခဲ့ကြသည်မဟုတ်၊ လမ်းပေါ်တွင် ခေတ္တခဏတွေ့ဆုံကြသည်ကလွဲပြီး အခြားကိစ္စဟူ၍ လက်တွဲပေါင်းသင်းကြဘူးသည်ဟူကာမဆိုသာ အမှန်ကိုပြောရပါက တဦးနှင့်တဦးပြုံးရုံသာ ပြုံးလျက်။ ထို့ကြောင့် သူ့အကြောင်းကိုတော့ကျနော်မသိ၊ ကျနော့်အကြောင်းကိုတော့ သူသိချေ၏။

"ဆရာ- ကျနော့်ကိုဝင်ခွင့်ပြုပါ...."

တံခါးရှက်ကိုတွန်းပြီးဝင်လာသူအား ငေးကြည့်မိ သည်။ သူ၏အသက်(၅၀)ကျော်ပတ်ဝန်းကျင်ရှိ အသားညိုညို့ ကိုယ်လုံးကိုယ်ထည်တောင့်တင်းပြီး စကားကိုသွက်လက်စွာပြောသူ၏ ခေါ်လိုက်သော အသံကြောင့် ကျနော့်အဘို့ အနည်း ငယ်ကြောင်အန်းအန်းတော့ဖြစ်မိသည်၊ အကြောင်းမူ ဆရာတော်ဘုရားက မင်းဆရာဖြစ်ပြီလို့ပြောလိုက်သည်။ ကျနော့်ကိုယ်ကို ဆရာဟု ကင်မွန်းတင်ရန်အလို့ငှာ အလွန်ပင်ပန်းလျက်မည်သို့ ဖြစ်ပေလင့် ငါ့ကို သူ့အနေနဲ့ဆရာလို့သဘောထားခေါ်တာ တော့်ကိစ္စမရှိပေ။ ငါ့ကိုယ်ကို ဆရာဖြစ်ပါသည်ဟု မကြွေးကြော်ရင်ပြီးတာဘဲဟု ကိုယ်ကို မာန်နှိမ့်ချဘို့ အရေးကြီးသည် အကြောင်းနှင့် တိုက်လို့ ပြောရအုန်းမည်။ ဆရာတော်ဘုရား အမိန့်သြဝါဒကို ပြန်လည်သတိရတော့သည်။

"ငါ့တပည့် ဘ တော့မှ ပညာမာန်မာန မတက် ပါနဲ့ ကိုယ့်ကိုယ်ကိုနှိမ့်ချပါ"

ဆရာတော်ဘုရား၏သြဝါဒကို ဦးလည်မသုန်၊ မြေဝယ်မကျ နားဝယ်မှတ်မိမြဲမှတ်မိရသည်။

သူ၏လက်တဖက်တွင် ဟောင်းနွမ်းသော လွယ်အိပ် တလုံး ကိုင်လျက်ရှိသည်။

"ဝင်ခဲ့ပါ...."

ကျနော်သည် ဝင်လာသူအား ညွှဲဝတ်ကျေ ရမည်။ ဒါကြောင့် ညှော်ခန်းတွင်လွတ်နေသော ကုလားထိုင် တလုံးကို လက်ညိုးညွှန်၍ ထိုင်ရန် ဖိတ်ခေါ် လိုက်ပါသည်။ ကျနော်၏ ဖော်ရွေမှုကြောင့် သူသည် ကျွန်တော့်အား တ ချက် မျှ ပြုံးကြည့်ရင်း ထိုင်လိုက်ပါသည်။

"ဘာကိစ္စများရှိပါသလဲ...."

ကျနော်၏အမေးကြောင့် သူသည် အလွန်အရေးကြီးသော ကိစ္စတခုမေးလိုကြောင်းပြောပါသည်။ ထိုကိစ္စကို ( သမထ ) အာရုံခံပြီး အကြားအမြင်ဖြင့် ကြည့်ပေးရန်ပြောပါသည်။

"ကျနော်အကြားအမြင်ရတယ်ဆိုတာ ဘယ်လိုသိပါလဲ"

"ဆရာ သမထ ဘာဝနာကျင့်နေတယ်ဆိုတာ သိရလို့ပါ"

"သမထ ဘာဝနာ ကျင့်တိုင်း အကြားအမြင် ရနိုင် သလား...."

"ဒါတော့ ကျနော်မသိဘူးဆရာ"

"ဒီလိုဆို ခင်ဗျားလဲ အကြားအမြင်ရနေတယ်ဆိုရင် မှား မှာလား"

"မဟုတ်တာဆရာ"

"ဘယ်က မဟုတ်ရမှာလဲ၊ ခင်ဗျားကျနော့ အကြောင်းကို ကြားသိလို့လာခဲ့တယ်၊ နောက်တချက်က ခုခင်ဗျားကျနော့်ကို

ထိုင်နေတာမြင်တယ်မဟုတ်လား”

ထိုစကားများကြောင့် သူသည်အောက်သွား အပေါ်သွား များ ပေါ်အောင်ရယ်နေပါတော့သည်။

“ဒါနဲ့ မိတ်ဆွေနာမည်က ဘယ်လို ခေါ်ပါသလဲ”

“ကျနော့်နာမည် မောင်မောင်”

ကျနော်သည် ဘုရားဝတ်ပြုပြီး ဘုရားစင်ရှေ့တွင် ဖျာတခ ချပ်ခင်းပြီး ဦးမောင်မောင်အားထိုင်ခိုင်းလိုက်ပါသည်။ကျနော် ဘို့နှစ်ဦး ဖျာပေါ်တွင်ထိုင်ချလိုက်ပြီးလျှင် ဦးမောင်မောင် ၏ လက်တွင်ဆွဲကိုင်ခဲ့သော လွယ်အိတ်ကိုလှမ်းကြည့်လိုက်ပါသည်။

“ဦးမောင်မောင် လွယ်အိတ်ထဲက ဘာတွေလဲဗျာ့....”

ကျနော့်ဆရာသေဆုံးတဲ့အချိန်တုန်းက ကျနော် သူနားမှာ မရှိဘူး။ တနေရာကို ခရီးလွန်နေတယ်၊ ဒါကြောင့် ကျနော် သူ့အိမ်ကိုရောက်တော့ သူ့ဇနီးက ဆရာမသေခင်တုန်းက မှာ သွားတယ်၊ ကျနော်လာလို့ရှိရင် ဒီပစ္စည်းတွေ ပေးလိုက် ပါ၊ ဒါကြောင့် ဒီပစ္စည်းနဲ့ပတ်သက်လို့ ဘယ်လို အသုံးချရမယ်ဆို ဘာကိုသိချင်တာကတကြောင်း၊ ကျနော့်ဆရာ ကျွတ်မကျွတ် ဘူးဆိုတာသိချင်လို့ပါဆရာ ဒါပါဘဲ”

“ဒီလိုဆို ဦးမောင်မောင်ဟာ ပယောဂ ဆရာတဦးဘဲ....”

“ဟုတ်ပါတယ်....”

“ကျနော်သိချင်တဲ့အကြောင်းကိုပြောပြရင်တော့ ဦးမောင် မောင်သိလိုတဲကိစ္စကို ကြည့်ပေးပါမယ်....”

“ဖြစ်နိုင်တဲ့ကိစ္စဆို ဝန်မလေးပါဘူး”

"ဦးမောင်မောင် ပယောဂ ဆရာ ဖြစ်လာပုံကို သိချင်ပါတယ်...."

ဦးမောင်မောင်သည် ဗုဒ္ဓဘာသာကိုးကွယ်သူမဟုတ်၊ လူမျိုးခြားတဦးဖြစ်ပါသည်။ လူမျိုးခြားဆိုလင့် မြန်မာပြည်တွင်ကြီးပြင်းလာသူတဦးဖြစ်၏။ သူသည် ခေတ်ပညာကို ကောင်းစွာမတတ်၊ ငယ်စဉ်က တေတေပေပေနေခဲ့သူဖြစ်သည်။ အချိန်က လူကိုမစောင့်ဆိုသည့်အတိုင်း အချိန်က လူ၏ အသက်ကိုပိုင်းခြားပေးသောကြောင့် သူ့အသက် (၂၀) ကျော်အချိန်တွင် မိမိမွေးဖွားရာဇာတိမြို့တွင်မနေလိုဘဲ အခြားမြို့သို့ ထွက်ခဲ့လေသည်။ တရွာမပြောင်းသူကောင်းမဖြစ်ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြုထားသော သူတယောက်ဖြစ်သည့် အတွက် ဝေးကွာသောနေရာသို့ ခြေဦးလှည့်ခဲ့ပါတော့သည်။

လပေါင်းမှ နှစ်၏ကာလအပိုင်းသို့ရောက်သော် တခါတရံ မိဘဆီသို့ ပြန်ခဲ့လေသည်။ သူသည် အမြဲတော့မနေချေ။ အိမ်နှင့်ခွဲနိုင်သော သူ့အကျင့်က အိမ်ရိပ်ကြာရှည်စွာ နင်းရမည်စိုးသဖြင့် ဝေးရာသို့ပြေးသွားရပြန်သည်။ သူ့အဖေ ဆုံးသောသတင်းကိုသိရတော့ ပြေးလာပြန်သည်။ သူ့အသက် ငယ်ရွယ်ကတဲက သူ့အမေဆုံးသွားသည်။ ခုလို လူမှန်းသူမှန်းကောင်းကောင်းသိရသောအချိန်တွင် သူ့အဖေဆုံးသည်။ ညီအကိုမောင်နှမတွေကများ၏ ဆွေမျိုး အသိုင်းအဝိုင်းတွေက များသည်။

တနေ့တော့ သူ့အဖေဆုံးသည်နှင့် ပတ်သက်၍ သတင်း

အမျိုးမျိုးကြားရသည်။ ဒီတော့ စိတ်တွေဟာ ထိန်းမနိုင်သိမ်းမရဖြစ်ရပြန်သည်။ ဒီသတင်း ဟုတ်မဟုတ်တော့ စူးစမ်းရအုံးမည်။ ဤမြို့ကထွက်ပြေးလိုသော ခြေလှမ်းတွေက နောက်ဆုတ်ရပြန်သေး၏။ သူ့အဖေ သေဆုံးပုံမှာ ရိုးရိုးရောဂါတော့မဟုတ်ပေ။ သေဆုံးခါနီး ကယောင်ကတန်းပြောသည်။တနေရာသို့ လက်ညှိုးထိုးပြသည်။ ဟစ်အော်ပြီးတော့ သေရသည်။ ထို့ကြောင့် လူတွေက ဝေဖန်ကျသည်။ ထိုဝေဖန်မှုသည် အမှန်တရားဖြစ်မည်ဟု သူယုံကြည်သည်။ (၉၆)ပါးသော ရောဂါဆိုမှူ ဒီလောက်ဖြစ်ပျက်စရာမလို၊ ဝေဒနာ၏ ဖေါက်ခြင်း၊ သဘောလက္ခဏာကိုသာပြရမည်။ ခုတော့ ဤသို့မဟုတ်ပေ၊ လန့်ပြီးမျက်လုံးမျှားပြူးကျယ်ကာသေရသည်။ဒါကြောင့် ဝေဖန်သူတွေ၏အပြောကို သူလက်ခံရတော့မည်။အမှန်အတိုင်းပြောရမည်ဆိုပါက ဆေးလုပ်ခံရ၍ သေဆုံးခြင်း၊ ဒါကို သူ တထစ်ချမှတ်လိုက်သည်။ ဆေးလုပ်သည်ဟု ပြောရအောင် သက်သေပြစရာအခက်သား၊ တရားဥပဒေအရ သက်သေပြစရာ အချက်အလက်ကရှိရမည်။ ခိုင်လုံသော အထောက် အထား ပြည့်စုံရပေမည်။ သို့မှသာ ဥပဒေအရ အရေး ယူနိုင်သည်။ ထိုအကြောင်းပြချက်မျှားသူ့မှာမရှိတော့၊ တခုတည်းသော လောကီပညာကို လိုက်စားရတော့မည်။ သူ့စိတ်က ဆုံးဖြတ်လိုက်တော့သည်။ အသက်ကငယ်သေး၍သာ ဘာတခုမှ စဉ်းစားနေရန်မလို၊ လုပ်ရမည့်အလုပ်ကို ပြတ်ပြတ်သားသား လုပ်ရန်ပင်၊ တနေ့တွင် လောကီပညာတတ်သောဆရာထံတပည့်ခံရလေသည်။ ဆရာလုပ်သူက သူ့အား ပယောဂကုသောကုထုံး

နည်းကိုသင်ပေးသည်။ အခြားသက်ဆိုင်ရာ ပညာရပ်မျိုး ကို လည်းသင်ပေးသည်။ မှော်အတတ်ကိုသင်ပေးသည်။

သင်းချိုင်းထဲတွင် မှော်ဝင်ရသည်၊ ဆိုလိုသည်မှာ တင်းချိုင်းထဲရှိ မြေတခုကို လူဘရပ် ခေါင်းပေါ်ရုံမျှသောက်သား ပြီးတူးရသည်။ ဆရာလုပ်သူက မနက်တခါညနေတခါ ထမင်း လာကျွေးသည်။ စည်းဝိုင်းသုံးခုချထားသည်။ ထို စည်း ဝိုင်း ထဲ နာနာဘာဝများ၊ သရဲတစ္ဆေများ၊ မလာနိုင်အောင် တားစီး ထားသည်။

အမှောင်ထုက သူ၏စိတ်ကိုဘမျိုးဘဖုံ ချောက် ချား စေသော်လည်း ကြောက်စိတ်မဝင်သောသူအတွက် ပတ်ဝန်းကျင် ၏ ကြောက်စရာကောင်းသော ည၏ လှုပ်ရှား နေ သော အရာတိုင်းကို သူ၏စိတ်ကတွန်းလှန်ဖြိုဖျက်သည်။ ည တိုင်း လို ပင် စည်း၏အပြင်ဖက် မီးနီလုံးကြီးသည် လိမ့်ခါ လိမ့်ခါ နှင့် သူ့ဆီသို့ ပြေးလာသည်။ သို့သော် စည်းဝိုင်းအနီးသို့ ရောက် တော့မှ ပျောက်သွားတော့သည်။

ည၃၏အမှောင်ထုနှင့်အတူ ကြောက်မက်ဖွယ်ရာ အသံများ သည် သူ့နားဝယ် ကြားနေရ၏။ သူက ကြောက် လည်း မကြောက်၊ သူ၏စိတ်က မာကြောလှသည်၊ ခက်ထန်လှသည်။ ရည်ရွယ်ချက်ပန်းတိုင်ကို သူကြိုတင်သိနှင့်ပေသည်။ ယင်းပညာ တတ်မြောက်သွားသောအခါတွင် သူ့အဖေအား သတ်သူအား ဂလဲ့စား ချေနိုင်လိမ့်မည်ဟု ယုံကြည်သည်။ ယုံကြည် ချက် အတိုင်းလည်း အောင်မြင်ရသည်။ ယနေ့တိုင် ပယောဂဆရာ လုပ်နေရသည်။ သူ့ဆရာက မရှိပေ။

သူ၏အတိတ်မှအရိပ်က ဤတွင် ပြီးဆုံးခဲ့၏။ ကျနော်သည် သူပြောသော စကားများကို နားထောင်ပြီးနောက် ကျနော့် အလှည့်သို့ ရောက်လာပါသည်။

"ကျနော့် အလှည့်တော့ ပြီးပြီ၊ ဆရာ အလှည့်ပေါ့"

ကျနော်သည် သူ၏ လွယ်အိတ်ထဲမှ ပါလာသော ပစ္စည်းများကို တခုပြီးတခု ယူကြည့်လိုက်ပါသည်။ ဆေးတောင့်များ၊ ဆေးရုပ်များ၊ ခေတ်လုံးများ၊ အင်းချပ်များ စသည့် စသည့် ပစ္စည်းများက စုံနေသည်။

"ဒီ ပစ္စည်းတွေဟာ ခင်ဗျားဆရာ သုံးတဲ့ ပစ္စည်း တွေဘဲ နော်...."

ကျနော်၏ အမေးကြောင့်-

"ဟုတ်ကဲ့ဆရာ...."

ကျနော်သည် ဘုရားဝတ်ပြုပြီးနောက် သမာဓိအလုပ်စခန်း ဖြစ်သော မနောကို နှိုးဆွ ပေးလိုက်ပါသည်။ ထိုအခါ ဖျာ ပေါ်တွင်တင်ထားသော ပစ္စည်းတခုကို ကိုင်တွယ် လိုသော စိတ်က ပေါ်လာပြီး ကိုင်လိုက်ပါသည်။ ထို့နောက် ပစ္စည်း ကိုင်ထားသောလက်တဖက်က အရှိန်ပြင်းစွာ အရပ်ရှစ်မျက်နှာ သို့ ဝှေ့ရမ်းလိုက်သည်။ ကျနော်၏ မျက်လုံး အစုံ မှာလည်း မှိတ်လျက်ရှိသည်။ ဝှေ့ရမ်းနေသောလက်မှာ အရှိန်ပြင်းလာ သည်။ ကျနော်၏ ပါးစပ်မှာလည်း ပြောလိုသော စကားကို ပြတ်ပြတ်သားသား ပြောလိုက်ပါသည်။ ပြောနေသောစကာ ထဲမှ သူ့ဆရာနာမည်ကို ပထမဦးဆုံး ဖော်ထုတ် ပြောသည်။

"မင်းဆရာ ငါဟုပြောပြီးနောက်...."

ဂုဏ်းပစ္စည်းသည် သူ့အတွက် ပယောဂကုရာတွင် မည်သို့ အသုံးဝင်ပုံကို အကျယ်တဝင့်ပြောပြသည်။ ကျနော်၏ ပြယုဂ် ပြီးဆုံးသောအခါ ကျနော် ပြောသောစကားများကို ကောင်း စွာ မမှတ်တော့ပေ။ ထို့ကြောင့် ဂုဏ်းအကြောင်းနှင့် ပတ် သက်၍ သူ ဆရာ ဟုတ် မဟုတ်၊ ပစ္စည်းသည် မည်သို့အသုံးချ မည်မှာ မှန် မမှန် မေးကြည့်သောအခါတွင် မှန်ပါကြောင်း ဝန်ခံပါသည်။

ပယောဂကုဆရာ ဦးမောင်မောင်ပြန်သွားတော့ ကျနော် တဦးတည်းကျန်ရစ်ခဲ့သည်။ ယင်းအကြောင်းအရာကိုမှုတည်ပြီး အတွေးက ဝင်လာပြန်သည်။ အကြောင်းကဤသို့ပင်။ ဆရာ တော်ဘုရား မှာကြားသောစကားကို ပြန်လည် အသက် ဝင် လှုပ်ရှားလာပြန်သည်။

ငါတို့ပြည့် သီလ၊ မေတ္တာ၊ ခံသီန၊ သစ္စ၊ အဓိဋ္ဌာန် အကျင့်တရား၊ တနေ့ အကျိုး တရား ဆိုသော ပညာ ရပ်တွေဟာ အလိုလို မိမိ၏မနောမှပေါ်လာလိမ့်မည်။ အထူးတရပ်အနေနဲ့ သင်စရာမလိုဘူး....အလိုလို တတ် မြောက်လာမည် ဆိုသော သင်ခန်းစာသည် လက်တွေ့ သိရသောအခါတွင် မယုံမရှိသလောက် ဖြစ်လာပါ တော့သည်။ ဆရာတော် ဘုရား၏ ဩဝါဒ သည် ကျနော့်အတွက် တနေ့တခြား မှန်ကန်မှု ရှိလာခဲ့ပါ သည်။

# ညတည၏အတွေ့အကြုံ

ကျနော်အိမ်မှာရှိသည်ကို သူတို့ကြိုတင်သိ၏။ သူတို့သည် မကြာခဏဆိုသလို ကျနော့်အိမ်သို့ ရောက်လာတတ်သည်။ လာရောက်သည်ကတော့ ထွေရာလေးပါး စီးပွားရေး ကိစ္စသော်၎င်း၊ တခါတရံသော သမီးများ စာမေးပွဲအတွက်သော်၎င်း မေးကြ၊ မြန်းကြ၏။

သူနံမည်က မခင်မေ။ အသက်အရွယ်အားဖြင့် ဒေါ်ခင်မေဟု ခေါ်ပါက မှားမည်မဟုတ်ချေ။ ကျနော့်အိမ်သို့ ဒေါ်ခင်မေနှင့်အတူ မိန်းမတဦးပါလာသည်။ ဒေါ်ခင်မေလိုတော့မဟုတ်

ပေ။ ပုံပျက် ပန်းပျက်နှင့်၊ ဝတ်ဆင်ထားပုံကို မြင်တွေ့လိုက်ရ တော့ ဆင်းရဲနွမ်းပါးသူ တဦး ဖြစ်ကြောင်းသိရ၏။

"ဆရာကိုပြောရအုံးမယ်....သူကတော့ကျမတို့အိမ်နားကပါ၊ ရောက်မဆိုက်ပြောရတာက အားနာ ပါတယ်....သူဟာ ဆေးမိ နေတယ် ဆိုတာဟုတ်ပါသလား....ကျေးဇူး ပြုပြီး စစ်ဆေး ပေး စေလိုပါတယ်၊ နောက်တချက် ကတော့....ဆရာမြင်တဲ့ အတိုင်း ပါဘဲ ဆရာ, စားစရာတောင်အနိုင်နိုင်.... ပရောဂါဆရာတဦးဆီ ရောက်သွားတော့ သူဟာ လူပြုစားခြင်းခံရလို့ ပျောက်ချင်ရင် ငွေ ၂၀၀ ကျပ် တောင်းပါတယ်၊ ဒါနဲ့ ကျမကလဲ ဆရာကို ပြေးပြီးသတိရလို့ ခုလာတာပါ...."

ကျနော်သည် ဒေါ်ခင်မေပြောသော စကားအရ ထိုရောဂါ သည် လာအပ်နေကြောင်းသိရပါသည်။ ပယောဂကို ကုလေ့ ကုထမရှိချင်၊ တနည်းဆိုပါက ဘယ်ကစပြီး ကုရသည် ဟူသော ပညာအခြေခံကိုရှာရပေအုံးမည်။ ကျနော်က အတတ် ပညာ၏ မိမိကျင့်ကြံအားထုတ်ထားသော (သမထ)၏ သီလ တန်ခိုး၊သမာဓိတန်ခိုးများကို ယုံကြည်ထားသူဖြစ်၏။ ငါမသိ သော အရာမှန်သမျှ ငါ့ဆရာက ပြပေလိမ့်မည်ဟု တထစ်ချ ယုံ ကြည်သည်။ ဒါကြောင့် ကိုယ့်ကိုကိုယ်၌ ဖြူစင်သော စိတ် (ဝါ) မနောက(သမထ)ပညာ၏ အခြေခံပင်မဟုတ်ပါလော။

"အင်းလေ....ကြည့်ရအုန်းမှာပေါ့...."

ကျနော်သည် ဒေါ်ခင်မေနှင့်လာသူအား လှမ်းကြည့်လိုက် သည်။ ကြည့်ခြင်းဟုပြောရသော်လည်း ခုကြည့် လိုက်သည်က ရိုးရိုးတန်းတန်း ကြည့်ချင်းမျိုးတော့ မဟုတ်ပေ။ တသိုက်းဝင်

ထားသော မျက်လုံး၏ ရောင်ခြည်ဖြင့် သူ၏ခေါင်းပိုင်းကို လှမ်းကြည့်လိုက်ခြင်းကြောင့် သူမသည် ကြာရှည်စွာ မခံနိုင်ဘဲ မျက်လွှာကို အောက်ချပြီး ခေါင်းကို အရှေ့သို့ ညွတ်ချ လိုက်ပါတော့သည်။

ထိုအခိုက် ကျနော်... အာရုံတွင် ယောကျ်ား တယောက်ရုတ်ချည်းမြင်လိုက်သည်။ ကျနော်သည် ရှည်ရှည်ဝေးဝေးမစဉ်းစားမိချေ။ အလိုလိုစိတ်ထဲမှာ တခုတည်းသော လုပ်ဆောင်မှု အတွက် လိုသည်ထင်မှတ်ခါ ပွဲတွင် ဖရောင်းတိုင်များ ထွန်းညှိ၍ မီးပူဇော်လိုက်ပါသည်။

ကျနော်နှင့်ရောဂါရှိသူနှစ်ဦး မျက်နှာစုံတွေ့သောအခါ ရုတ်တရက်ပြောလိုက်ပါသည်။

"ဟေ သူငယ်မ....နင်ကိုလုပ်တဲ့သူဟာ ယောကျ်ားကွ၊ ဒီလူကို နင်သိတယ်၊ ဒီလူကိုစောစောက တွေ့ပြီးပြီ၊ အေး....အောက်ပညာနဲ့ နင့်ကိုလုပ်ထားတာ...."

ကျနော်သည် ပြောလိုသော စကားများကို ပြောလိုက်ရမှ ကျေနပ်သယောင်ယောင်၊ ကျေနပ်သကဲ့သို့ပင်ရှိပါသည်။

"သူငယ်မ အရှေ့တိုး....ဘုရားရှိခိုးပြီး လက်အုပ် ချီထားနော်...."

ကျနော်သည် ထိုကဲ့သို့ ပြောလိုက်ပြီးနောက် ကျနော့်နားထဲသို့ လူတဦးပြောနေသော စကားများ ကြားယောင် နေပါသည်။

"ငါ့သား....ဒီကောင်ကိုဖမ်းချုပ်ပြီး ရေစင်တိုက်ပြီး ပညာနှုတ်ခိုင်း...."

ကျနော်သည် အိမ်ထဲတွင်ရှိသော ဇနီးအား ရေတခွက် ယူလာရန် လှမ်းပြောလိုက်သည်။ ရေထည့်ပြီးယူလာသော ဖန်ခွက်ကို ကျနော်၏ဆရာများ ဓါတ်ပုံရှေ့တွင် ရေစင်တောင်းလိုက်ပါသည်။ ၎င်းနောက် ဘာဆက်ပြီးလုပ်ရန် စဉ်းစားနေချိန်တွင် ခုတဖန် အမိန့်ပေးလိုက်သော အသံများကြားရပြန်သည်။

"မျက်စင်းခပ်ခိုင်း"

ဒီတော့ကျနော်သည် လက်အုပ်ချီသူအား မျက်စင်းခပ်ခိုင်းလိုက်ပါသည်။

"ဘယ်လို နေသလဲ"ဟုမေးလိုက်သည်။

"စပ်တယ်ဆရာ...."

နားထဲမှာကြားနေသော အသံက အဆက်မပြတ် ကြားနေပြန်သည်။ ငါပြောတာကိုဘဲ ဆက်လုပ်ပါ၊ ထိုအသံရှင်၏ အမိန့်ကြောင့် ကျနော်သည် ဆက်လုပ်ပါသည်။ ကျနော့်ကိုယ်နဲ့ ပုဂ္ဂိုလ်စိတ်။

"လုပ်သူ ခုရောက်စေ...."

"ဒီကောင်မပြေးရအောင် ချုပ်လိုက်"

ကျနော်လက်များသည် အလိုလိုနှင့် သူမ၏ကိုယ်ကို ရစ်ပတ်လိုက်သည်။

"ခုဝင်စေ"

မကြာမီ ကျနော်၏အမိန့်သံထွက်ပေါ်ပြီးနောက် မကြာမီ သူမ၏လက်ဖျားသည် နဖူးပြင်ခပ်ပြင်းပြင်း ထိလိုက်ခွာလိုက် သကဲ့သို့ ရှိနေပါသည်။

"ငါပေးတဲ့အမိန့်ကို တသွေမတိမ်း လိုက်နာရမယ်-ခုမင်းလှုပ်

ရမ်းနေတဲ့လက်ဟာ-မင်းဟာဘယ်သူ ဖြစ်တယ်ဆိုဘာပြရမယ်၊ငါ ခေါ်တဲ့အစွဲကို မင်းပြုလုပ်သူဖြစ်ရင် ရပ်သွားရမယ်”

နောက်ထပ်အမိန့်ပေးရပြန်သည်။

“မင်းဟာ သူရဲလား....”

လက်က လှုပ်မြဲလှုပ်နေပါသည်။

“မင်းဟာစုန်းလား”

နဂိုလ်အတိုင်း လှုပ်ရမ်းနေသေးသည်။

“မင်းဟာ နတ်ဘိုက်လား”

အထက်ပါအတိုင်းပင် ဖြစ်နေသေးသည်။

“မင်းဟာ ဆရာလား”

ဒီတော့မှ လှုပ်ရမ်းနေသော လက်မှာ ရပ်နေ တော့သည်။ ရေစင် ယူသွားသော ဖန်ခွက်ကို လှမ်းယူပြီး အမိန့်ပြန်ခါတိုက် လိုက်ပါတော့သည်။ မကြာမီသူမသည် ပြန်လည် သတိရလာပါ သည်။

“ဆရာရယ် စောစောကို ကျမစိတ်တွေဟာ ဘယ်လိုဖြစ်နေ မှန်း မသိဘူး၊ ခုမှ-စိတ်တွေကြည်လင်လာတော့ဘယ်”

ပကတိ ရိုးသားသော သူမ၏ထွေးသည် ပြောင်းလဲ နေပါ သည်။အိမ်ပေါ်သို့ ရောက်ခါစကမူ ညှိုးနွမ်းလျက်၊ ငေးမှိုင်နေ လျက် ရှိပါသည်။ ခုမူတမျိုး ထူးခြား သွားသည်ကို မြင်လိုက် ရသော ဒေါ်ခင်မေ၏ မျက်နှာ အသွင် ကလည်း ပြုံးယောင် ယောင်နှင့် ရှိပါသည်။

ဒါကြောင့် ကျနော်သည် ပယောဂကို ယင်းကဲ့သို့ပြုလုပ် ရကြောင်းကို အလိုလိုသိရတော့သည်။

ဆရာတော်၏ ဩဝါဒအရ ခုတော့ မှန်နေ၏။ပညာ ဆိုတာ အလိုလိုတတ်လာသည်တကား....''

* * *

သူတို့နှစ်ဦးဆင်းသွားခဲ့သော်လည်း ရှေ့ဆင့်နောက်ဆင့် ဆိုသကဲ့သို့ ကိုလှမြင့်တယောက်သည် ပြာရိပြာယာနှင့်ရောက်လာပြန်သည်။

''ကိုခင်မောင်ညွန့်ဘယောက်ရှိမှ ရှိရဲ့လားဆိုပြီး ရမ်းလာ ရတာဘဲ၊ အစည်သင့်ဘဲ ကျနော်နဲ့ လိုက်ခဲ့ ပါအုန်း-ပြစရာတခု ရှိလို့ပါ....''

''ဘာတွေ ပြမလို့လဲ....''

''ဟိုရောက်တော့ သိမှာပေါ့....''

ကျနော်သည် ကိုလှမြင့် ခေါ်ရာသို့ လိုက်ပါသွားတော့သည် လူတွေက မများပေ။ ကျနော်တို့ နှစ်ဦးနှင့် ပေါင်းလိုက်တော့မှ အားလုံး ရှစ်ယောက်ရှိသည်။ကန်တော့ပွဲများ ပြင်ထားသည်ကို ရှေးဦးစွာ တွေ့လိုက်ရပါသည်။ သူတို့သည်တယောက်သော သူကို မြှော်နေကြသည်။ ကျနော်တို့ရောက်ရှိသည့်အခါအချိန် မနှောင်းသေးကြောင်း ကိုလှမြင့်မိတ်ဆွေက ဦးစွာ ပြောလိုက်သည်။ ဒါကြောင့် ကိုလှမြင့်က ကျနော့အား ပြောပြသည်။

''ခင်ဗျားကို ခေါ်လာတာ တခြားမဟုတ်ဘူး၊ လော့လာ ခိုင်းတာဗျို''

''ဘာတွေပြမှာမို့လဲ....''

ကျနော်လဲ သေသေချာချာ မသိရသေးဘူး၊ မိမိတ်ဆွေတဦး က ဖိတ်ခေါ်လို့သာ လာရတယ်''

ကျနော်တို့ရှေ့တွင် ရှိသော လဘက်ရည်ကြမ်း ခရားဆီသို့ လက်ကရောက်သွားပါတော့သည်။လဘက်ရည်ကြမ်းတခွက်နှင့် နှစ်ခွက်လောက်သောက်မိသောအချိန်တွင် အသက်အရွယ် အား ဖြင့် (၃၀)ကျော် လူရွယ်တဦးသည် အိမ်ပေါ် တက်လာပါသည်။ အိမ်ပေါ်တွင် ထိုင်နေကြသော သူအချို့သည် ထပြီး နှုတ်ဆက် ကြပါသည်။ ထို့ကြောင့် ကျနော်လည်း ထိုသူအား အကဲခတ် လိုက်ပါသည်။ ကျနော်ထင်သည့်အတိုင်းပင် သူသည် ဆရာတ ယောက်ဖြစ်ပါသည်။

အခန်းတခုလုံး တိတ်ဆိတ် ငြိမ် သက် လျက် ရှိပါသည်။ အကြောင်းမှု ဆရာလုပ်သူသည် ပွဲရှေ့တွင်ရပ်လျက် ဖရောင်းတိုင် ဆီမီးများ ထွန်းညှိနေပါသည်။ ၎င်းနောက် ပွဲရှေ့တွင် ဘုရား ဝတ်ပြုနေသည်ကို တွေ့ရပြန်သည်။ အချိန်အနည်းငယ်တွင်း သူ ၏တကိုယ်လုံးလှုပ်ပြီး ဓါတ်စီးလာကြောင်း တွေ့ရပြန်သည်။ ထို ဖြစ်ရပ်အား ကြည့်နေကြသော လူတော့၏ မျက်နှာပြင်များမှာ အလွန်အံ့သြွယ်ရာကို မြင်တွေ့ရတော့မည့်အရေးကို မျှော်ငေးနေ ကြသည့် အသွင်လက္ခဏာမျိုးက ပေါ်လွင်နေပါသည်။

ပွဲရှေ့တွင် ရှိခိုးနေရာမှ တဖန်လာရောက်သောပရိသတ်ဘက် သို့ မျက်နှာမူလိုက်ပါတော့၏။မျက်နှာချင်း ထိုင်ကျပြီး သူ၏ ဖွင့်သောမျက်လုံးများက သူသိသော သူတွေ့၏ နံမည်ခေါ်ပြီး သူ့ရှေ့သို့ ရောက်တော့မှ ပွဲတွင် ဆက်ထားသော ကွမ်းယာကို ယူခိုင်းပါသည်။ ထိုကွမ်းယာကိုပါးစပ်ဖြင့်တကျိတ်ကျိတ်နှင့်ဝါး လိုက်ပါသည်။ ခဏအကြာတွင် သူ၏ နံဘေးတွင် ရောက်နေ သောသူအား လက်ဖြန့်ဟု အမိန့်ပေးလိုက် ပါသည်။ ထိုသူက

လည်း သူပြောသည့်အတိုင်း လက်ဖြန့်လိုက်ပါသည်။ သူ၏ပါး စပ်မှနေ ကျောက်စိမ်းလုံးများ အနီအစိမ်း အရောင် အမျိုးမျိုး အန်ပေးလိုက်ပါ၏။

ထိုဖြစ်ရပ်မြင်လိုက်ရသောအခါတွင် ကျန်သူ များကလည်း လက်ကလေးများယား၍နေပါသည်။ သူပေးလိုသူကို ခေါ်၍ ပေးပြန်သည်။ ၎င်းနောက် ထိုကဲ့သို့ကျောက်မျက်ရတနာ ပေး ခြင်းကိစ္စ ပြီးဆုံးသော်လည်း အခြားရုပ်ပြတခု ဖြစ်ပေါ်လာပါ သည်။ ၎င်းမှာစင့်ပေါ်တွင် ထိုးထားသော ပွဲများပေါ်သို့တက် ထိုင်ပြခြင်း၊ ရပ်ပြခြင်း၊ တပွဲနှင့်တပွဲ လမ်းလျှောက် ပြခြင်းကို လည်း လုပ်ပြ နေပါတော့သည်။ ထိုအချင်းအရာကို မြင်ပြီး မလှုပ်မရှက် ကြည့်နေသော ကျနော့်မိတ်ဆွေ ကိုလှမြင့်တဦးမှာ အထူးအံ့သြနေလေသည်။

ဤကိစ္စသည် သာမန်လူတယောက်အဖို့ အံ့သြသော်လည်း ကျနော့်အဖို့ ရယ်စရာ ပြက္ခက်တခု ဖြစ်နေကြောင်း သိရပါ သည်။ ၎င်းဆရာ လုပ်ရပ်သည် မှော်ကျူးနေခြင်း ဖြစ်ကြောင်း သိရပါသည်။

ကျနော်တို့နှစ်ဦးသည် ထိုအိမ်မှ ပြန်ခဲ့ကြပါသည်။ အိမ် ရောက်တော့ ကိုလှမြင့်က ဆက်ပြောပါတော့သည်။

"အတော်ကိုအံ့သြဖို့ ကောင်းတယ်ဗျာ....ပါးစပ်ထဲက ကျောက် မျက်ရတနာတွေ အန်ထွက်ပြီး ပွဲပေါ်လျှောက်ပြတာ လွယ်ကူ တဲ့ အလုပ်မဟုတ်ဘူးနော်....ခင်ဗျား သေသေချာချာ ကြည့်စမ်း ပါ။ဒါတွေတွေ့ရသူတိုင်းအဖို့ မအံ့သြဘူးဆိုတာ ရှားနေတဲ့လူဘဲ"

"ဒါပေါ့ဗျာ.... လမ်းဘေးမှာ မျက်လှည့်ပြတာကို အထင်

ကြီးတဲ့ လူတွေဟာ အလိမ်ခံရတို့ သေချာပြီမှတ် ဘာကြောင့်လဲဆိုတော့ ဒီပညာဟာ မျက်လှည့်ပါလို့ဆိုတာတောင် ကြည့်သူ၏ မျက်စိကို လှည့်တာကို အထင်ကြီးနေရင် ကြည့်သူရဲ့ မျက်စေ့ အလှည့်ခံရပြီမှတ်၊ ကြည့်သူရဲ့မျက်စေ့ အလှည့် မခံရဘူးဆိုရင် အဲဒီမျက်လှည့်ကို အထင်မကြီးဘူး....”

ကိုလှမြင့်သည် ကျနော်စကားအဓိပ္ပါယ်ကို အနည်းငယ် သိလိုက်သောကြောင့် စိတ်ဆိုးသွားဟန် တူသည်။

“ဒီမှာ ကိုလှမြင့် ခင်ဗျားလိုဘဲ ကျနော် တချိန်က ဒီလိုရုပ်တွေကို အထင်ကြီးခဲ့တယ် နောက်တော့ ဘာတွေဆိုတာသိလာတယ်လေ၊ ကျနော်တွေ့ဘူးတဲ့ ရုပ်ပြတွေထဲက တခု ပြောပြမယ် နားထောင်....”

ကျနော် သမထ ကျင့်နေတုန်းက မိတ်ဆွေတဦးဟာ ဒီကိစ္စမျိုးကိုအလွန်အထင်ကြီးခဲ့တယ်၊ တနေ့မှာ နယ်က ပြန်လာတဲ့ မိတ်ဆွေတဦးဆီက သတင်းအရ နယ်မှာရှိတဲ့ ဆရာတဦးရဲ့ တန်ခိုးပြပုံဟာ သိပ်အံ့သြတို့ ကောင်းကြောင်း၊ သူ့လက်ဖြန့်လိုက်တာနဲ့ ပုတီးတကုံးဟာအလိုလို ရလာတယ်၊ နောက်ပြီး ရေမွှေးပုလင်းထဲမှာ ဓါတ်တော်တွေ ရောက်လာတယ်၊ စားစရာ ဆိုရင်လဲ အလိုလို စားဘို့ ရောက်လာတယ်လေ၊ ဒီလိုဖြစ်ရုပ်တွေ မြင်ခဲ့ရတဲ့ မိတ်ဆွေက ကျနော် မိတ်ဆွေကို ပေါက် သည် ချတော့ ကျနော့် မိတ်ဆွေဟာ နေမထိထိုင်မသာ ဖြစ်နေပါတယ်။

ကျနော့်ကို သူနဲ့အတူ လိုက်ဖို့ အတင်း ပြောပါတယ်၊ ကျနော်လည်း သူပူဆာလွန်းအားကြီးလို့ သူနဲ့အတူ လိုက်သွား

ခဲ့ပါတယ် ဟိုရောက်တော့ ကျနော်တို့ကို ဘယ်ကလဲလို့ မေးပြီး မင်းတို့ယုံကြည်အောင်ပြရအုန်းမယ်ဆိုပြီး လက်ဖြန့်လိုက်တာနဲ့ ဆရာ၏လက်ထဲမှာ စိတ်ပုတီး တကုံးရောက်လာပါတော့တယ်။

နောက်ပြီး မေးသေးတယ် မင်းတို့ ရန်ကုန်က လာရတော့ အခေတ်ဆာနေတယ်၊ ရော့...ဘိလပ်ရည် သောက်အုံး ဆိုပြီး အထက်ကို လက်ဝါးဖြန့်လိုက်တော့ ဘိလပ်ရည်ပုလင်း ရောက်လာပြန်တယ်၊ ဒီတော့ကျနော်လည်း အတူး အံ့ဩမိတာပေါ့၊ ဒီအချိန်မှာ ကျနော့ မိတ်ဆွေက ပြုံးပြုံး ဖြီးဖြီး လုပ်ပြီး ကျနော့ဘက်လှည့်လိုက်ပါတော့တယ်၊ ကျနော်တို့ နှစ်ယောက်ဟာ အလွန်အံ့ဩစရာကောင်းပါတယ်ဆိုတဲ့ သဘောလက္ခဏာမျိုးဖြင့် ထယောက်ကို တယောက် သဘောပေါက် နေကြတာပေါ့....

ဟိုအချိန် ဟိုအခါမှာ မသိခင်က ဒီလို အထင်ကြီးစရာလို ဖြစ်လာပေမဲ့ ခုအချိန်ကျတော့ မဟာဓန္ဓာရီ လမ်းစဉ် ဆရာတော်ဘုရားရဲ့ ဩဝါဒခံ တပည့် ဖြစ်လာတော့ ဒါတွေဟာ မှော်တွေဖြစ်နေတာ သိရပါတယ်၊ ကိုလှမြင့် မှော်အတတ်ဟာ ဝူလ ဂန္ဓာရီတို့ရဲ့ လုပ်ရပ်တွေပေါ့၊ သူရဲ၊တစ္ဆေ၊နတ်၊ရုတ်ကစိုး စသည်သူတို့ကိုနိုင်တဲ့ အင်းချုပ်၊ မန္တန်ချုပ်၊ ဆေးချုပ် တွေနဲ့ လုပ်ခါ မိမိထံလာတဲ့ ဧည့်သည်ကို အထင်ကြီးရအောင် ဆိုပြီး ဒီသရဲ၊ ရုပ်ကစိုး၊ နတ်မိစ္ဆာတွေကို ဖမ်းချုပ်ပြီး ရုပ်ပြအဖြစ် ပြမဲ့ ပစ္စည်းတွေကို လူတွေမမြင်နိုင်ကဲ့ နေရာမှာ ဝှက်ထား၊ နောက်ပြီး လက်ဖြန့်လိုက်တာနဲ့ ချက်ချင်း လက်ထဲရောက်စေ ဆိုတဲ့ သဘောနဲ့ လက်ဝါးဖြန့်လိုက်ရင် သူတို့ ချုပ်ထားတဲ့

ရုပ်ကစိုး၊ နတ်မိစ္ဆာ၊သရဲ၊တစ္ဆေတွေဟာ လာပေးရတယ်၊ အဲဒီ ချုပ်တဲ့အချိန်ဟာလဲ ဂတိနဲ့ ချုပ်ဖမ်း ထားရတယ်၊ အကယ်၍ ဘယ်အချိန်မှာ ဒီချုပ်ခံရတဲ့ သရဲ၊ နတ်မိစ္ဆာ၊ ရုပ်ကစိုးတွေကို ပြန်မလွှတ်ဘဲထားရင် ဒီဖမ်းချုပ်ခံရတဲ့ သူက ပြန်လုပ်လိုက်ရင် စင်းစင်းချည်းသေရတယ်၊ ဥပမာ....မြွေ အမွှယ်ဆရာလို တောတောင်ထဲမှာ မြွေကိုနှစ်ချုပ်နဲ့ ဖမ်းပြီး မြို့တက်ပြကြတယ်၊ နှစ်ချုပ်စေ့လို့ တောပြန်ပို့ရင် ပြန်ပို့၊ မပို့ရင် မြွေက ပေါက်သတ်လိုက်တဲ့ အဖြစ်မျိုးပါ၊ ဒါကြောင့် ဆရာတော်က သြဝါဒ ပေးဘူးတယ်၊ ဆရာအလိုက်မမှားဘို့၊ ဘာကြောင့်လဲ ဆိုရင် ဘုရားလက်ထက် အဇာတသတ်ဟာ ဒေဝဒတ်ကို ဆရာတင်မှားခဲ့သော သက်သေ သာဓကတခု ဟောပြပါတယ်။

ရှင်းဇာတ်တော်သည် ဇနိန္တပကာသနီ ကျမ်းအရ ဖော်ပြရေးသားလိုက်ပါသည်။

သတ္တရသမဝါကို ရာဇဂြိုလ်ပြည်၌, အဋ္ဌာရသမဝါ, ဧကူနစီသတိမဝါတို့ကို ထိုပြည်နှင့်မနီးမဝေးဖြစ်သော စာလိယတောင်၌, စီသတိမဝါကို ရာဇဂြိုလ်ပြည်၌ ကပ်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားအား ဒေဝဒတ်ပြစ်မှားလေသော အကြောင်းကို အရင်းမှစ၍ ပြဦးအံ့၊ မြတ်စွာဘုရားသည် ကောသမ္ဗီပြည်၊ဃောသိတာရုံကျောင်း, ပါဝါရိကာရုံကျောင်း, ကုက္ကုဋ္ဋာရုံကျောင်း တို့၌ ကိန်းအောင်း တည်စံတော်မူသောကာလ, ဃောသကသူဌေး အစရှိကုန်သော ဥပါသကာ,ဥပသိကာအပေါင်းတို့သည် ကျောင်းတော်သို့ ဆည်းကပ်ကြကုန်သော သင်္ဃာတော်တို့ကို

အမည်ဖြင့် အသီးသီးခေါ်၍ အရှင်သာရိပုတြာကား အဘယ်ကျောင်းမှာ၊ အရှင်အာနန္ဒာကား အဘယ်မှာနည်း၊ ဤသို့စသည်ဖြင့် မေးမြန်း၍ လှူဒါန်းပူဇော်ဘွယ်နှင့်တကွ အသီးသီး ဆည်းကပ်ကြကုန်သည်။ ကန္တား မဏ္ဍာပ်စရပ်ပွဲပြင် အလှူသဘင်တို့၌ မင်္ဂလာပြု၍ စည်းဝေးသောအခါ၌လည်း ရှင်သာရိပုတြာကား ငါတို့ဆရာတည်း။ အလွန်ပညာကြီးကျယ်၏။ ငါတို့ ဆရာကား အရှင်မဟာမောဂ္ဂလာန်တည်း၊ တန်ခိုးအဘိဥာဏ် တို့၌ သို့စင် အံ့သြဘွယ်ရှိ၏။ ဤသို့စသည်ဖြင့် အသီးအသီး ချီးမွမ်းပြောပကြကုန်သည်။ ဒေဝဒတ်ကိုမူကား မည်သူ တယောက်မျှ မေးမြန်း၍ လှူဒါန်းပူဇော်သူလည်းမရှိ၊ ချီးမွမ်း ပြောဆိုအံ့သောသူလည်းမရှိ၊ ထိုအခါ ဒေဝဒတ်သည် စိတ်ငြိမ်ရာ၌ ကပ်ပြီးသော် ဤသို့ကြံ၏။ ဤကောသမ္ဗိပြည်သားတို့သည် ငါ့အားမေးမြန်း၍ အကျွမ်းတဝင် ပြုလာသောသူမည်သည် တစုံတယောက်မျှ မရှိကြကုန်၊ သာရိပုတြ၊ မောဂ္ဂလာန်၊ အာနန္ဒာစသော သူတို့၏ အထံသို့သာ သွားလာဝင်ထွက်ကြကုန်သည်။ ငါလည်း သာကီဝင်မျိုးမှ ရဟန်းပြုသူဖြစ်ပါလျက် ဒါယကာတို့ မကြည်ညွတ်ခြင်း၊ မဆည်းကပ်ခြင်းသည် ဘုရားရှင်က ငါ၏ ကျေးဇူးမဲ့စကားကို ဒါယကာတို့အား ပြောကြားသည်ဖြစ်ရာလတ္တံ့၊ ထိုကြောင့် ဘုရားမြတ်စွာနှင့် ငါအတူနေ၍ မသင့်ပြီ။ ဤမှတပါး အခြားမြို့ရွာ၌ ငါ့အားကိုးကွယ် ချီးမြှောက်မည့် ဒါယကာကို တွေ့ရှာမှတင်း၍ နေတော့အံ့၊ သို့ရာတွင် ထက်ဝန်းကျင်သော ဟီးဆောင်းနန်းနေ ပဒေသရာဇ် မင်းအများ တို့သည် ဘုရားသခင်၏ အလုပ်အကျွေး ဥပါသကာချည်းဖြစ်ကြ ကုန်သည်။ဗိမ္ဗိ

သာရမင်းကြီး၏ သားဖြစ်သော အဇာတသတ် မင်းသားကား ငယ်လည်း ငယ်သေး၏ ကိုးကွယ်သော ဆရာလည်း မရှိသေး၊ နောင်ရေးလည်း အလွန် ကောင်း၏။ ထိုမင်းသားကို ငါ့အား ကြည်ညိုစေ၍ ဆရာပြုရသော် များစွာသော လောဘ သက္ကာရ ရှိသည် ဖြစ်လတ္တံ၊ ထိုလောဘသက္ကာရကို မှီ၍ ပရိသတ် လေးပါး တို့သည် ပြန့်ပွား စည်ပင်စွာ ဖြစ်လတ္တံ့ ဟု အကြံ ဖြစ်ကာ ထိုသို့ ကြံပြီးသော် ရှင်တော်ဘုရားထံမှခွါ၍ ရာဇဂြိုဟ်ပြည်သို့လာခဲ့၏။ ပြည်၏ အနီးသို့ ရောက်လျှင် မိမိရသော ဈာန်အသိ ညာဉ်ဖြင့် ရ ဟန်းအသွင်ကို ပယ်၍ သူငယ်၏ သဏ္ဌာန်ကို ဖန်ဆင်းပြီးလျှင် ဦး ခေါင်းထက်တွင် မြွေတစင်း ကိုပါး ပျဉ်းဖြန့်စေလျက် လက်နှစ် ဘက်၌မြွေနှစ်စင်း ခြေနှစ်ဘက်၌လည်း မြွေနှစ်စင်း၊ ဤမြွေ ငါး စင်းကို အမြီးချင်းရှက်ထိုး၍ ခါးကြိုး ကဲ့သို့ ဆင်းပြီးမှ ကောင်း ကင်မှသွား၍ အဇာတသတ်မင်းသား၏ ရင်ပြင်လက်၌သက်ဆင်း ၏။ မင်းသားလည်း ကြောက်လန့်ရကား သည်းစွာ ဟစ်အော်၍ ထ၏။ထိုအခါ ဆရာဒေဝဒတ်က "မင်းသားကြောက်သလော" ဟုမေး၏။မင်းသားကလည်း "ငါကား အလွန်ကြောက်၏။သင် အသူနည်း၊လူလော နတ်လော နဂါးလော" ဟုဆိုလျှင်"သင်မင်း သားမကြောက်လင့်၊ငါကား ဒေဝဒတ်ပင်တည်း။သတ္တိစွမ်းအင်ကို မြင်စေလို၍ပြုသည်"ဟုဆိုလျှင်"အရှင်ဒေဝဒတ် ဖြတ်ဘိကပကတိ သောရဟန်းအသွင်ကိုပြပါ"ဟုသောင်းပန်လျှင်ထိုဖန်ဆင်းသော သူငယ်၏ အသွင်ကို ဖျောက်၍ပရိက္ခရာရှစ်ပါးနှင့် တကွသောရ ဟန်းအသွင်ကိုပြပေ၏။ ထိုအခါ အဇာတသတ် မင်းသားလည်း "အရှင်ဒေဝဒတ်ကား ကြီးမားသော တန်ခိုး အာနုဘော် ရှိ၏၊

နာနာဘာဝ ရူပကာယ ကိုလည်း ပြခြင်းငှါ စွမ်းနိုင်၏။ ခမည်းတော် ကိုးကွယ်သော ဘုရားမှ ဤကဲ့သို့ မပြနိုင်ဟု အလွန်သဒ္ဓါကြည်ညိုခြင်းဖြစ်ရကား-မင်းသားလည်း ရထားငါးရာတို့နှင့် ဆရာဒေဝဒတ်၏ထံသို့ ညဉ့်နံနက်ဆည်းကပ် ငါးရာမျှလောက်သော ဆွမ်းဝတ်တို့ကိုလည်း ဘည်ပေ၏။ မင်းချင်းတို့လည်း အသီးသီးချီးမြှောက်ပူဇော်ကြ၏။ ထိုအခါမှစ၍ ဒေဝဒတ်အား များစွာသော လာဘ်ပူဇော်သက္ကာအခြံအရံတို့သည်ဖြစ်ကုန်၏။ ထိုအခါဆရာဒေဝဒတ်လည်းလာဘ်ပူဇော်သက္ကာတို့၌တပ်ကြက်ပျော်မြူးသည်ဖြစ်၍ မာန်ယစ်လေရကား---ဘုရားသခင်ကိုပယ်ရှား၍ တပည့်သားဖြစ်သော သံဃာအပေါင်းကို ငါဆောင်အံ့ဟု အကြံဖြစ်၏။ထိုစိတ်ဖြစ်သည်နှင့်တပြိုင်နက်ပင် အထက်ရရင်းဖြစ်သောဈာန်အဘိညာဉ်သည် ကွယ်လေ၏။

ထိုအခါ ရာဇဂြိုဟ်ပြည်၌နေသော အရှင်မောဂ္ဂလာန်၏အလုပ်အကျွေး ကောလိယ သူဌေး၏သားဖြစ်သော ကုက္ကုဋမည်သောဒါယကာသည် ကြမ္မာကုန်၍ စာတုမဟာရာဇ်ဘုံ၌ နတ်သား အဖြစ်ကိုရလေ၏။ ထိုနတ်၏ကိုယ်ကား သုံးဂါဝုတ်ပမာဏ ကြီးသတည်း။ ထိုကုက္ကုဋနတ်သားသည်အရှင်မောဂ္ဂလာန်ရာကောရှိရာသမ္ဗီပြည်သို့လာ၍ ရိုသေစွာ ရှိခိုး ပြီးသော် ဤသို့ နားတော်လျှောက်၏"ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ လက်ဝဲတော်ရံဖြစ်တော်မူသော အရှင်ဘုရား-ရဟန်းဒေဝဒတ်သည် လာဘ်ပူဇော် သက္ကာ၌ လွန်စွာ တောင်းတခြင်းဖြင့်နှိပ်စက်သည်ဖြစ်၍ ကုသိုလ်တရား၌ အားထုတ်လိုခြင်း ကင်းသော စိတ်ရှိလျက် ရဟန်းသံဃာတို့ကို ငါဆောင်အံ့ဟု စိတ်အ

ကြံသည်ဖြစ်၏။ ထိုသို့ကြံသည်နှင့်တပြိုင်နက်ပင် အရှင် ဒေဝဒတ်၏သန္တာန်၌ ရှိရင်းစျာန်အသိညာဉ်တို့သည် ရေတွင်ကျသော မီးတောက်ကဲ့သို့ ပျောက်ပျက် သုဉ်းဖျင်းလေပြီ”ဟုလျှောက်လာ၏ အရှင်မောဂ္ဂလ္လာန်လည်း ဘုရားရှိရာသို့ လျင်စွာကပ်ပြီးသော် နတ်သားလျှောက်တိုင်းသော အကြောင်း စကားကို ဘုရားရှင်အားနားတော် လျှောက်ပေသော် ကိုယ်တော်ဘုရားလည်း “ချစ်သားမောဂ္ဂလာန် သင်၏ အလုပ်အကျွေးဖြစ်သော ကုက္ကုဋ္ဌနတ်သားသည် မိမိစိတ်ဖြင့် သူတပါး၏ စိတ်ကိုသိသည်ဖြစ်၍ သိလင့်စေခြင်းငှါ သင့်အား ကြားလျှောက် လာပေသည် ဣဿပကာတဖြင့် ပြောပြသော စကားဖျင်းဟု သင်မမှတ်လင့်၊ နတ်လျှောက်တိုင်းမှန်သည်သာတည်း၊ သို့ရာတွင် သင်ဆိတ်ဆိတ်သာ နေဦးလော မမြင်မှီကပင် ထိုအခြင်းအရာသည်ထင်ရှားစွာ ဖြစ်လတ္တံ့”ဟုမိန့်တော်မူပြီးမှ “ချစ်သားမောဂ္ဂလာန်---ဤလောက၌ အပူဇော်ခံကြသော ဆရာကား ငါးမျိုးပြားသတည်း။ ငါးမျိုးဟူသော်ကား

(၁) မိမိ၌ စင်ကြယ်သောသီလမရှိဘဲလျက် စင်ကြယ်သောသီလရှိယောင်မူ၍ သူတထူးအား လှန်ကျူးစွင် ကဲ့ရဲ့ရှုတ်ချလျက် မြတ်သော သီလသည် ငါ၌သာရှိ၏ ဟုဝန်ခံ၍ အခြံအရံ အလုပ်အကျွေးတို့ကို သွေးဆောင် ဖြားယောင်းတတ်သော ဆရာလည်းတမျိုး----

(၂) မိမိစင်ကြယ်သော အသက်မွေးခြင်း မရှိဘဲလျက် စင်ကြယ်သော အသက်မွေးခြင်း ရှိယောင်မူ၍ သူတထူးအား လှန်ကျူးစွာကဲ့ရဲ့ရှုတ်ချလျက် မြတ်သော အာဇီဝသည် ငါ၌တာ ရှိ၏ဟု ဝန်ခံ၍ အပူဇော်ခံသောဆရာလည်းတမျိုး----

(၃) မိမိ၌ မစင်ကြယ်သော အယူစကားတရားဒေသနာ ရှိလျက် စင်ကြယ်စွာ ရှိယောင်မူ၍ သူတထူးအား ကဲ့ရဲ့ရှုတ်ချလျက် မြတ်သောအယူဝါဒ ဓမ္မဒေသနာသည် ငါ၌ ရှိ၏ဟု အပူဇော်ခံသော ဆရာလည်းတမျိုး ...

(၄) မိမိ၌ မစင်ကြယ်သောဉာဏ်အမြင်ရှိလျက် စင်ကြယ်သောဉာဏ်အမြင်ရှိ၏ဟု ဝန်ခံ၍ အခြေအရံကို သွေးဆောင်ကာ ဆရာပြုလိုသော ပုဂ္ဂိုလ်လည်းတမျိုး။

(၅) မိမိ၌ မစင်ကြယ်သော မြာကသိုဏ်း သင် ခြင်း ရှိလျက် စင်ကြယ်သော မြာကသိုဏ်း သင်ခြင်းရှိ၏ဟု ဝန်ခံ၍ အခြံအရံကို သွေးဆောင်ကာ ဆရာပြုနေသော ပုဂ္ဂိုလ်လည်းတမျိုးတို့ဖြစ်ပါသည်။

# ကြိုရဆုံရ

လူထိုင်းတွင် ကိုယ့်အတွေ့အကြုံနှင့် ဗဟုသုတတော့ရှိစမြဲ။ သည်တခါတော့ ကျနော်သည် နားထောင်သူ တဦးအနေဖြင့် ရပ်တည်နေရသည်။ ကျနော်နှင့်သူ၊ တနည်းဆိုသော် သူ့နာမည်က ကိုသာဒင်၊ ဤ(သမထ) ဘာဝနာ ကျင့်ကြံအားထုတ်ခိုက် သူနဲ့ကျနော် ခင်မင်ရင်းနှီးခဲ့ပါသည်။

တနေ့တွင် "သူတွေ့ကြုံခဲ့သောဖြစ်ရပ်တွေထဲမှ ကောင်းနိုးနိုး ရာရာတခုကို ကောက်နုတ် ပြောပြပါသည်။ လူကလည်းငယ်သေး၊ ဗဟုသုသအတွေ့အကြုံက နုနယ်သေးဆိုတော့ အမှားအ

မှန်ကို ဝေဘန်ကြည့်တတ်သောအလေ့အထမရှိ။ လူများများ အှုံသော ဆရာတဦး၏ ဖေါက်ပြန်ခဲ့သောအကြောင်းကိုပြောပြ တော့သည်။

ငပိဖုတ်တောင် ဆရာမပြ နည်းမကျဆိုသည့် အကြောင်းကို သူက ခံမှင့်ယုံကြည်အားထား၏။ ခု တွေ့သော ဆရာ အပေါ် တွင်လည်း ယုံကြည်အားကိုးမိသည်။ ဆရာ ရုတ်တရက် ပြလိုက် သော သမားဂုဏ်တခုကို ပရိသတ်အလယ်တွင် တွေ့မြင်လိုက်ရ သောအခါတွင် နဂိုရ်က သူ့အနေဖြင့် မိမိ စီးသော မြင်းသည် အထိန်းမှန်း အမမှန်းမသိသောကြောင့် ဘယ်လမ်းကိုလျှောက်၍ ဘယ်ကိုသွားလိုသည်ဟု ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်ပြီး ကျင့်ကြံအား ထုတ်သော တရားသဘောမရှိခြင်းကြောင့် ဘယ်သူတွေ ဘာ ပြောပြော၊ ဘယ်ဆရာတွေ ဘာလုပ်ပြပြ၊ လက်ဝါးဖြန့် ခေါင်း ညိတ်ရသူတဦးပင်ဖြစ်နေခဲ့သည်။

ဆရာတဦးနှင့်သိခွင့်ရသည်။ ဆရာ့ အိမ်ပေါ်သို့ သူရောက် တော့ သူ့မျက်လုံးများကကျိုးကန်းတောင်းမှောက်သကဲ့ရှိသည်။ တခါမှ ဤကဲ့သို့အနန်း့ ငှက်ပျောပွဲတွေများသော နေရာဌာနသို့ ဝင်ထွက်ခြင်းမရှိသည့်အတွက် သူ့အတွက် အထူးအဆန်းသဖွယ် ဖြစ်နေ၏။ ဘယ်ပွဲဟာဖြင့် မည်သည့်ပုဂ္ဂိုလ်အတွက် စသည်ဖြင့် ဆရာလုပ်သူ ပြောပြချက်ကို နားထောင်ရင်း ငေးမောနေ၏။

"မင်း ခုမှ ငါ့ဆီရောက်လာတဲ့တပည့်သစ်တဦးဆိုတော့ ငါ့ အနေက အရင်တွေ့နေကျ တပည့်ဟောင်းတွေလို သဘောထား ပါတယ်။ ဆရာတို့အနေနဲ့ကတော့ လူတိုင်း အပေါ် မေတ္တာ

ထားရတော့ တပည့်သစ် တပည့်ဟောင်းရယ်လို့ မမှတ်ထားပါဘူး။"

ရုတ်ချည်း မြင်မြင်ချင်း နှုတ်ခွန်းဆက်လိုက်သော စကားကြောင့် သူ့အနေဖြင့် အလွန်ဝမ်းသာသွားမိသည်။

"ငါ့တပည့်အတွက် အဆောင်တခုတော့ ပေးရအုန်းမယ်။ ဒီအဆောင်ကတော့ ဘယ်ရန်သူမျိုးမဆို ခုခံ ကာကွယ်ပေးနိုင်တယ်။ ဒီအင်းကို အမြဲမပြတ် အိတ်ထဲမှာ ဆောင်ထား။ လုပ်လွာပတွေလည်း တိုးတက်နိုင်တယ်။"

ဆရာလုပ်သူသည် ပြောပြောဆိုဆို မတ်တပ် ရပ်လိုက်ပြီး ဘုရားစင်ပေါ်တွင်တင်ထားသော မှိုင်းခံ စက္ကူတရွက်ကိုယူကာ ဖယောင်းတိုင်တတိုင်ကိုယူပြီး ၎င်းမှိုင်းခံစက္ကူပေါ်တွင် ရေးခြစ်လိုက်ပါသည်။ သူ့အနေဖြင့် ရေးခြစ်နေသည်ကိုသာ မြင်လိုက်၏။ ဘာတွေ ရေးခြစ်ထားသည်ကို မတွေ့ ရသေးချေ။ ၎င်းနောက် ပွဲတွေတင်ထားသော စားပွဲပေါ်ရှိ ပြာခွက်တခုထဲမှ ပြာအနည်းငယ်နိုက်ယူလိုက်ပြီး ၎င်းမှိုင်းခံ စက္ကူပေါ်သို့ ရုတ်တရက်သုတ်လိုက်ပါသည်။ ပြာသုတ် ပြီးသော မှိုင်းခံ စက္ကူတရွက်ကို သူ့အား လှမ်းပေးလိုက်ပါသည်။ သူ့ထံသို့ရောက်ရှိလာသော မှိုင်းခံစက္ကူသည် အင်းချပြီးသည်ကို တွေ့လိုက်ရ၏။ ဒီတော့ သူ့အနေဖြင့် အံ့ဩမိ၏။

"ငါ့တပည့် ဒီလို အင်းဆိုတာ လူတိုင်းချလို့ ရတဲ့ အင်းမျိုးမဟုတ်ဘူး။ မင်းဟာ ပါရမီဓာတ်ခံရှိတဲ့လူမို့ ငါပေးနိုင်တာ၊ ဒီလိုအင်းမျိုးဟာ မသမာတဲ့လူလက်ထဲရောက်မှဖြင့် ဆရာ့အနေ

နဲ့ အထက်ဆရာကြီးတွေက ဒကာခံရမှာ၊ ကောင်း ကောင်း သိမ်းထားနော် ငါ့တပည့်။

သူသည် ဆရာပေးသော အင်းစက္ကူကို ဘရိတသေခေါက်ပြီး အင်္ကျီအိတ်ထဲတွင်ထည့်ပြီး သိမ်းထားလိုက်ပါသည်။

"နက်ဖြန်ည ဖယောင်းတိုင် မီးငြိမ်းပြမယ်။ ကြည့်လိုတဲ့လူ ရှိရင် လာခဲ့ကြ။"

ဒါကြောင့် ဆရာ၏ အမှာစကားကြောင့် သူ့အနေဖြင့် အတွေးသစ်တခု ဝင်လာပါတော့သည်။ ဒီဆရာ ဘယ်လိုလုပ်ပြီး ဖယောင်းတိုင်ငြိမ်းပြမည့်အရေးကိုတွေးရင်း အိမ်သို့ ပြန်ခဲ့ပါသည်။

ကိုယ့်ကိုကိုယ်တော့ စောစောရောက်နေသော သူတဦးဟု ထင်မှတ်ခဲ့သော်လည်း ဟိုရောက်တော့ သူနောက်ကျနေမှန်းသိရသည်။ သူ့ထက်စောသူတွေက ဆရာ့နောက်တွင် ငြိမ်သက်စွာ ထိုင်လျက် ရှိချေတကား။

အမျှားနည်းတူ သူတယောက်လည်း ငြိမ်သက်လျက် ဆရာသည် ပွဲရှေ့တွင် ဖယောင်းတိုင်မီး ထွန်းညှိပြီး ဘုရား၏ ဂုဏ်တော်ကို အကြိမ်ကြိမ်ရွတ်ဖတ်၍ အချိန်အတော်ကြာမှဖယောင်းတိုင်တဝက်ရောက်သော် ဖယောင်းတိုင်မီးသည် ငြိမ်းသွားတော့သည်။ ယင်းမီးငြိမ်းသွားသောဖြစ်ရပ်ကို မြင်လိုက်ရသော ပရိသတ်သည် အထူးအံ့သြလျက်ရှိလေသည်။

အမျှားနည်းတူ သူတယောတ်လည်း ငြိမ်သက်လျက် ဆရာသည် ပွဲရှေ့တွင် ဖယောင်းတိုင်မီးကိုထွန်းညှိပြီး ၎င်းဖယောင်းတိုင်ရှေ့တွင် မန္တာင့်တခုကို မန်းမှုတ်နေပါသည်။ ၎င်းမန္တာန်

ကို အကြိမ်ပေါင်းမြောက်များစွာ မန်းမှုတ်ပြီး ဖယောင်းတိုင် တဝက်ရောက်တော့မှ ဖယောင်းတိုင် ငြိမ်း၍ သွား ပါတော့သည်၊ မီးငြိမ်းသွားခြင်းကိုမြင်ကြရသောပရိသတ်သည် အထူးအံ့ဩသောအသွင်ကို ဆောင်နေကြသည်။

နောက်တကြိမ် ဖယောင်း တိုင်ကို အထက်ပါ အတိုင်း မန္တာန်မန်းမှုတ် နေပြန်သည်။ ဤအကြိမ်မှလည်း ဖယောင်းတိုင် တဝက်ရောက်မှ ငြိမ်းသွားပြန်သည်။ ယင်းကဲ့သို့ ဖယောင်းတိုင် သုံးတိုင်တိတိကို မီးငြိမ်း ပြခဲ့ပါသည်။ ငြိမ်းသွားသော ဖယောင်းတိုင် သုံးတိုင်လုံးမှာလည်း တညီသညတ်တည်း ငြိမ်းနေသည်ကို တွေ့ရပါ၏။

မန္တာန်၏ တန်ခိုးအာနိသင်ကို ပြောပြနေသည်။ ခုတဖန် ကို သာဒင်ဘက်သို့လှည့်ပြီး--

"ကဲ-ငါ့တပည့် ရှေ့တိုး....-"ဟုဆိုကာ ဘုရားစင် ရှေ့သို့ ရောက်အောင်လာစေခဲ့ပါသည်။ငင်းနောက် စိတ်ပုတီး တလုံး၏ ခေါင်းရှိ ကြိုးစကို သူ့အားကိုင်ခိုင်းစေပါသည်။

"ဤသူသည် သာသနာပြု ပုဂ္ဂိုလ်တဦး ဖြစ်ရမည် ဆိုပါက ဤပုတီးသည် အရှေ့ဘက်သို့ လှုပ်၍သွားပါစေ...."အမိန့်ပေး လိုက်ပါသည်။ ထိုအခါ ၎င်းပုတီးသည် အရှေ့ဘက်သို့ သွားနေပါတော့သည်-၎င်းနောက် အနောက်ဘက်၊တောင်ဘက်သို့ ရွေ့လျား ပြန်စေ၏။၎င်းပုတီးသည် ရွေ့လျားပြန်သည်။

"ငါ့တပည့် မင်း သာသနာ ပြုရမဲ့ ပုဂ္ဂိုလ်ဘဲ....စသည်ဖြင့် ပြောပြပါသည်၊တပတ်မှာ- သုံးလေးခေါက်တော့ ဆရာ့ထံ မ ပျက်မကွက် ရောက်လေ့ရောက်ထရှိပါသည် ကြာကြာမြဲ့ထား

လေ၊ချဉ်လေလေမို့၊ ကြာကြာပေါင်းလေ၊ မှန်းစရာ အသွင်သို့ ပြောင်းလဲတော့၏။သူ့အပြောကတော့ ၎င်းဆရာလုပ်ရပ်တွေမှာ ဖယောင်းတိုင် မီးငြိမ်းပြသည်မှာလည်း ထူးဆန်းစရာ မဟုတ်ပေ၊အမှန်ပြောပါက ဖယောင်းတိုင်ကို အထက်ပိုင်းတွင် မီးစ ရှိပြီး အောက်ပိုင်းတွင် မီးစများမရှိပေ ထို့ကြောင့် ၎င်းမန္တာန်ကို မီးမငြိမ်းမချင်၊မန်းမှုတ်နေရသည်ဆေးကောင်းပါက တစက်အင်းကောင်းပါက အတွက် ဆိုသည့် စကားအရ မန္တာန်ဟူကား မိမိအလိုရှိအပ်သော တောင့်တအပ်သော အမှုကိစ္စသည် ဆုံးခန်းတိုင် ရောက်ရှိစေရန် အတွက် မန်းမှုတ် စေသော သဘောကိုခေါ်ခြင်း မန္တာန်တပုဒ်၏ တန်ခိုးသိဒ္ဓိရှိပါက တပုဒ်နှင့် ပြီးဆုံးနိုင်၏ ခုတော့ ဤသို့မဟုတ်ပေ အကြိမ်ကြိမ် မန်းမှုတ်မှ ငြိမ်သောအသွင်ကိုဆောင်နေ၏။

သူသည် ဖယောင်းတိုင်၏ အောက်ပိုင်းတွင် မီးဇာ မရှိကြောင်း နောက်မှသိ၏။

မှိုင်းခံစက္ကူပေါ်တွင် ဖယောင်းဖြင့် သုတ်သိမ်းလိုက်သော အခါဆေးလိပ်ပြာ သို့မဟုတ် သံမှုန့်စသည်ဖြင့်ပွတ်တိုက်လိုက် ပါက ရေးထားသော စာလုံးများ ပေါ်လာကြောင်း နောက်မှ သိရ၏ စိတ်ပုတီးကို ရှေ့သို့ နောက်သို့အဓိဋ္ဌာန် ခြင်းမှာလည်း စိတ်ပုတီး၏ အလေးချိန်သည် အောက်ပိုင်းတွင်ရှိ မိမိလက်ကလှုပ်ရမ်းနေခြင်းကိုသိရ၏။ အကယ်၍ စိတ်ပုတီး စောင့်နတ် ရှိခြင်း၊ သိဒ္ဓိတခု ပေါက်ရောက်သော ပုတီး ဖြစ်ပါက တိုင်တွင် ချိပ်ထားသော် အခါတွင်၎င်း၊စိတ်ပုတီးကို အဓိဋ္ဌာန်ပြုကြည့်ပါ

က လုပ်ရမ်း၍နေသည့်ခုတော့ မဟုတ်ပေ။ ဒါကြောင့် ၎င်းဆရာလိမ် ဖြစ်ကြောင်းကို ပြောပြပါသည်

ကိုသာဒင်ပြောသော စကား ပြီးဆုံးသွားသော အခါမှ ကျနော်အဖို့ ရခွင့်ရတော့သည် "ဒါမေါ့ သူငယ်ချင်း အမှန်ဘာရား ဆိုတာ ဖုန်းကွယ်လို့ မရဘူး ဆရာတဦးရဲ့ လုပ်ရပ်တွေ တနေ့ဘ ချိန်မှန်ကန်မှုရှိပါကကြာရှည်ကျော်ကြားမှု ပေါ်လာနိုင်မှာ ဒါမှမဟုတ်ရင် တနေ့ တကြိမ်မှာတော့ ဆရာလိမ် ဆရာညာ တွေဟာ အလိုလိုပျောက်ကွယ်သွားမှာဘဲ"

"မင်းဆက်နားထောင်မယ်ဆိုရင် ငါနောက်ထပ်တပုဒ်ပြောပြမယ်"

သူသည်ရှုတိုးတိုး၊ ဝဝဖိုင့်ဖိုင့်၊ အသား ဖြူဖြူ၊ မျက်ပေါက်ကျဉ်းကျဉ်း၊ သူ၏ဥပဒိရုပ် အညို့ခတ်က သူတဘက်သားအား ယုံကြည်ဘွယ်နိုင်သောစကားကိုသာ ပြောလေ့ရှိ၏။ ဒါကြောင့်ပင် သူ၏စကားကို နားထောင်လိုသူများက ပေါများခဲ့သည်။ ထိုသူသည် တန်စောင်းတခုတွင် တဦးတည်း ထိုင်နေ၏။ မကြာမီ လူတဦးရောက်လာ၏။ ၎င်းနှစ်ဦးသည် တဦးနှင့်တဦး အငြင်းအခုံပြုလုပ်သောစကားများသည်ပတ်ဝန်းကျင်သို့လွင့်ပါလာ၏၊ ထို့ကြောင့် ကိုသာဒင်လည်း ထိုသူနှစ်ဦး၏ ပြောနေသောစကားဝိုင်းသို့ ချဉ်းကပ် သွားတော့၏။

"ခင်ဗျားမယုံဘူးဆိုယင် ကျွန်ုပ်ကျွေးတဲ့ ကွမ်းယာ စားမလား...."

မျက်ပေါက်ကျဉ်းကျဉ်းလူ၏ပြောလိုက်သောစကားကြောင့် ကျန်သူက စားမည်ဟု အကြောင်းပြန်လိုက်၏။ တခုခု ဖြစ်ရင်

တော့ ကျွန်ုပ်တာဝန်မယူဘူး၊ ခင်ဗျား သုံးရက်အတွင်း နေမကောင်းဖြစ်ပြီး ဝမ်းသွားရမယ်....ဟု သူက ပြောလိုက်သောကြောင့် နံဘေးတွင် နားထောင်နေသော ကိုသာဒင်က အံ့သြသွားမိသည်။ ဒုတိယလူက မငြင်းကွယ်။ သူစားမည်ဆိုသည့်အတိုင်း သူစားလိုက်ပါ၏။ ဤဖြစ်ရပ်က ထိုအချိန်တွင် ပြီးဆုံးခြင်းသို့ ရောက်သည်ဟုဆိုရပေမည်။

ကွမ်းယာစားသူ ထသွားပြီး ထို့ကြောင့် ကိုသာဒင်သည် ရင်းသူနားသို့ ချဉ်းကပ်သွားသည်။

ဆရာကျွေးလိုက်တဲ့ကွမ်းယာဟာတကယ်စွန်သလားမေးမိသည် သူ၏ရယ်သံက ကိုသာဒင်အဘို့ အနည်းငယ် ထိပ်ထိပ်ပျာပျာဖြစ်သွား၏။ ရယ်သံ၏နောက်ကွယ်မှလျှောင်ပြောင်သောအသံက ကပ်၍လာပါ၏။

"ဒီမှာကိုယ့်လူ၊ ဒီလူ့ကို ရမ်းသုတ် ရုပ်တန်း လုပ်လိုက်ကဘယ်မှာလာပြီး ကျွန်ုပ်ပြောတာတွေဖြစ်မှာလဲ၊ ကျွန်ုပ်က ခပ်တည်တည်နဲ့ပြောတာက သူယုံမလားလို့ ပြောပြီး ကျွေးလိုက်တာပါ...."

ကိုသာဒင်သည် သူပြောသောစကားကို နားထောင်ပြီးထွက်ခဲ့၏။ နောက်နှစ်ပတ် ကြာခဲ့၏။ ကွမ်းယာ စားသောသူနှင့် ကိုသာဒင်တွေ့ကြသည်။ ဒါကြောင့်တချိန်ကဖြစ်ရပ်ကို ပြန်လည်မေးကြည့်၏။ ဒီတော့ ထိုသူက ပြုံးရယ်ပြီး....

"ဘာတခုမျှ မဖြစ်ပါဘူး၊ ဒကာလိမ်နေတာပါဗျာ၊ လူတွေကို ဆေးလုပ်လို့ရယင် လူအားလုံးကိုဆေးလုပ်ပြီး သူတို့လိုချင်တဲ့ပစ္စည်းတွေယူမှာပေါ့၊ မုန်းတဲ့လူတွေကို သတ်ပစ်မှာပေါ့...."

သူပြောတဲ့စကားအရဆိုပါက စဉ်းစားစရာ၊အချက်နှစ်ချက်ကိုတော့ တွေ့၏။ အကြောင်းအချက်က လူတွေကို ဆေးလုပ်ရယင် လူအားလုံးကိုဆေးလုပ်ပြီး သူတို့လိုချင်တဲ့ ပစ္စည်းတွေယူနိုင်၏။ နောက်တချက်က မုန်းတဲ့သူတွေကို သတ်ပစ်နိုင်၏။

မှန်ပါသည်။

အမှန်ကိုဝန်ခံရမည်ဆိုပါက လူတိုင်းကိုဆေးလုပ်လို့ မရချေ။ အဘယ်ကြောင့်ဆိုလင့်၊ မကောင်းမှုကြံသောသူသည် မကောင်းသောစိတ်ကို ဦးစွာမွေးမြူရတော့မည်။ ထို့ကြောင့် မကောင်းမှုတို့ပါဝင်နေသော ကိစ္စတရပ်သို့မဟုတ် လုပ်ရပ်တခုကိုအကျဉ်းချုံး၍ဆိုပါမူ ခိုးရာကောက်ခြင်း၊ ကွမ်းယာပစ်ခြင်း၊ အပင်းသွင်းခြင်း၊ ဗူးသွင်းခြင်း၊ မိမိမုန်းသူသော်၎င်း၊ ချစ်သူသော်၎င်း၊ ဒုက္ခရောက်အောင်ပြုလုပ်လိုသောအခါတွင် ချက်ချင်းပြုလုပ်နိုင်ခြင်းအစွမ်းကမရှိပေ။ အချိန်ယူ၍ လုပ်ရသောကိစ္စဖြစ်ကြောင်းကို တွေ့ရပေလိမ့်မည်။

လူတဦးအတွက် မကောင်းကြောင်း ရန်မူရန်အတွက် အင်းမြှုပ်ခြင်း၊ အင်းဖယောင်းတိုင်းထွန်းခြင်း စသည့်သဘောမျိုးကိုဆိုပါလင့်၊ အမှန်လောကတွင်ပြဆိုမည့် ဂါထာမန္တာန်ရွတ်ဖတ်ခြင်း၏ အာနိသင်ရှိခြင်းကြောင်းများ၊ အင်းဆိုသည့်အကြောင်းတရားနှင့် အကျိုးတရားများကို စေပြ၍ စဉ်းစားနိုင်စွမ်းရှိသူတို့ဖြစ်ကြသော စာဖတ်ပရိသတ်အဖို့ လူတဦးအား ဆေးလုပ်နိုင်သည်ဆိုသည့် လွယ်ကူသောကိစ္စတရပ်မဟုတ်ကြောင်း သိရှိနိုင်လာမည်။

အင်းချရာတွင် အခေါ် အဝေါ်များလည်း မနည်းလှပေ။

အနည်းငယ် ကောက်နုတ် ဖော်ပြလိုက်ပါမည်။ ရသာ:သွား၊ ခရုပတ်ဗိုလ်တက်၊ ဗိုလ်ဆင်း၊ မြင်းသွားစသည်တို့ ဖြစ်ပါသည်။

အင်းဟူသော ဝေါဟာရစကားမှာ ပါဠိဘာသာ အင်းမှ ဆင်းသက်လာလေသည်။ အင်္ဂဟူသည်မှာ အစိတ်အပိုင်းအောင် မြင်ရန် အကြံအစီဟူ၍ရင်း အင်္ဂမည်သော ပါဠိမှ ဆင်းသက် လာလေသည်။ အင်္ဂဆိုသည်မှာ တံဆိပ် အမှတ်ဟူ၍ အစင်း အကြောင်းဟူ၍ အဓိပ္ပါယ်ရလေသည်။

ဂါထာ ဟူသည် ပါဠိအဌထာ၊ ဌိကာစသော ကျမ်း အစောင်စောင်မှ ရွတ်ဖတ်ရန်ပြေပြစ် ချောမော စေမှုအတွက် ဆန်ကျမ်း၊ အလင်္ကာကျမ်းတို့နှင့် လိုက်ညီစေရန်စပ်ထားသော စာပိုဒ်ကို ခေါ်သည်။

မန္တာန် ဟူသည် မိမိအလိုရှိအပ် တောင်းတအပ်သော အမှု ကိစ္စသည် ဆုံးခန်းတိုင်ရောက်ရှိစေရန်အတွက် မန်းမှုတ်စေသော စာပိုဒ်ကိုခေါ်သည်။

မည်သည့် လောကီအစီအရင်မဆို ဂါထာ မန္တာန်မပါလျှင် မပြီးသောအရာဖြစ်လေသည်။ ပရိသတ်တရားတော်လျှင် ဂါထာ မန္တာန်ဖြစ်လေသည်။ တခါတရံ အင်းဆံ ဖြစ်လေသည်။ ရွတ် ဖတ်မိန့်ဆိုရာတွင် အရေးကြီးသောအချက်အလက်များ သဘော ပေါက်ထားရန် အထူးလိုအပ်ပါသည်။

၁။ ဂါထာ မန္တာန်၏ အနက်အဓိပ္ပါယ်။

၂။ ပါဠိဖြင့် ခရေးသားထားပါက ရင်းပါဠိ။

၃။ စကားပြေဖြင့် ရေးသားထားပါက ရင်းစကားဖြေ ၏ သတ်ပုံညွှန်းမှန်ကန်ခြင်း။

၄။ အသံထွက် မှန်ရခြင်း။
၅။ သီလ သမာဓိအားကောင်းခြင်း။
၆။ ကိုယ်ခန္ဓာ သန့်စင်ရခြင်း။
၇။ ဒါနကောင်းခြင်း။
၈။ မျက်နှာမူရာအရပ်မှန်ကန်ခြင်း။
၉။ သိဒ္ဓိရှင်များ၏ အဆက်အသွယ်ဟိတ်ကို ယူရခြင်း။

ပယောဂသဘောင်ရင်း၊ အန္တရာယ်သဘောင်ရင်း၊ ကြုံတွေ့သော အခါ ကင်းစေသော ဂါထာ မန္တာန်တန်ကို ရွတ်ဖတ်ရမည်။ လာဘ်မွှင်စေသော ဂါထာမာန်ဘန်ကို ရွတ်ဖတ်ရသည်။

အင်းပေါက်ခြင်း၊ အင်းကန်းခြင်း၊ အင်းကျိုးခြင်း၊ လက္ခဏာများမှာ အင်းပေါက်ခြင်း၏ လက္ခဏာ ၈ ပါး။

၁။ အင်းဘောင်ချင်းမထိ ရှိပေါက်ခြင်း။
၂။ အင်းကွက် မညီမညွတ်ရှိပေါက်ခြင်း။
၃။ အင်းဘောင်ဒေါင့်တဖက်ရှည်၍နေသဖြင့်ပေါက်ခြင်း။
၄။ အင်းဘောင်ထားသောအခါမှာ စိတ်မငြိမ်၍ ပေါက်ခြင်း။
၅။ အင်းဘောင်တားသောအခါမှ မန္တာန်မစုတ်မိ၍ ပေါက်ခြင်း။
၆။ ဂဏန်းအက္ခရာသွင်းရာ အင်းဘောင်ကိုထိ၍ ပေါက်ခြင်း။
၇။ အင်းတားသောအခါမှာ အစွန်းပိုလွန်း၍ပေါက်ခြင်း။
၈။ ဂဏန်းခေါင်းငိုက် တိုရှည်၍နေသဖြင့် ပေါက်ခြင်း။

## အင်းကန်းခြင်း၏ လက္ခဏာ (၈)ပါး

၁။ အက္ခရာသွင်းသောအခါ၌ အင်းသွားမမှန်၍ကန်းခြင်း။
၂။ နက္ခတ်အဝင်အထွက်မမှန်၍ ကန်းခြင်း။
၃။ အက္ခရာဂဏန်းမှစ၍ အကြီးအငယ် အတိုအရှည်မသင့်၍ ကန်းခြင်း။
၄။ ဂဏန်းအက္ခရာမှစ၍ အထားအသို အကျောက်အကန်မမှန်၍ ကန်းခြင်း။
၅။ မသိုးမသန့်သောနေရာ၌ စီရင်မိ၍ ကန်းခြင်း။
၆။ မသန့်သောသူ၊ သီလမစင်ကြယ်သောသူ စီရင်၍ ကန်းခြင်း။
၇။ စီရင်ထားသောအခါမှ မစင်ကြယ်သောသူ ကိုင်၍ ကန်းခြင်း။
၈။ ဂါထာစုတ်သောအခါမှာ တသံ,နသံ, ချွတ်ယွင်း၍ ကန်းခြင်း။

## အင်းကျိုးခြင်း လက္ခဏာ (၈)ပါး

၁။ အင်းစီရင်သူသည် အခါမှာ နေရာမသန့်၍ ကျိုးခြင်း။
၂။ အင်းဘောင် အထားအသို ခေါင်းငဲ့၍ ကျိုးခြင်း။
၃။ အင်းစီရင်သည့်အခါ စကားပြောဆိုမိ၍ ကျိုးခြင်း။
၄။ အင်းစီရင်သည့်အခါမှားတံတွေးမျိုမိ၍ ကျိုးခြင်း။
၅။ တွန်းခပ်လူးလဲ ထိတ်လန့်၍ ကျိုးခြင်း။
၆။ နေရာပြောင်းလဲစီရင်၍ ကျိုးခြင်း။

၇။ အလုံးစုံ ပြုပြင်စီရင် ညှိ ပြတ်၍ ကျိုးခြင်း။

ဂ။ မဟာရုံမခတ်မှီ အစဉ်အတိုင်းတား၍ကျိုးခြင်း။

အထက် ဖော်ပြပါ ဂါထာ မန္တန် အင်းစသည့် စည်းကမ်းချက်နှင့် အညီ ပြုလုပ်နိုင်မှ လိုရာသိဒ္ဓိ ပြီးမြောက်နိုင်၏။ ထို့ကြောင့် အင်းကောင်းတကွက် ဆေးကောင်းတစက် ဆိုသည့် အတိုင်း အင်းကောင်းလျှင် တကွက်သည်နှင့် သိဒ္ဓိရ၏ ဆေးကောင်းတစက်ဆိုသည်မှာ ဆေးတစက်ဖြင့်ခရီးပေါက်နိုင်သည်။ ယင်းအကြောင်းအရာ များကို ထောက်ရှုရသော စာဖတ်သူအနေဖြင့် မှန်းဆကြည့်ပါက အင်းကောင်းတခု ဖြစ်မြောက်ရန် မလွယ်ကူပေ။

ထို့ကြောင့် လူတိုင်းအား ဆေးလုပ်ရန် မလွယ်ကူပါ။ အိမ်တိုင်းကို အတိုက်အခိုက် ပြုလုပ်လို့ မရချေ။ မဟာဂန္ဓာရီဝိဇ္ဇာ သမ်းစဉ်ကြီးစားအားထုတ်ကြသောပုဂ္ဂိုလ်များသည်(၃၁)ဘုံရှိ သက်ရှိ သတ္တဝါများ အပေါ်တွင် မေတ္တာတရားပွားများရသောကြောင့်တပါးသူ၏ အကျိုးပျက်စေမည့် လုပ်ရပ်များကို အများဆုံးရှောင်ကြဉ်ရပါသည်။စိတ်နှ့လည်းမပြစ်မှားကောင်း ရပေ။ နေ့စဉ်မပြတ် ကံသုံးပါးစလုံး အတတ်နိုင်ဆုံး ထိန်းသိမ်းရလေ့သည်။ အောက်လမ်းဟူသောပညာများ သင်ယူလိုက်စားသော လုပ်ရပ်များကို အထက်လမ်းကို လိုလား ကြိုးစား အားထုတ်သူများ၏ ပညာရပ်များနှင့် နှိုင်းယှဉ်ကြည့်ပါက အလွန်ကွာခြား လျက်ရှိပါသည်။ အောက်လမ်း ပညာရပ် များမှာမူ မိမိမွေးထားသော နတ်မိစ္ဆာ၊ သရဲ၊ ဝိဉာဉ်လောကမှ မကောင်းဆိုးဝါးဖြင့်ထိုက်ခြင်းး အင်းမြှုပ်ခြင်းစသည့် မကောင်းသော

ပညာရပ်များကို တွေ့ရသောအခါ ၎င်းတို့နိုင်နင်းသော ဆရာ များဖြင့် တွေ့ရှိသွားသောအခါကြောင့် လောကဥ္စာဓာတ်မှုကျူး လွန်သဖြင့် ဥပဒေအရ အပြစ်ပေးခံရသကဲ့သို့ ၎င်းတို့အား ဒဏ် ပြန်အပြစ်ပေးခံရလေသည်။

ထို့ကြောင့် ဆေးလုပ်ခံရသူအချို့မှာ အောက်ပါလက္ခဏာ အရ ယုတ်ညံ့သူတို့က လုပ်ဆောင်နိုင်ပေသည်။

၁။ ရတနာသုံးပါး မသည်းကပ်ခြင်း။

၂။ ကံငါးပါးကို မထိန်းခြင်း။

၃။ ဒြပ်လွန်တရာ ကံဇာတာမေးမှိန်ခြင်း။

၄။ စိတ်အားငယ်တတ်ခြင်း။

၅။ နှလုံးဦးကျောက်အားနည်းခြင်း။

၎င်းတို့ပေါ်တွင် မှီခို၍ ဆေးလုပ် လွယ်ကူခြင်းဖြစ်ပါသည်။

သာသနာပွင့်လင်းသော အချိန်တွင် ဆေးလုပ်ခြင်း လုပ်ရပ် မှာ အလွန်တရာနည်းပါးခဲ့ပါသည်။ ၎င်းနောက် သိပ္ပပညာ ထွန်းကားသော ခေတ်တွင်လည်း ၎င်းယုတ်ညံ့သော ပညာများ မှေးမှိန်ခဲ့ပါသည်။

တခါက မိတ်ဆွေရောင်းရင်းများ နှင့် အတူ ဆရာတဦးဆီ အလည်အပတ် ရောက်ရှိသွားပါသည်။ ၎င်းဆရာ၏ပြောစကား ကို နားထောင်နေပါသည်။ ကျနော်တို့အုပ်စုထဲတွင်ပါဝင်သော မိတ်ဆွေတဦးက စောဒကတက်မိသည်။ သူလဲသည် ဓါတ်သိမ်း ခြင်းနှင့် ပတ်သက်၍ တဦးနှင့်တဦး အငြင်း အခုန် ပြုကြတော့ သည်။ထို့ကြောင့် တဘက်တွင်ရှိဆရာလုပ်သူကလည်း....။

"ခင်ဗျားဓါတ်သိမ်းဆည်းနိုင်ရင် ကျနော်ဓါတ်ခန်းမှာရှိတဲ့

ခါတ်တွေအားလုံး သိမ်းသွားနိုင်ပါတယ်။ ကျနော့ပညာကို သိမ်းလို့ ရရင် သိမ်းသွားပါ- ပညာ သိမ်းသည် ဆိုတာဟာ ဆရာလုပ်သူများဟာ ကျင့်ကြံအားထုတ်မှု၊ သင်ယူမှု ပြည့်ဝခဲ့သောညာရပ်များကို သိမ်းဆည်းလို့မရပါ။ ဒါပေမဲ့ မတော်မတရား၊ လောဘရမက်ဖြင့် သတ္တဝါတွေအပေါ်မှာ ညှဉ်းပမ်းနှိပ်စက်မယ်ဆိုရင်တော့ သူ့ထက်တတ်တဲ့ဆရာနဲ့တွေ့ရင် ပညာအသိမ်းခံရမှာဘဲ။ အကယ်၍ ဒီလိုကိစ္စကို မပြုလုပ်၊ ရရှိထားတဲ့ ပညာနဲ့ သတ္တဝါတွေ ကယ်ဆယ်နေတဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ပညာ သိမ်းဆည်းတယ်ဆိုတာမဖြစ်နိုင်ပါ''

ယင်းဆရာလုပ်သူ ပြောလိုက်သောစကားသည် မှန်ကန်ပါသည်။ ရရှိထားသော ပညာရပ်တခုသည် ကောင်းကျိုး ပြုနေသ၍ လောကီအနေဖြင့်ကြည့်မည်ဆိုပါက သူ့အတွက်ကောင်းကျိုးပြုမည်ဆိုသည်မှာ မှန်ကန်လှပေသည်။ ထို့ကြောင့် ကျနော်၏ မိတ်ဆွေမှာ ဘာတခုမှ ပြန်လည် ချေပနိုင်စွမ်းမရှိတော့ပါ။

## ဂါတ်စီးခြင်းနှင့် ဂါတ်စကားပြောခြင်း

ယနေ့ထွက်ရပ်ပေါက် ဆရာတော်များ၊ ဘိုးတော်များ၊ မယ်တော်များနှင့် မိမိတို့ ယုံကြည်ကိုးစားသော ပုဂ္ဂိုလ်တို့အား ငှက်ပျော အုန်း ကန်တော့ပွဲများနှင့် လှူဘွယ်ပစ္စည်းများဖြင့် တည်ခင်း လှူဒါန်းပြီး သတ်မှတ်ထားသော အခန်းများကိုအောက်ပါအတိုင်း ခေါ်ဝေါ်ကြပါသည်။

၁။ ဓါတ်ခန်း။

၂။ ဓါတ်နန်း။

၃။ ဓါတ်ရုံ။

စသည်ဖြင့် ထိုက်တန်ရာ ခေါ်ဝေါ်ကြပါသည်။ ယင်းအခေါ်အဝေါ်နှင့်ပတ်သက်၍မှားသည်မှန်သည်ဟုမရေးလိုပေ။ ကိုးကွယ်သူ၏အာရုံအရခေါ်ဝေါ်ခြင်းဖြစ်ပါသည်။အကြောင်းတရပ်ဖြစ်ပေါ်ခြင်း၊ ကိစ္စတခုဆောင်ရွက်ရန် ရှိလာခြင်းသည် လုပ်သူအတွက်၊ လိုလားသူအတွက်အကျိုးထူးတရပ် အောင်မြင်ရန်သော်၎င်း၊ အကျိုးရှိမှုဖြစ်ရန်သော်၎င်း၊ လိုလားတောင့်တ

ကြ၏။ ၎င်းအကြောင်းအကျိုးနှစ်ရပ် ဆိုးကျိုးကောင်းကျိုးများကို သိလိုကြပေသည်။ ဤသည်ကား လူတိုင်းပင်။ ကမ္ဘာ့နိယာမတရားပင် မဟုတ်ပါလော။

လုပ်ရန်ရှိသောအကြောင်းတရပ်ကို အစမှအဆုံးမလုပ်ခင်ကဆုံးဖြတ်နားလည်ရန်လို၏။ ဥပမာ–နိဗ္ဗာန်ကိုလိုလားတောင်းတသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်ရောက်ကြောင်းတရားကိုကျင့်မှ နိဗ္ဗာန်ရောက်နိုင်ပေမည်။ဗြဟ္မာပြည်ရောက်လိုသောပုဂ္ဂိုလ်သည် ဗြဟ္မာပြည်ရောက်သောတရားကိုကျင့်၊ နတ်ပြည်ရောက်လိုသောပုဂ္ဂိုလ်သည် နတ်ပြည်ရောက်ကြောင်း တရားကိုကျင့်၊ ထွက်ရပ်ပုဂ္ဂိုလ်ဖြစ်ချင်ပါက ထွက်ရပ်ပုဂ္ဂိုလ်တို့ကျင့်ကြံ အားထုတ်သွားသောတရားကိုကျင့်ကြံရန်မှာ အလွန်အရေးကြီး၏။

ထွက်ရပ်သမ်းသို့ ကူမြန်းသောသူသည်။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ လုပ်ရပ်များမှာ....

၁။ ပဋိပတ် အကျင့်တရားဖြင့်ထွက်ခြင်း။

၂။ အင်းဖြင့် ထွက်ခြင်း။

၃။ ဓါတ်ဖြင့်ထွက်ခြင်း။

၄။ ဆေးဖြင့် ထွက်ခြင်း။

၅။ မန္တာန်ဖြင့် ထွက်ခြင်းသည့် အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ ဆေးဝိဇ္ဇာ၊မန္တာန်ဝိဇ္ဇာတို့သည် ထွက်ရပ်တွင်အကူအညီပေးနိုင်သော ပညာရပ်ကို စီစဉ်ပြုလုပ်၍ ထွက်ရပ်လမ်းသို့ ကူမြန်းနိုင်ကြပါသည်။ ယင်းထွက်ရပ်ပေါက် ဝိဇ္ဇာဆရာကြီးများ ထွက်ရပ်လမ်းသို့ ကူမြန်းသွားသောနည်းများကို နောင်လာနောင်သားများ မှယ်သားစေ

ရန်အလို့ငှာ စာပေကျမ်းဂန်များတွင် ပြုစုရေးသားခဲ့သည့် စာပေများကို ဖတ်ဘူးသူများလည်း ရှိကြပါသည်။

ယနေ့ခေတ်စားနေသော ဓါတ်စီးခြင်းနှင့်ပတ်သက်၍ ဘာသာအမျိုးမျိုးမှ ဝိဇ္ဇာဆရာကြီးများ၏ ဓါတ်စကားဟု ပြောဆိုနေကြခြင်းကို စာရေးသူကိုယ်တိုင် လိုက်စားပြီးမှ ဤဓါတ်စီးခြင်း အကြောင်းကို ရေးသား လိုက်ပါသည်။ မည်သည့်အကြောင်းတရပ်ကို ရေးသားဖေါ်ထုတ်မည်ဆိုပါက ကိုယ်တိုင်သော်လည်း ၎င်းစာပေကျမ်းဂန်ပါဝင်သော စာပေကြောင့်သော်လည်း၊ ၎င်းအထောက်အထားများမှာ မိမိဘက်ကခိုင်လုံနိုင်မှ ပြည့်စုံပေမည်။ ဤကဲ့သို့မဟုတ်ဘဲ စာရေးသူတဦး၏ ထင်ရာရေးသားမှုသည် စာဖတ်သူအတွက် အကျိုး တက်ရောက်မှုမရှိဘဲ ပတ်ဘန်းကျင်၏ ကဲ့ရဲ့ပြစ်တင်ဝေဖန်ခြင်းကို ခံရပေလိမ့်မည်။ စာကောင်းပေကောင်းဆိုသည်မှာ အရေးအသားကောင်းခြင်းထက် အကြောင်းအရာခိုင်လုံမှ ယင်းစာပေတည် နေသောလာနောင်သားများအတွက်သော်၎င်း၊ စာဖတ်သူအတွက်သော်၎င်း၊ အကျိုးအမြတ်ရှိနိုင်ပေမည်။ ထို့ကြောင့် (သမထ)ပညာရပ်အကြောင်းနှင့်ပတ်သက်၍ ရေးသားရန်မှာ လမ်းနှစ်ကြောင်းရှိပါသည်။ ပထမပိုင်းတွင် စာပေကျမ်းဂန်ပေါ်တွင် မူတည်၍ရေးသားခြင်း၊ ဒုတိယ လက်တွေ့ကျင့်ကြံ၍ရရှိသော ပညာရပ်များပေါ်တွင် မူတည်၍ရေးသားခြင်း ဖြစ်ပါသည်။ မည်သည့် (သမထ) ပညာရပ်များမူ စာဖတ်သူ၏ လုပ်ဆောင်ရန်လိုလားခြင်းပေါ်တွင် မူတည်ပါသည်။

ကျနော်ရေးသားသော (သမသ) ပညာရပ်သည် အပြီးတိုင် ( သမထ ) ပညာ ပေါက်ရောက် သွား သည်ဟု မယူဆလိုပေ။ ကျနော်သည် ကျင့်ကြံအားထုတ်ဆဲ (သမထ) ပညာရပ်ပေါ်တွင် မူတည်ပြီး ရေးသားနေခြင်းပင် ဖြစ်ပါသည်။ (သမထ)ဘာဝနာအားထုတ်ဆဲတွင် တွေ့ကြုံရသောအကြောင်းအချင်းအရာများပင် ဖြစ်ပါသည်။ (သမထ) ပညာရပ်ဆည်းပူးသောဂိုလ်သည် တဦးနှင့်တဦး အာရုံပေါ်တွင် မြင်တွေ့ရမှုများမှာ မတူကြပေ၏။ စိတ်ပုတီးစိတ်ခြင်းဖြင့် မိမိစိတ်ကိုအာရုံမပြန့်လွင့်အောင်ဖန်တီးယူခြင်း၊တခုတည်းသောအရာကို စူးစိုက်ခြင်းဥပမာ ပထဝီကသိုဏ်း၊ မြေဖြင့်ပြုလုပ်သောအရာဝတ္ထုပစ္စည်းကို ကြည့်ခြင်း၊ သို့မဟုတ် မြေသားပကတိကိုကြည့်ခြင်း၊ ကြည့်သောသူ၏စိတ်ကို မပြန့်လင့်ဘဲ အာရုံ စူးစိုက် ကြည့်နေသော ပထဝီကသိုဏ်းတွင် ပထမကြည့်သော (သမ္မာ သတိ) အာရုံစူးစိုက်ခြင်း၏နောက်မှ ပေါ်ထွက်လာသော အာရုံ နိမိတ်သည် (သမထ) ပညာဖြစ်ပါသည်။

ရောမတွင်နေပါက ရောမလိုကျင့်ရမည် ဆိုသကဲ့သို့ အိမ်ဦးခန်းတွင်ရှိ ဘုရားစင်အောက်ဘင် ပွဲဘုပွဲရှိပါသည်။ ၁၀-ပေပတ်လည်ရှိ အခန်းကို ဓါတ်နန်းဟုသူတို့ခေါ်ကြသည်။ ကျနော်လည်း သူတို့အခေါ်အရ ဓါတ်နန်းဟု ရေးရပေမည်။ ကျနော်သည် ထိုနေရာသို့ ဆောက်လာသည်မှာ ကိုယ့်အသိစိတ်ဓါတ်ကြောင့် မဟုတ်ပေ။ မိတ်ဆွေဘဦးဖြစ်သူ ကိုစိန်လင်းခေါ်လာသဖြင့် ရောက်လာခြင်း ဖြစ်ပါသည်။ ရုံးပိတ်ရက်မို့ ထိုဓါတ်နန်းတွင် လူစုံသည်ဟု ဖေါ်ပြရပေမည်။ ဒီလူအုပ်ကြားတွင်

အသက် ( ၆၀ )ကျော် မိန်းမ၊ ယောကျ်ားတွေလည်း ပါဝင်သည်။ လူရွယ်ပိုင်းလည်း ပါဝင်သည်။ အချို့မိန်းကလေးတွေက ရုပ်ရည်သနားကမားရှိသည်။ လှသည်၊ ချောသည်ဟု မပြောနိုင်သော်လည်း သူ့အသက်အရွယ်နှင့်တော့ ခေတ်ဆန်လျက်ရှိသည်။ ကြည့်လို့တော့ကောင်းသည်။ သူတို့သည်ဝိုင်းဖွဲ့၍စကားပြောနေကြသည်။ ကျနော်တို့နှစ်ဦး ရောက်လာသောအခါတွင် မိန်းမရွယ်တဦး၏ နှုတ်မှနေ....၊

"စကားမတည့်တဲ့လူနဲ့ စကားပြောရတာ ရှက်စရာကောင်းလိုက်တာ၊ ကျမဖြင့် ကိုစိန်လင်းကိုအားကိုးပြီး စောင့်နေရင်တော့ ခုမှရောက်မှာ သေချာတယ်၊ ရုံးမှာတုန်းက စောစောလာပါ့မယ်၊ ကျနော်လာမှ အတူသွားရအောင်ဗျာ...."

ဘယ်နဲ့ရှိစ၊ ခုတော့တမျိုးပြောင်းလဲနေတာကို ဖြေရှင်းအုန်းလေ...."

မိန်းမတဦး၏ စကားသံက ခရီးဦးကြိုလိုက်ခြင်း ဖြစ်ပါသည်။

"လာဟေ့ မောင်စိန်လင်း အသက်အရွယ်ကြီးသောလူကြီးတဦးက သူ့နားသို့လာရန် ခေါ်လိုက်ပါတော့သည်။ ကိုစိန်လင်နှင့် အိမ်ပေါ်တွင်ရှိကြသောသူများသည် အတော်ပင် ရင်းနှီးနေကြသူများ ဖြစ်ကြောင်းကို ကျနော်သိရပါသည်။ ဤနေ့တွင် သက်သတ်လွတ် ကျွေးရန် အိမ်ရှင်ဖြစ်သူက ဖိတ်ခေါ်ထားသောကြောင့် ဤခေတ်နန်းတွင် သူတို့ စုံကြရလေသည်။

နောက်ပြီးတော့ ကိုစိန်လင်းက စောဦးစွာရောက်သူများနှင့် မိတ်ဆက်ပေးသည်။ ဒီဦးကြီးကတော့ အငြိမ်းစား ယစ်မျိုးဌာနက ကိုမောင်ဦး သူကတော့ ရဲဘော်ဟောင်း ဟိုတုန်းကဆို

အရက်ပုလင်းကို သင်မယားလုပ်ခဲ့လို့ ခုမှ ဘုရားမှန်း တရားမှန်း သိလာတဲ့သူပေါ့၊ ဒါကတော့ ကျွန်တော်တို့ရုံးက အထက်တန်းစာရေးမ ဒေါ်စိန်ခင်၊ ရုပ်ရှင်ထဲကဒေါ်စိန်ခင်လို မဟုတ်ဘူးနော်၊ သူ့ဆွေမျိုးတွေက ဒါရိုက်တာတွေ ဇာတ်ညွှန်းရေးဆရာတွေရုပ်ရှင်မင်းသားတွေ၊တော်လောက်ပြီး သူမ၏ဘေးတွင်ထိုင်နေသော အဒေါ်ကြီးတဦးက ပါးစပ်ကို လက်ဖြင့် ပိတ်လိုက်တော့ ရယ်သွားပါတော့သည်။ ကိုစိန်လင်းသည် ကျွန်တော့်ကို မိတ်ဆက်ပေးသည်။

လူရွယ်နှစ်ဦးသည် စားပွဲနှစ်ခုလာချလိုက်ပြီးထမင်းဟင်းလျာများ စုံလင်စွာ ထိုစားပွဲနှစ်ခုပေါ်တွင် တင်ထားလိုက်သည်။ စားပွဲပေါ်ရှိ စားသောက်စရာတွေက စုံပါပေ့။ သက်သတ်လွတ် ဆိုတော့ ဆီနိုင်မှ စားလို့ကောင်းမည်။ ဒါကြောင့် ဆီတော့နိုင်နိုင်နှင်းနှင်းဖြင့် ချက်ထားသည်ကိုတွေ့ရသည်။ အာလူးကြော်ပဲဟင်းကို ကြက်သွန်ဆီ ခပ်ထားသောကြောင့် ကြက်သွန်ကြော်သည် ပဲဟင်းပေါ်တွင် ပေါ့လောပေါ်လောဖြင့် ရှိသည်။ ဒီကြားထဲ မြန်မာတို့ နှစ်သက်ဆုံး ဖဲပြုတ်ကြော်လည်း ပါဝင်သည်။ ပဲသီးတောင့်ပြုတ် လက်သုတ်၊ အစပ်ကြိုက်တတ်သူအဖို့ သရက်သီးသနပ်လည်းပါသည်။ ပဲငပိချက် ချဉ်ချဉ်စပ်စပ်ကို ငရုပ်သီးစိမ်းဖြင့် ကြော်ထားခြင်းသည် စားစရာတွေ စုံလို့ပေ။

ထမင်းစားရန်အဆင်သင့်ဖြစ်သောကြောင့် စားကြပါတော့သည်။ ဟင်းခွက်တွေက စုံသောကြောင့် ဘာကစပြီး စားမည်ကိုပင် နှောင့်နှေးနေပါသည်။

"ကိုစိန်လင်း၊ ခင်ဗျားမိတ်ဆွေကို သည့်ပေးပါအုံး

"ကိုခင်မောင်ညွန့် အားမနာသန့်နော် ဒီလူတွေဟာ ကျနော်တို့ အဖွဲ့သားတွေဗျ၊ တလတခါ တအိမ်ကျစီ ခေါ်ဖိတ်ပြီး အလှည့်ကျ ကျွေးမွေးရပါတယ်"

ဒီတော့မှ ကျွန်တော်သည် ရဲရဲဝံ့ဝံ့ စားလိုက်ပါတော့သည်။ အနည်းဆုံး နှစ်ပန်းကန်ကျော်သောက်တော့ ဝမ်းခေါင်းထဲ ဝင်သွားချေပြီ။

ထမင်းဝိုင်းပြီးတော့ အချိုပွဲဝိုင်း ရောက်လာပြန်သည်။ ဂျင်းသုတ် လဘက်သုတ် လဘက်ရည် စသည် အချိုဝိုင်းက မြန်မာဆန်ဆန် ကျွေးပြန်သေးသည်။ နောက်ဆုံးမိတ် အိတ်နှဲ့ လွယ်ဆိုသကဲ့သို့ ၁နာက်ထပ် ကျွေးမည့် အစားအစာ မရှိကြောင်း သိပြီဖြစ်သော ကျွန်တော်သည် အားရပါးရ စားပြန်သည်။ ကျနော်သည် အသက်အရွယ်ကြီးသူ နံဘေးတွင် ထိုင်လျက်သားရှိ၏။ သူ၏အမေးကြောင့် စကားပြောလိုက် စားလိုက်နှင့်ရှိပါသည်။

"မောင်ရင်က ရန်ကုန်ကဘဲလား"

"ဟုတ်ကဲ့"

"ဘုရားဘက်လိုက်တာ ကြာပြီလား"

"မကြာသေးပါဘူး၊ ခုဆို လ ၅ ဘက် ကူးရုံဘဲရှိပါသေးတယ်"

"ကိုစိန်လင်းနဲ့ သိတာ ကြာပြီလား"

"ဟုတ်ကဲ့"

"ဘယ်ဌာနမှာလုပ်သလဲ"

"အစိုးရ အမှုထမ်းတဦးပါ"

"ဒီလိုခေတ်နန်းမျိုး ရောက်ဘူးသလား"

"မရောက်ဘူးပါဘူး"
"ဒီလိုဆို ခေတ်စကားပြောတတ်သလား"
"မပြောတတ်ပါဘူး"

ကျနော်နောက်ဆုံးစကားမပြောဘဲရှိတော့မှ ထိုသူသည်စကားမဆက်တော့ဘဲ ရပ်လိုက်ပါသည်။ အလ္လာပ သလ္လာပ ပြောနေကြသော လူများထဲမှ လူရွယ်တဦး၏ စကားသံကြောင့်....။

"ကဲ .. ကဲ လုပ်ငန်းစတော့မယ်"ဟု ပြောလိုက်သောကြောင့် ကိုစိန်လင်းအသိ မစိန်ခင်မှာ ရုတ်တရက် နတ်ပူးသလိုလို သူမတကိုယ်လုံးသည် ထုန်လှုပ်လျက်လာပါတော့သည်ရင်းနောက်ကတော့၍ အေးဆေးစွာထိုင်လျက်ရှိ၏။ ခုချက်ချင်း ဘာမပြောညာမပြောနဲ့ သူမ၏လှုပ်ရှားခြင်း မြန်ဆန်လွန်းသော အဖြစ်ကို မြင်ရသောကျနော့်အဘို့ အံ့သြနေမိသည်။ အခြားသူတွေတနည်းဆိုသော် မြင်နေကြ တွေ့နေကြသူတွေ အဘို့မှာတော့ မခင်စိန်သည် ခေတ်စီးနေကြောင်း သိနိုင်ကြ၏။ ယင်းကဲ့သို့ဖြစ်နေပြီး ,နောက် မကြာမီ သူမ၏ ပါးစပ်မှ ဘာသာခြား ကုလားစကားကို ပြောနေပါတော့သည်။ သူမ ပြောသောစကားသည် အဆက်မပြတ် ပြောနေခြင်းကို ကြားရသူတွေထဲမှ တဖန် ယောကျာ်းတဦး လှုပ်လှုပ်ရွရွဖြင့် ခေတ်စီးလာပြန်သည်။ သူကတော့ ဤကဲ့သို့ကုလားစကားမဟုတ်ပေ ပါဠိလိုလို သက္ကတ်ရိုက်လိုလို ပြောနေပြန်သည်။ မခင်စိန်ပြောသောစကားကို ခေတ်စီးနေသော ယောကျာ်းလုပ်သူနှင့် အခြေတင်ပြောနေပါသည်။

ဘာတွေပြောလို့ ဘာတွေ ဆိုနေကြသည်ကိုတော့ ကျနော်

မသိ။ ထို့ကြောင့် ကျနော်သိလိုသော အကြောင်းအချက်များသည် ၎င်းနှစ်ဦး၏ ပြုမူချက်ပြောသော စကားများကို လေ့လာလိုသောစိတ်ဆန္ဒက ပေါ်ပေါက်လာပြန်သည်။

၎င်းတို့နှစ်ဦးပြောပြီးနောက် အခြားမိန်းမကြီး တဦးသည် လှုပ်လှုပ်ရွရွဖြင့် ဓါတ်စီးလာပြန်သည်။ သူမပြောသော စကားများသည် အင်္ဂလိပ်ဘာသာဖြင့် ပြောသလိုလို ရှိနေပါသည့်။ အင်္ဂလိပ်စကားဟု ထင့်ရသော်လည်း အမှန်တကယ် ယနေ့မြန်မာပြည်တွင်ပြောနေကြသော အင်္ဂလိပ်စကားမျိုးမဟုတ်ပေ။ နောက်တယောက်က ရှမ်းဘာသာဖြင့် ပြောပြန်သည်။ နောက် တယောက်တရုတ်စကားဖြင့် ပြောပြန်သည်။ သူတို့ပြောလိုသောစကားများသည် တဦးပြီးတဦး ပြောပြန်သည်။ သူတို့ပြောသော စကားများဖြင့် တဦးပြီးတဦး ဓါတ်စီး၍ ပြောကြသည်မှာ ကြည့်လို့တော့ ကောင်းပါသည်။

ကျနော်သည် ထိုဘာသာစကားနှင့်ပတ်သက်၍ မေးမြန်း လို၏။ မေးရန်ခက်နေ၏။ ကျနော့မိတ်ဆွေကိုစိန်လင်းအားမေးမည်အပြု သူလည်း ဓါတ်စီးပြီး တဘက်တွင် ဓါတ်စီး နေသူအား ဓါတ်စကားဖြင့် ပြန်လည် ပြောနေပြန်တော့သည်။ ဒီတော့မှ ကျနော့အတွက် အချက်ရလေသည်။ ကျနော်သည် ကိုစိန်လင်းနှင့်ပေါင်းသင်းခဲ့သော်လည်း ခုကဲ့သို့ ဓါတ်စကားပြောသည်ကို တခါမျှ မတွေ့ဘူး၊ မသိခဲ့သည်ကို အမှန်ဝန်ခံရပေလိမ့်မည်။

ကျနော်တို့နှစ်ဦးသည် ထိုဓါတ်နန်းမှ အိမ်သို့ ပြန်လာခဲ့ကြသည်။ ကိုစိန်လင်းတို့အိမ်ရောက်လင့် ခရီးရောက်မဆိုက် ကျနော်သိလိုသော ဆန္ဒကို ဖေါ်ထုတ်လိုက်သည်။

"ဒီမှာသူငယ်ချင်း....မင်းတို့ စောစောက ပြောကြဆိုကြနဲ့ ကွာ၊ပျော်စရာတော့ တော်တော်ကောင်းတာဘဲ၊ တယောက်နှင့် တယောက် ပြောသည့် ဘာသာ စကားတွေ မတူပေမဲ့ တယောက်ပြောတဲ့စကား တယောက် နားလည်သကဲ့သို့ ချေပ ပြောသံတွေဟာ နားထောင်လို့ ကောင်းတာဘဲ...."

ဒါနဲ့ ပထမပြောတဲ့သူက ဘယ်သူလဲကွ၊ မင်းအဖြေပေးရင် တယောက်တည်းအကြောင်းကို မပြောရဘူးနော်၊ အစဉ်အတိုင်း ပြောရမယ်....

ကျနော်သိလိုသော ကိစ္စကို သူအား ရေလာ မြောင်းပေး ပြောလိုက်ရပါသည်။

"ဒီမှာသူငယ်ချင်း....ဒီစကားဟာ အလွန်တန်ဘိုးရှိတဲ့ စကားတွေကွ၊ ဘာကြောင့်လဲဆိုတော့ ခုနက ပြောသွားတဲ့ သူတွေဟာ ဘိုးတော်တွေ၊ မယ်တော်တွေ၊ မထမ မခင်စိန်စီကြလာတဲ့ သူက ဆာဒူးဘိုးတော်၊ နောက်တယောက်က မယ်တော်၊ တယောက်က အင်္ဂလိပ်ဘိုးတော်၊ နောက်တယောက်က တရုတ်ဘိုးတော်၊ ငါကျတော့ မယ်တော် ဓါတ်စကားကွ...."

"ဒီဓါက်စီးပြီး ပြောတဲ့စကားကို သင်ကြားဘို့ဟာ လွယ်ကူသလား...."

ကျနော်၏အမေးကြောင့် ကိုစိန်လှင်းသည် အနည်းငယ် စဉ်းစားလိုက်ပါသည်။

"လွယ်တော့မလွယ်ကူဘူး....အတော်ကလေး ပါရမီဓါတ်ခံ ရှိရမယ်၊နောက်သီလ သမာဓိနဲ့ ပြည့်စုံမှ စကားပြောလို့ရမယ်"

"ဒီလိုဆိုရင် မင်းငါ့ကို ခါတ်ဖွင့်ပေးပါလား....။ ငါလဲ လက်တွေ့လုပ်ကြည့်ချင်တယ်...."

"ဘယ်ရမလဲ သူငယ်ချင်း....ဒီပညာကို ဆရာတဦး ထံမှာ တပည့်ခံပြီး ခါတ်ဖွင့်ထားရတာ၊ လွယ်လွယ်နဲ့ ရနိုင်တဲ့ ကိစ္စမျိုး မဟုတ်ဘူး...."

"အေးလေ...တပည့်ခံဆို ခံပါ့မယ်၊ မင်းဆရာနဲ့ ငါ့ကို တွေ့ပေးစမ်းပါ...."

"မင်း....တွေ့လိုချင်တဲ့ ဆန္ဒရှိရင်တော့ ဖြစ်ရမှာဘဲ...."

ကျနော်သည် ပြောလက်စ စကားကို ဖြတ်လိုက်ပြီး သူ့အိမ်မှပြန်ခဲ့လေသည်။

ကိုစိန်လင်းသည် သူ့ဆရာနှင့် ကျနော့အား မိတ်ဆက်ပေးပြီး ကျနော်ပြောလိုသော ခါတ်စကားကို သင်ပေးရန် ပြောပြပါသည်။

"အေးလေ....ဒါတော့ ဖြစ်ရမှာပေါ့ကွာ...."

ဆရာလုပ်သူ၏ ခိုင်းစေချက်အတိုင်း ကျနော် ဘုရားဝတ်ပြုရပါသည်။ ဆရာတိုင်ပေးသည့်အတိုင်း နှုတ်က လိုက်ဆို ရပါသည်။

"ဗုဒ္ဓတော....ဗုဒ္ဓတောဟု အကြိမ်များများနှင့် ခပ်မြန်မြန် ဆိုရပါသည်...."

ကျတော်လည်း ဆရာလုပ်သူ၏ အမိန့်အတိုင်း (ဗုဒ္ဓတော) ဟု အကြိမ်ခပ်များများနှင့် ခပ်မြန်မြန် ရွတ်ဆိုရပါသည်။ယင်းလုပ်ရပ်များသည် ပထမနေ့တွင် ဗုဒ္ဓတောဟုသာ ဆိုနိုင်ပြီး ခါတ်စကားများ ကျနော့နှုတ်မှ ပေါ်ထွက်မလာချေ။ ဒါကြောင့်

"ခင်ဗျား နည်းနည်း လိုသေးတယ်.... သက်သတ်လွတ် တပါတ်လောက် စားလိုက်ရင် ပွင့်သွားနိုင်ပါတယ်...."

ကျနော်စိတ်က သိလိုသော ဆန္ဒတခုကို ဖြည့်စွမ်းနိုင်ဘို့ရန် ကျနော်သာလျှင် ကြိုးစားမှုရမည် မဟုတ်ပါလော....။ နောက် ရက်ပိုင်းတွင် ကိုစိန်လင်းနှင့်အတူ သူ့ဆရာဆီသို့ ရောက်သွားပြန်သည်။ ဒီတခါတော့ ပထမတခေါက်က လုပ်သကဲ့သို့ ဗုဒ္ဓတောနှင့် ဓါတ်ဖွင့်ပြန်သည်။

"ခပ်မြန်မြန်ဆိုပါ....ဒါမှဓါတ်ဖွင့်ပြီး ဓါတ်လိုက်လာမှာ"

ဆရာပြောသည့် အတိုင်း ခပ်မြန်မြန် ရွတ်ဆိုပါသည်။ယင်းကဲ့သို့ ရွတ်ဖန်များသောအခါတွင် ဗုဒ္ဓတောပျောက်ပြီး မိမိစိတ်ထဲမှ ပြောလိုသောစကားများ ထွက်ပေါ်လာတော့သည်။ ထိုစကားကိုကြားလိုက်ရသော အခါ ဆရာလုပ်သူ၏မျက်နှာသည် သာယာလျက်ရှိ၏။

"ရပြီ.... ရပြီ .... ဓါတ်ဖွင့်စပြုလာပြီ .... စကားကတော့ မယ်တော်ဓါတ်စကားတွေ၊ ဒါပေမဲ့ ပြောနေမကျတော့ သိပ်မပီသေးဘူး။ နောက်ကျတော့ ပြောရင်းနဲ့ မှန်လာမှာပါ....။

ကျနော်သည် ထိုဓါတ်စကားကို ပြောလိုသောအခါဓါတ်စီးရသေးသည်။ ဓါတ်စီးပြီးနောက် အလိုလိုမိမိနှုတ်မှ ဘာသာတခု၏စကားလိုလို၊ပါဠိလိုလိုနှင့် ပြောနေပါတော့သည်။ပွဲမဝင်ခင် အပြင်ကျ ကျင်းပဆိုသကဲ့သို့ ကိုစိန်လင်းနှင့် ကျနော်တို့နှစ်ယောက်သား ဓါတ်စီးပြီး ပြောပြပါသည်။ သို့သော်- ကျနော်တို့ နှစ်ဦး ပြောသော စကားများ ဓါတ်စီးပြီး ပြော နေ တုန်း၊

တယောက်ကိုတယောက် ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေက
တဦးနှင့်တဦး သိရှိနားလည် ဟန်ရှိခဲ့သော်လည်း တကယ်တန်
ဓါတ်မစီးတော့ပဲ၊ တဦးကိုတဦး မေးကြမြန်းကြ၊ ဘာသာပြ
လိုသောအခါ ၎င်းစကား၏ အဓိပ္ပါယ်ကို မပြောနိုင်တော့ချေ၊
ကျနော်သည် မိမိပြောသောစကား မိမိနားမလည်သည့်
အတွက် ဓါတ်ဖွင့်ပေးသော ကိုစိန်လင်း၏ဆရာထံသို့ ချဉ်းကပ်
ရပြန်သည်။

"ဆရာ....ကျနော်ပြောတဲ့စကားကို မြန်မာလိုအဓိပ္ပါယ်ပြန်
ပေးစေလိုပါတယ်...."

ဒီတော့....ဆရာလုပ်သူကလည်း "ဒီစကားတွေဟာ ရှေးနှစ်
ပေါင်း နှစ်ထောင်လောက်က ဘိုးတော်တွေ ပြောတဲ့စကား
ဒါကြောင့် ငါတို့လည်းမှန်းစပြီး ဘာသာပြန်တာဘဲ...."

ကျနော်နှင့်ကိုစိန်လည်းတို့ ရောက်ခဲ့သောဓါတ်နန်းဆိုလ့် ဦး
လှည့်ပြန်သည်။ သူတို့နှင့်အတူ ဓါတ်စီးပြီး ဓါတ်စကားပြော
ကြည့်သည်။ တဦးက ရှမ်းဘိုးတော်ဝင်လျှင်၊ ကျနော်က မယ်
တော်ဓါတ်ဖွင့်ပြောသည်။ ဓါတ်စကားအဓိပ္ပါယ်ကိုတော့သူတို့
နားမလည်ကြောင်း ပြန်ပြောသည်။ သူတို့အထင်ကတော့ ဆို
သည် ဟူ၍ စကားနှင့် ဆုံးခဲ့ပြန်သည်။

ကိုယ်တိုင်ဓါတ်စီးခြင်း၊ ဓါတ်စကားပြောဆိုခြင်း စသော
မိမိတဦးတည်း ပြောဆိုပါက အလွန် ကြောင်အမ်းအမ်း ဖြစ်ခဲ့
သော်လည်း ဓါတ်စကား ပြောတတ်သူ နှစ်ဦးတွေ့က ပြောလို
သော စကားများသည် တဦးနှင့်တဦး နားလည်သကဲ့သို့ ဟန်ရှိ
ပါသည်။ သို့သော်--အဓိပ္ပါယ်ကိုတော့ နားမလည်ပါ။ ဓါတ်

စီးရာတွင်လည်း ကိုယ်တိုင်စီးရသောကြောင့် မိမိကိုယ် ဓါတ်စီး တော့မည်ဟု စိတ်ဆုံးဖြတ်သောအခါတွင် အလိုလိုကိုယ်တွေက လှုပ်လှုပ်ရှုရှု ဖြစ်လာပါတော့သည်။ လုပ်လိုသော ဆန္ဒကြောင့် စိတ်ကဖြစ်ပေါ်လာဟန် တူပါသည်။ ပတ်ဝန်းကျင်အားသတိပြု လျက်ရှိပါသည်။ လုံးဝ မမေ့ချေ။ လုံးလုံး လျှားလျှား သတိ လွတ်နေခြင်း မဟုတ်ပေ။ ထို့ကြောင့် ကျနော် ဓါတ် မစီး ဘဲ၊ ဓါတ်စကားပြောကြည့်ပါသည်။ ထိုစကားကို ကျနော်ပြောဆို နိုင်ပါသည်။

အမ ဝမ်း ကွဲတော် သူ ကဦးက ကျနော့်အိမ် ရောက် လာပါ သည်။သူမသည် ကျနော်(သမထ)ပညာလိုက်စားနေကြောင်း။ မည်သို့ သိနှင့် နေသည် ကိုတော့ ကျနော်မသိပေ။ အမသည် ကျနော့် နားသို့ တိုးပြီး ပြောလိုက်သောစကားကိုတော့ မှတ်မိ ခဲ့ပါသည်။

"မင်းဓါတ်စကားပြောတတ်သလား...."

ထိုအမေးကြောင့် ကျနော်က ခေါင်းညိတ်ပြလိုက်ပါသည်။

"ဒီလိုဆို တနေ့လောက် အိမ်လာခဲ့ပါ....ငါ့လဲ ဆရာတဦးက ဓါတ်ဖွင့်ပေးလို့ ဘာတွေပြောနေမှန်းမသိ။ ဒါနဲ့ အခြားသူတွေ ပြောပြမှလဲ ရှက်တာနဲ့ နင့်ဘဲ ပြောပြရမယ်။ ဒို့မောင်နှမဆို တော့ ရှက်စရာမလိုပါဘူး။ မှားနေရင်လဲ ကိစ္စမရှိဘူး မဟုတ် လား...."

အမအိမ်သို့ ရောက်သောအချိန်တွင် အမမျက်နှာ တခိုတွင် အပြုံးပန်းများ ပွင့်လန်းနေ၏။ အမှန်ပြောရမည်ဆိုပါက အမ သိလိုသောကိစ္စကို အဖြေပေးရန်၊ သို့မဟုတ် ညှိနှိုင်းရန်၊ မသိခဲ့

သောကိစ္စတရပ်ကို မောင်နှမနှစ်ယောက်ဖြေရန် စသည်စသည်တို့ ဒွိဟဖြစ်စရာ အကြောင်းများက အမ၏နှလုံးသားတွင်၎င်း၊ စိတ်တွင်၎င်း၊ ကိန်းအောင်းနေသည်မှာ ကြာခဲ့၏။ ခုမှ တိုင်ပင်ဖက်တဦးအနေဖြင့် ရရှိလာသည်ဟု အမထင်နေ၏။ ထင်စရာပင်၎င်း၊တိုင်ပင်ဖေါ် တိုင်ပင်နိုက်၎င်း၊ ဖြစ်နေတော့ အမှန်ကိုဝန်ခံကြပါစို့။ အမသည် ဤဂါတ်စကားပြောသည့်အချိန်နှင့်ဂါတ်ဖွင့်သည့်အချိန်ကို တွက်ကြည့်မည်ဆိုပါက တနှစ်နီးပါးခန့်ရှိချေမည်။

အတိတ်က ဖြစ်ရပ်တွေကို အမက ပြန်လည်ပြောပြသည်။ ဂါတ်ဖွင့် ပေးသောဆရာကလည်း အားပေးသည်။ ဂါတ်ဖွင့်သွားတယ်ဆိုတာ တထောင်မှာတယောက်ရှိတာ မှန်ကောင်းမှန်ပေလိမ့်မည်။ အမတို့သွားရောက်ကြသောအုပ်စုတွင် အမတဦးသာ ဂါတ်ဖွင့်သည်။ အခြားသူငယ်ချင်း မိန်းမဖေါ်တွေတော့ ဂါတ်ဖွင့်လို့မရသေး။ ဒီတော့ အမကိုပါရမီပထန်းဆက်၊ ဘိုးတော်များနှင့် နီးစပ်လို့ ခုလို ဂါတ် စကား ပြောနိုင် သည်။ ဤအကြောင်းပြချက်က အမတို့အသိုင်းအဝိုင်းကို ဂုဏ်ယူလာ၏။ ဝမ်းသာကြသည်။

သို့ပေမင့်၊ အမတယောက်ကတော့ အူကြောင်ကြောင် ဖြစ်နေသည်။ ဘာကြောင့်နည်း။ အသိုင်းအဝိုင်းနဲ့ မိတ်ဆွေတွေက ဤမျှလောက် ကောင်းပါသည်ဟု ပြောကြားပေလင့်၊ အမကတော့လုံးဝမကြိုက်။ သဘောမပျူ။ အမေသည် ဘုရား, တရား, သံဃာ, ရတနာ သုံးပါးကိုသာ အလေးအနက် ပူပြီး ဝိပဿနာ အပျက်သဘောကို ရှုခိုင်းသည်။ အနိစ္စ၊ဒုက္ခ၊ အနတ္တ

ဟု လက်ခွက်တာရေသုံးပါးကို နေ့စဉ်ရှုခိုင်းသည်။ တခါတခါအမ ဘယောက် ဘုရားရှိခိုးပြီး ဓါတ်စကားတွေ ပြောလာ၏။

အမေ အဖို့ ထိုစကားကို တလက်နှင့် တကိုယ် မကြားဘူး ချေ။ သမီးဖြစ်သူ ပြောနေသော စကားကို ကြားရတော့ အံ့ ဩခြင်း၊ ထူးဆန်းခြင်းဖြစ်မိသည်။ ဘာတွေပြောနေပါလိမ့်မည်။ ငါ့သမီးတော့ တခုခုတော့ ဝင်ပူးနေပြီး အထင်ရောက်၏။ သို့သော် အမဓါတ်စကား မပြောသော အချိန်တွင် အမေက မေး၏၊ ဒီတော့အဖြေမှန်ကိုအမ အမေသိသွားလေသည်။

ဒါကြောင့် အမေက အမလုပ်သူကို ဆုံးမ ဩဝါဒပေး သည်။ နင်လည်းနားမလည် ငါလည်းနားမလည်တဲ့ အလုပ်ကို လုပ်မနေပါနဲ့ တော်တော်ကြာကြာ ရူးနေပြီလို့ ပြောကြအုံး မယ်ဟု အမေ၏ စကားကြောင့် အမအဖို့ ခက်ရချေပြီ။

အမပြောသောစကားက ဤမျှလောက်ပင်....

"ဒီလိုဆို အမက ကျနော့်တို့ ဓါတ်စကား ပြောရအောင် ခေါ်တာလား...."

"အေးပေါ့...."

ကျနော်တို့မောင်နှမနှစ်ယောက် ဘုရားစင် ရှေ့တွင် ထိုင် လျက်၊ အမကို ဘုရားဝတ်ပြုခိုင်းပြီး ဓါတ်စီးခိုင်းလိုက်ပါသည်။ ဓါတ်စီးပြီးနောက် အမပါးစပ်မှနေ ဓါတ်စကား ပြောလာ သည်။ ရှမ်းလိုလို တရုတ်လိုလို စကားတွေပြောပါသည်။

ကျနော့်အတွက် ဓါတ်မစီးဘဲ ဓါတ်စကားပြောသောအကျင့် ကို ကျင့်သားရပြီးသူမို့ အမကိုမေးပါသည်။ ကျနော် ပြော သောစကားသည် သက္ကရိုက်ဘာသာ၊ အမပြောသော စကား

ကို ကျနော် ဘာသာစကားဖြင့် မေးကြည့်သည်။ သူပြော ကိုယ်ပြောတော့ ဖြစ်ပါသည်။ သို့သော် အထင်ဖြင့် တဦး၏ စကား ပြောရ မေးရဘော့ ကျနော်စိတ်မရှည်မိ၊ တိကျမှု မရှိ စကား အဓိပ္ပါယ်ကို ကျနော် နားလည်ချင်သည်။ ဒါကြောင့် ကျနော်က မြန်မာဘာသာနှင့် ပြောရန် မြန်မာလို မေးသည်။ ဂါတ်စီးသော အမ၏ ခေါင်းက မပြောလိုကြောင်း ရမ်းပြ သည်။ ကျနော်၏ မရမက မေးသောကြောင့်....

ငါဗမာစကားမတတ်ဘူးလို့ ပြန်ပြောပါသည်။

ဗမာစကားမတတ်ဘူးလို့ ဘိုးတော်က ပြောတယ်....ခုပြော တဲ့ စကားဟာ ဘာစကားလဲမေးတော့....

"ဒီလောက်ဘဲ တတ်တယ်တဲ့ ..."

ကျနော်လဲ ဂါတ်စကားနဲ့ မမေးတော့ဘဲ ဗမာလို မေးပါ သည်။ ဒီတော့လဲ ဗမာလိုပြန်ဖြေပါသည်။ ကျနော် သိလိုတဲ့ ကိစ္စဆက်မေးပါသည်။ ဘိုးတော်ကလည်း ပြန်ဖြေ ပါသည်။ အမကို ဘိုးတော်လာရောက် စောင့်ရှောက်နေရကြောင်း ပြော ပြပါသည်။ ကိစ္စအကြောင်းကြီးငယ်ရှိရင် ဘိုးတော်ကို ပင့်ပါ။ တိုင်တည်ပါ။ အကာအကွယ် ပေးပါမယ်လို့ ပြောပါသည်။ ဤအကြောင်းကို ဂါတ်စီးပြီးသော အမကို ပြောပြတော့ အမ ကရယ်ပါတော့သည်။

ဂါတ်စီးခြင်း၊ ဂါတ်စကား ပြောခြင်း များကို မပြုလုပ်ဘဲ မိမိကျင့်ကြံရမည့် ကသိုဏ်းဝင်ခြင်း၊ မနောဖြူစင်အောင်ပြုလုပ် ခြင်း၊ ပုတီးစိတ် အဓိဋ္ဌာန်ဝင်သော လုပ်ရပ်များကို ပြုလုပ်နေ

ပါတော့သည်။ ကျနော် လုပ်ရပ်များ ပေါ်တွင် အာရုံစူးစိုက် ကျင့်ကြံနေရာမှ လပိုင်း,နှစ်ပိုင်းသို့ ကူးပြောင်းနိုင်သွားပါသည်။

မမြော်လင့်ဘဲ မိတ်ဆွေတဦးခေါ်ခြင်းကြောင့် ကျနော် သူ့အိမ်သို့ ရောက်ခဲ့ ရပြန်သည်။

"ကိုခင်မောင်ညွှန့် မိန်းမတွေကို ဘိုးဘိုးအောင်၊ ဘိုး မင်းခေါင်တို့ ဂါတ်စီးတာ မြင်ဘူးသလား...."

ဤသို့စကားစပြန်သည်။

"ဒါတော့ကြားဘူးတယ်....မြင်တော့ မမြင်ဘူးဘူး...."

ဒီလိုဆို တနေ့ ကျနော်တို့ ဂါတ်စီးတဲ့အိမ် သွားရအောင်"

"ကောင်းပြီလေ.... တနေ့ တချိန်ပေါ့...."

ကျနော့်မိတ်ဆွေ ကိုရဲထွန်းကိုး ကတိ ပေးလိုက်ပါသည်။ ဒီကိစ္စနှင့်ပတ်သက်လို့ ကိုရဲထွန်းအဖို့ မကျေမလည်ခဲ့သည်မှာ ကြာမြင့်ခဲ့သည်။ အကြောင်းက ကိုရဲထွန်းသည် ခေတ်ပညာတတ် လူငယ်တဦးဖြစ်ပါသည်။ ဘယ်ကိစ္စမဆို လုပ်ရပ် မှန်ကန်မှုနှင့် ဘဝနဲ့ စပ်ဟတ်ဘို့ အရေးကြီးကြောင်း ယုံကြည်မှုဆိုတာ မှန်ကန်သို့ အရေးကြီးကြောင်း သွားလိုသောသူ လျှောက်လိုသောသူ အဲဒီ သွားလိုသူ လျှောက်လိုသူတွေ၏လမ်းသည် ဆူးငြောင့်ခလုတ်ကန်သင်းများ တွေ့ရမည် သို့သော် သွားနေသော လမ်းသည် အများစုလက်ခံနိုင်သောလမ်းသို့ သွားနေခြင်း ဟုတ်မဟုတ် မိမိ၏ ပညာဉာဏ်အမြော်အမြင်ဖြင့် ဆုံးဖြတ်နိုင်ရမည်။ ဒီါမှ ရှေ့လူ အဘိုလည်းကောင်း နောက်မှ လိုက်ပါလာသူ အဘိုလည်း မှန်မြတ်ကောင်းမွန်မြတ်၏။ ထိုအကြောင်းနှင့်ပတ်သက်၍ ကိုရဲ

ထွန်းသည် ကျနော့်အား အတိမ်အနက်ကို တိုင်းတာကြည့်ပါ ရန်သူနဲ့အတူ ခေါ် ဆောင်ခဲ့၏။

ကျနော်တို့နှစ်ဦးရောက်ရှိသွားသောအိမ်သည် သပ်သပ် ရပ် ရပ် ခန့်ငြားထယ်ဝါ၏။ ပတ်ဝန်းကျင်ရှိ အိမ်ထောင် ပရိဘော ဂများမှာ သစ်လွင် မရှိသော်လည်း တချိန်က ကြေးရေဘတ် လူတန်းစားတို့သုံးစွဲသောပစ္စည်းများ ဖြစ်ကြောင်းကို သက်သေ ပြနေသည်။ ဘုရားခန်းမှာလည်း သန့်ရှင်းပြီး ကိုးကွယ်ထား သော ဘုရားမှာလည်း ရွှေတဝင်းဝင်းနှင့် ကြည်ညိုစရာကောင်း ပါပေ့။ ဘုရားစင်၏ အောက်လိုတဆစ်ရှိ စင်ပေါ်တွင် လှူဒါန်း သားသော အုန်းငှက်ပျောပွဲတွေကလည်း လေးငါးပွဲသောက် တသီးကြီးပေါ်လွင်နေပါသည်။

ကျနော်တို့ရောက်သောအချိန်သည် ညနေစောင်းလု မှောင် စ မပျိုးသေးချေ။ အလင်းရောင်အားကတော့ ကောင်းလျက် ပင်ရှိသေးသည်။

"လာကြပေ့....မောင်ရဲထွန်းတို့များ ပျောက် ချက် သွား ကောင်းလိုက်တာ စာမေးပွဲအောင်ပြီးတဲ့နောက် ဒီဘက်ကိုလှည့် ဖော်တောင် မရတော့ဘူး"

"ဟုတ်ကဲ့အဒေါ် အလုပ်ကိစ္စတွေများနေလို့ပါ"

"ဒါနဲ့ ကျနော့်မိတ်ဆွေ ကိုခင်မောင်ညွန့် သူက ယရား သမား၊ အဒေါ်တို့နဲ့ဆို အကိုက်ဘဲ"

ကိုရဲထွန်းသည် စည်းဝါးမိအောင် ရေလာ မြောင်းပေးလိုက် ပါတော့သည်။

"ကဲပါလေ....ဒီလိုဆို ခုတ်ခန်းထဲ အရောက်ပို့လိုက်ပါ"

သူတို့ခေါ်ကြသည့်အတိုင်း ကျနော်ခေတ်ခန်းဟု ရေးရပြန်ပါသည်။

ထိုခေတ်ခန်းတွင် လူပေါင်းဆယ်ယောက် မပြည့်ချေ။ ကျနော်တို့နှစ်ယောက် အပါအဝင်ဖြစ်ပါသည်။ ထိုအုပ်စုထဲတွင် ကျနော်တို့မှာ အသက်အငယ်ဆုံးဖြစ်ပါသည်။ ကျန်လူများမှာ အသက် ၅၀ ကျော် လူကြီး ရင့်မာများဖြစ်ကြပါသည်။

ကျနော်တို့ရောက်ပြီး မများမကြာပေ မိန်းမကြီး တဦးသည် ခေတ်စီးပါတော့သည်။ သူမ ခေတ်စီးပုံမှာ အလွန် ယဉ်ပါးနေသကဲ့သို့ ရှိပါသည်။ မိန်းမတို့ ထိုင်နေသည့် အသွင်ဖြင့် ကြုပ်ကြုပ်ကလေးထိုင်ပြီး သူ့ကိုယ်သူ ဘိုးတော် အောင်မင်းခေါင်ဟု ကြေညာပြီး ခေတ်စီးနေပါတော့သည်။ ထိုသရုပ်ပြကို မြင်တွေ့ရသော ကျနော့် သူငယ်ချင်းမှာ ကျနော့်အား လက်တို့ပြီး ပြောပါတော့သည်။

"သူငယ်ချင်း ဘိုးတော်အောင်မင်းခေါင်ဆိုတာ ဟုတ်ရဲ့လား"

သူမေးသော မေးခွန်းကို ကျနော်က ချက်ချင်း မဖြေသေးပေ။ ခေတ်စီးသူ၏အင်္ဂါရုပ်နှင့် လုပ်ရှားနေသည့် ရုပ်လက္ခဏာ အသွင်အပြင် လှမ်းကြည့်နေပါသည်။ ခဏကြာ ကြည့်နေပြီးတော့မှ အဖြေပေးလိုက်ပါသည်၊

"ဟုတ်မဟုတ် ကျနော်မေးကြည့်မယ်လေ"

ကျနော်သည် ဤသို့အဖြေပေးပြီးနောက် ခေတ်စီးနေသူအား မေးပါတော့သည်။

"ဘိုးတော် ကျနော့်ကို ဘယ်ပုဂ္ဂိုလ်စောင့်ရှောက်နေတယ်

ဆိုတာရယ်၊ ကျနော် ဘုရားကျင့်နေစဉ်က ဖူးမြင်ရတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သူလဲဆိုတာ သိလိုပါတယ်'' ၎င်းအမေးကို ခေတ်စီးသူက မဖြေချေ။

“ခုကြွလာတာ မင်းကိုစွပြောဖို့လာတာမဟုတ်ဘူး၊ ဒီခေတ်ခန်းမှာရှိတဲ့လူတွေကို ပြောဘို့လာတာ” ဟု ပြန်ဖြေပါတော့သည်။

ထို့ကြောင့် ကျနော် စောဦးကပင်သိပါသည်။ ၎င်းခေတ်စီးသူသည် မိမိထင်နေသော ပုဂ္ဂိုလ်ကဦးဦ ကို အထင်ဖြင့် ဝင်ရောက်လက်ခံကာ အခြားသူများ၏ အကြောင်းအကျိုးကို ပြောနိုင် ဆိုနိုင်ခြင်းမရှိသောကြောင့် ၎င်းတိုအုပ်စု၏ အကြောင်းကို ဦးစွာပြောနိုင်ခြင်းသာ ဖြစ်ပေသည်။

၎င်းဘိုးမင်းခေါင်ဟု ပြောသောဂါတ်သည် ပြန်ကြွသွားသောအခါတွင် ကျနော်လည်းမနေနိုင် မထိုင်နိုင်သကဲ့သို့ဖြစ်ကာ ဆိုင်းသံကြားရင် ကလိုသောကျနော့်စိတ်က ဂါတ်စီးချန်ပြင်လိုက်ပါတော့သည်။ ဘုရားဝတ်ပြုပြီးနောက် ပုဂ္ဂိုလ်ဘပါးပါးပင့်သည့် အသွင်ကိုဆောင်လိုက်ပါသည်။ မကြာမီလက်တွေတုန်လှုပ်လာပြီး ခုကြွလာသောပုဂ္ဂိုလ်သည် မယ်တော်ဖြစ်ကြောင်း

ကျနော်၏ပါးစပ်မှပြောပြီး ဂါတ်စကားတွေ ပြောပါတော့သည်။ အတုယူ အတတ်သင်ဆိုသကဲ့သို့ ယခင်က လုပ်ဘူးတာတွေ ပြုလုပ်သွားတော့ မယ်တော်ကဲ့သို့ ကိုယ့်ကိုကိုယ် မိန်းကလေးတဦးအသွင်ကို ဆောင်လိုက်ပါသည်။ အားလုံးကဝိုင်းလျက်ရှိသေစွာ ဝိုင်းနေကြပါသည်။ ကျနော်၏ပတ်ဝန်းကျင်အဖြစ်ကို ကျနော်ကသိ၏။ ဒါကြောင့် ဂါတ်စကားကို ခပ်သွင်သွင်ပြော

နေသည်။ မယ်တော်ထွက်သွားပြီးနောက် နောက်တခါဘိုးဘိုးအောင်ဆိုပြီး ဂါတ်စီးပြလိုက်ပါတော့သည်။ တောင်ဓေးကိုင်ပြီး ခါးကုန်းကုန်းအသွင်ဖြင့် ဂါတ်စီးပြလိုက်တော့၊ ခုတဖန် သူတို့မှာ အလွန်အံ့သြသောအသံများပေါ်ထွက်လာပါသည်။ ဘိုးဘိုးအောင်ကြွတယ်၊ စသဖြင့် သူတို့ထင်သော အထင်သည် ပိုမိုယုံကြည်လာအောင် ပြုလုပ်ရပြန်တော့သည်။

ဤသို့လုပ်ရပ်များသည် ကျနော့်အဖို့ မဆန်းသော်လည်း ထိုရုပ်ပြများကိုလိုလားအထင်ကြီးနေသောသူများအဖို့ အတော်ပင်အံ့သြ၍ ဝမ်းသာကြသည်ကို ကျနော့်နားတဲ့သို့ ထိုအသံများက တိုးဝင်လာတော့သည်။ ယင်းသို့ပြုလုပ်ပြီးနောက် ဂါတ်စီးရပ်သွားသောအခါ ဝိုင်းမေးကြသည်။ ကျနော်က အဖြေချက်ချင်းမပေးနိုင်ချေ။ အဘယ်ကြောင့်ဆိုပါက တကိုယ်လုံးလှုပ်ရှားနေရခြင်းမှာ ပင်ပန်းလှသဖြင့် ချက်ချင်း ပြန်လည်ဖြေကြားခြင်းမရှိသေးဘဲ ရေတခွက်လောက်သောက်ပြီးမှ အဖြေပေးလိုက်ပါသည်။ ဒီတော့ သူတို့ကမေးကြသောအမေးက....။

"မင်းဒီဂါတ်စီးခြင်းစကားပြောတာ အတော်ကြာပြီပေါ့"

"ကျနော်တနှစ်ကျော်ကျော်ဘဲ ရှိပါသေးတယ်...."

"တော်တော်ပါရမီထူးလို့ ပြောနိုင်တာနေ၊ ဆက်ကျိုးစားပါ...."

"ဟုတ်ကဲ့..."

ကျနော်တို့နှစ်ဦးသည် ရင်းဂါတ်ခန်းမှ ထွက်လာခဲ့ပါသည်။ ကိုရဲထွန်းသည် သူသိလိုသောဂါတ်စီးပြီးခဲ့သော ကျနော့်အား

လဘက်ရည်ဆိုင် တဆိုင်တွင် ထိုင်ကာ မေးခွန်းထုတ်ပါတော့သည်။

"ကိုခင်မောင်ညွန့်စောစောကစီးသွားတုန်းကဘိုးဘိုးအောင်ကြွတယ်ဆိုတာ တကယ်ဘဲလား...."

သူသိလိုသော အကြောင်းကို မရမက မေးပါတော့သည်။ ကျနော်ပြုံးရယ်ပြီး အဖြေပေးလိုက်ပါသည်။

"ကိုရဲတွန်း ဘယ်လိုထင်သလဲ ..."

"ကျနော်တော့ မဟုတ်ဘူးလို့ထင်တာဘဲ...."

"ဟုတ်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကျနော့် စိတ်က အလိုလို ဒီပုဂ္ဂိုလ်ပြောရင်တော့ ဖြစ်နိုင်တယ်၊ အမှန်တကယ်ဘိုးဘိုးအောင်က ကျနော့်ဆီလာပြီး ဂါတ်စီးပါ့မလား၊ ကိုယ်ထင်တာကို လွယ်လွယ်သိတဲ့ပုဂ္ဂိုလ်ကိုပြောတော့ ယုံလွယ်တာပေါ့...."

ခင်ဗျားပြောတဲ့ စကားဆိုတာ ခင်ဗျား မြန်မာလိုသိနိုင်သလား...."

"မသိဘူးဗျာ့၊ ကျနော်လဲ စိတ်ထဲမှာပေါ်လာတဲ့ စကားကိုပြောလိုက်တာဘဲ၊ ဒီလိုဂါတ်စီးတဲ့အချိန်မှာ ကျနော်ထင်တဲ့ပုဂ္ဂိုလ်တဦးဦးပြောလိုက်ရင် ဖြစ်နိုင်တယ်ဆိုက ကြိုတင်တွက်ထားပြီးပြီး၊ နောက်တချက်က တကိုယ်လုံးလှုပ်လှုပ်ရှရှ ဖြစ်လာတယ်ဆိုဒါဟာ သူများတွေလုပ်ရပ်ကို မြင်ဘူးတွေ့ဘူးလို့ ကိုယ်တိုင်လုပ်ကြည့်တဲ့အခါကြရင် ဒီလိုဖြစ်လာတာဘဲ...."

ဘာပုဂ္ဂိုလ်မှမမြင်ရဘူး၊ ဘာမှလဲမတွေ့ရဘူး။ အမှန်ကိုပြော

ရယင်တော့ ကိုယ့်စိတ်ကဖြစ်ပေါ်ခြင်းနှင့် သောစိတ်ဓါတ်တွေ က မိမိကိုယ်ကို ပြုလုပ်လိုက်ခြင်းဖြစ်ပါတယ်....”

ကိုရဲထွန်းသည် ကျနော့်အဖြေကို သဘောကျသဖြင့် ခေါင်း ကလေးငြိမ့်လျက် ရှိပါသည်။

ကျနော်သည် ဆရာတော်ဘုရားထံသို့ ရောက်ရှိပြီးနောက် ၎င်းဓါတ်စီးခြင်းနှင့် ပတ်သက်ခြင်း အကြောင်း အရာများကို လျှောက်ကြည့်ပါသည်။

“ဂါတ်စကားပြောခြင်း ဂါတ်စီးခြင်းဆိုတာ ဟုတ်ပါသ လားဘုရား....”

ဤသို့လျှောက်လိုက်သောကြောင့်

ငါတပည့် မဟာဂန္ဓာရီလမ်းစဉ်ကို ကျင့်ကြံအားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာတော့ ဒီလိုဆရာတော် ဘိုးတော်ကြွတာတော့ မရှိ ပါဘူး၊ ဂါတ်စကားလည်း မပြောပါဘူး၊ ဆရာတော်ဘိုးတော် တွေက ခွင့်မပြုပါဘူး....”

ဒီကိစ္စတွေတတော့ စူဠဂန္ဓာရီတွေမှာတော့ ရှိပါတယ်”ဟု ဆုံးမသြဝါဒပြုပါသည်။

ကျနော်၏ဆရာ ဘိုးတော်အောင်မင်းခေါင်သည်။ ယခင်က ဂါတ်စီးခြင်းလုပ်ရပ်များနှင့် ဂါတ်စကားပြောခြင်းကို မပြုလုပ် ရန် အမှာပြုခဲ့ခြင်းကိုလည်း ကျနော်တရားအားထုတ်သောအခါ တွင် ဆုံးမဘူးပါသည်။ ထို့ကြောင့် ဆရာတော်၏ဆရာ ယက္ကန်း စင်တောင် ဆရာတော် ဉာဏဘာသ ဆရာတော်ဘုရားကလည်း ဂါတ်စီးခြင်း ဂါတ်စကားပြောခြင်းကို မပြုလုပ်ရ ဟု ဆရာတော်

ဘုရားအား ပြောဘူးခြင်းနှင့် စပ်လျဉ်းပါက ဆရာတော်၏ ဆုံးမဩဝါဒသည် မှန်ကန်နေကြောင်း သိရှိနိုင်ပါသည်။

ကျနော်သည် ဂါတ်စီးခြင်း၊ ဂါတ်စကားပြောခြင်းများ မပြုလုပ်တော့ချေ။ မဟာဂန္ဓာရီလမ်းစဉ်အား ကျင့်ကြံသောအခါ၎င်း (သမထ) ဖြင့်ဟောပြောတောအခါတွင်၎င်း၊ သမာဓိတခုသောအကြောင်းကို စူးစိုက်ပြီးနောက် သမ္မာ သမာဓိ၊ အာရုံယူပြီး စိတ်တွင်ပေါ်လာသော အကြောင်းများနှင့် အာရုံတွင်မြင်တွေ့ရသောအရာမှန်သရွေ့ကို ဟောပြောပါတော့သည်။

## သေသောသူကို (သမထ) နည်းဖြင့် ကြည့်ခြင်း

ငှင်းခေါင်းစည်းအရ မရေးသားမီ ယောက်ကော်ဆရာတော်ဘုရား၏ အမှာစာထဲမှ အောက်ပါတပိုဒ်ကို ကောက်နှုတ်လိုက်ရပေ၏။

ဤလောကတွင် ဒိဋ္ဌပုဂ္ဂိုလ်ဟူ၍ ရှိ၏။ ရှိကောင်း၏။ ဒိဋ္ဌပုဂ္ဂိုလ်ကား- မြင်တွေ့ကြားသိရသော ပုဂ္ဂိုလ် ဖြစ် သည်။ အဒိဋ္ဌပုဂ္ဂိုလ်ကား- မမြင် မကြားဘဲရှိသော ပုဂ္ဂိုလ်ဖြစ်၏။ ထိုပုဂ္ဂိုလ်မျိုးတို့ကို မံသစက္ခုဖြင့် မမြင်နိုင် မတွေ့နိုင်။ အဒိဋ္ဌပုဂ္ဂိုလ်ဟုဆိုအပ်သောပုဂ္ဂိုလ်များအားသမာဓိစက္ခုမှသည် သမာ သမာဓိစက္ခုမြင်သာ မြင်နိုင်၏။ ကြားနိုင်၏။ သိနိုင်၏။

အထက်ဖော်ပြပါ ဆရာတော်၏ အမှာစာအရ မမြင်မကြားရသောပုဂ္ဂိုလ်အား ကြည့်လိုပြင်လိုပါက(သမာ သမာဓိ)စက္ခုဖြင့် ကြည့်ရ၏။ ယင်းကြည့်လိုသော ပညာသည် (သမထ) ဟုခေါ်ရပေမည်။

(သမထ)ပညာဖြင့် ဟောခြင်းမူ၊ အကြောင်းက ဤသို့ပင် မေးသူရှိ၏။ ဟောသူက ဟောလိုက်သည်။ မေးသူက မှန်မမှန် မိမိကိုယ်ပိုင် အသိညာဏ်ဖြင့် ဆုံးဖြတ်ရချေ၏။ ဤအကြောင်းနှင့် ပတ်သက်၍ မေးထားချက်၊ သက်သေပြရန်၊ သက်သေပြချက်' အချက်(၃)ချက်နှင့်အညီဟု ပေါ်ပေါက်လာသောအခါတွင် ကျောင်းသားဘဝက ဂျီသြမေတြီ သင်ရိုးကို ပြန်လည်သတိရမိ၏။

ရှိပါစေတော့....။

အစမှအဆုံးတော့ ဖတ်မိရန် ကြိုးစားလို၏။ ဒါမှ သဘောပေါက် နားလည်နိုင်မည်။ အကယ်၍ မယုံတယုံ ဖြစ်နေပါက အစအဆုံးဖတ်လိုက်ပါ။ အလယ်ကိုလည်း မချန်လှပ်စေလိုပေ။

သည်နေ့တော့ သူ့မျက်နှာက ညိုးနေ၏။ ဂမ်းနည်းခြင်း ပူဆွေးခြင်း၊ သောကလှိုင်းဒဏ်က မျက်နှာတခိုဝယ် ရစ်သန်းလျတ်ရှိ၏။မရွှင်ပျသော သူ၏ မျက်နှာအသွင်က အားအင်ချိနဲ့သူကဲ့သို့ ရှိ၏။တပါတ်ကို သခေါက်နှစ်ခေါက်ရောက်လေ့ရောက်ထတော့ရှိ၏။ မလာ ပြန်တော့ တယ်လီဖုန်းဖြင့် ဆက်ခေါ်လေသည်။

ဘာကြောင့်နည်း၊ ကျနော်သည် သူထက် အသက်ငယ်၏။ ညီငယ်တဦးကဲ့သို့ ကျနော့်အား ခင်တွယ်သည်။စားစရာ၊ ကျွေးစရာရှိပါက မသိမ်းဝှက်ဘဲ စားစေသည်။ ယခုါတရံ လူသောက်မည့် လဘက်ရည် ဘူးမှ ကျနော့် အတွက် ချန်ထားသေးသည်။ သူမသောက်ရက်ပေ။

ကျနော်လာရင် သူပျော်ရွှင်ပျသောမျက်နှာထားဖြင့် ဆီး၍ နှုတ်ဆက်သည်။သူသည် ထိပ်တန်းအရာရှိတဦးဖြစ်သည်။ကျနော်သည် သူ၏ မျက်စိအောက်တွင်ကြီးပြင်းလာသဖြင့် သံယောဇဉ် နှောင်ကြိုးက ကြီးမားခြင်းဖြစ်ဟန်တူ၏။ ကောင်းတာကို မြင်လိုသည်။သူသည်စိတ်ကောင်းရှိသော သူတဦးပင် မဟုတ်ပါလော။ ဤမျှလောက် သူ့အကြောင်း ဖော်ပြရင် တော်လောက်ပြီ....

"မင်းမလာဘူး အောက်မေ့လို့ ငါတယ်လီဖုန်းဆက်တော့ မလှဲ့ ချိန်နေကာ-အတော်ဘဲ-ထိုင်အုံး"

ယနေ့ သူ့အဖို့ ပရိဒေဝမီးတောက်လောင်ခံနေရ၏။ သူ၏ တအူတုံဆင်း ညီငယ်တဦးသေဆုံးသွားကြောင်းကိုပြောပြသည်။ ယောကျ်ားရင့်မာခြင်း တဦးအနေဖြင့် ဟက်ဟက်ပက်ပက် ငိုလောက်မည်ဆိုပါက ဖြစ်နိုင်ပါသည်။ သို့သော်--ယောကျ်ား ထိုင်းသည် ဤကဲ့သို့ ငိုခြင်းမျိုးတော့ နည်းပါးလျက်၊ မရှိဘူးလို့ မဆိုပေ။ ရှိကောင်းရှိလိမ့်မည်ဟုထင့်။ ဒါပေမဲ့ သူက တရားသဘောနှင့် ဖြေသည်။ မမြဲသောတရားသဘောကို နှလုံးပိုက်နိုင်သည်။ ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းသည် သေခြင်း၊ နောက်ဆုံးရှိချေ၏။

သေသောသူသည် ရန်ကုန်မြို့တွင် မဟုတ်ပေ။ ရှမ်းပြည်၏ မြို့တော်ဖြစ်သော တောင်ကြီးမြို့တွင်ဖြစ်၏။ အသုဘ ကိစ္စကို သူကတာဝန်ယူရမည်။ ထို့ကြောင့် မနက်ဖန်ရင်းမြို့သို့ သွားရမည်။ ကျနော်လာသည်အတွက် သူသိလိုသောကိစ္စကိုမေးမြန်းလို၏။ သိလို၏။

အကြောင်းကဤသို့....။

"ကဲ....(သမထ)ဆရာကြီး ရောက်လာတာနဲ့ အတော်ဘဲ.... ငါလိုတာကို မင်းအာရုံမှာ ပေါ်တာပြောရမယ်။ ငါသေသေချာချာ ရေးမှတ်မယ်။ ကျေနပ်တယ်မဟုတ်လား...."

တိုစကားနှင့်ပတ်သက်၍ စောဒကမတက်လိုပေ။ ကျနော်၏ ပညာကို ယုံယုံကြည်ကြည်ဖြင့် တဦးကိုတဦးရိုသေချာစွာမေးပါ သည်။ မေးသူ၏ ယုံကြည်ခြင်းမှသာ ပြောသူကလည်း မှန်ကန်စွာ ပြောဆိုနိုင်မည်။

ကျနော်သည် မေးသူ၏ ရုံးခန်းရှိ အုတ်နံရံတခုကို အာရုံပြု လိုက်ပါသည်။ အလေ့အထရှိပြီးသော ကျနော့်အဖို့ ပထဝီ ကသိုဏ်းကြည့်ခဲ့စဉ်က ကသိုဏ်း၏ သဏ္ဍာန်တခုဖြစ်ပေါ်လာ အောင် အချိန်အနည်းငယ်ယူပြီး ကြည့်နေရာမှာ မျက်လုံးမှ ထွက်ပေါ်လာသော စက်ဝိုင်းငယ်တခုသည် မျက်စိရှေ့တွင် တည် ငြိမ်စွာ ပေါ်လွင်လာပါတော့သည်။ ကျနော်သည် မေးသူအား မေးနိုင်ကြောင်း ပြောလိုက်ပါသည်။ မေးလိုသူ သည် မှတ်စုစာအုပ်ကို ထုတ်ယူပြီး မှတ်ရန်ပြုပါသည်။

"ခုသေဆုံးသွားတဲ့သူဟာ ကားမှောက်ပြီး သေဆုံးသွား တယ်ဆိုတာ ဟုတ်သလား...."

"ဟုတ်ပါတယ်...."

"ကားအမျိုးအစားကိုပြောပြပါ...."

"စလွန်းကားပါ...."

"သေသေချာချာ ကြည့်ပါအုံး .... သူ့မှာ ဂျစ်ကားဘဲရှိပါ တယ်...."

"စလွန်းကားအနက်ရောင်ပါ...."
"သေဆုံးတဲ့အချိန်တုန်းက လူဘယ်နှစ်ယောက်ပါသလဲ...."
"အားလုံးလေးယောက်မြင်တယ်...."
"ဘာအဝတ်အစားဝတ်ထားသလဲ...."
"အင်းကျီအဖြူရောင်နဲ့ လုံချည်အကွက်...."
"ကျန်တဲ့သူတွေ ဘာဖြစ်သေးသလဲ...."
"ကျန်တဲ့သူတွေ အနည်းငယ်ဒဏ်ရာရပါတယ်...."
"သေဆုံးတဲ့သူဟာ တဦးတည်းပေါ့..."
"ဟုတ်ပါတယ်...."

သူသိလိုသော အမေးများကို မေးမြန်းခဲ့ပါသည်။ သူသည် အသုဘကိစ္စဆောင်ရွက်ရန်အတွက် တောင်ကြီးမြို့သို့ခွင့် (၁၂) ရက်ယူပြီး ထွက်ခွာခဲ့ပါသည်။ ကျနော်ဟောလိုက်သော မှတ်စုစာအုပ်ကို ယူဆောင်ပြီး တိုက်ကြည့်ပါသည်။

သူသည် ရုံးပြန်တက်ကြောင်း ကျနော်သိသောအခါတွင် ရုံးသို့ အလည်ဒ ပတ်ရောက်ရှိသွားပြန်သည်။ ထိုအခါ သူကပင် ကျနော်ဟောသောမှတ်တမ်းသည် တခုနှစ်ခုသာလွဲမှားကြောင်း ပြောပါသည်။

"ဒါပေါ့ဗျာ .... အားလုံးမှန်ပါတယ်ဆိုတာ မဟောနိုင်ပါဘူး။ဆယ်ခုမှာ ခုနစ်ခုမှန်ရင် တော်ပါပြီ- (သမထ)ဆိုတာအာရုံခံပြီးဟောရတော့ ဒီလောက်မှန်နိုင်တယ်ဆိုဒါလည်း သိထားဖို့လိုပါတယ်...."

ကျနော်သည် အလ္လာဘ သလ္လာပပြောဆိုပြီးနောက် သူ့ထံမှ ပြန်လာပါတော့သည်။

# ပရောဂနှင့် လူသား

ထိုခေါင်းစီးကို ရေးသားရန်မလွယ်ကူပေ၊ ပြောမယုံ ကြုံဘူးမှယုံစတွယ်ဆိုသည့် အကြောင်းကဲ့သို့ တွေ့ကြုံဘူးမှ ယုံစရာဖြစ်လာနိုင်ပေသည်။ သာသနာပွင့်လန်းသောအချိန်တွင် ထိုလုပ်ရပ်များသည် နည်းပါးမှရှိပါသည်။ သိပ္ပံခေတ်တွင်လည်း ထိုလုပ်ရပ်များ နည်းပါးခဲ့ပါသည်။ မရှိဘူးလို့ မပြောနိုင်ပါ။ ရှိတော့ရှိပါသည်။ သို့ပေလင့် နည်းပါးသည်ဟု ကျနော်ဝန်ခံပါသည်။

ပယောဂဆိုသော လူတဦးနှင့်တဦး မလိုမုန်းထား ဖြစ်လာသောအခါတွင် တဘက်သူအား မိမိတတ်မြောက်သော ပညာဖြင့် ပြုစားခြင်း၊ စုန်း၊ ကဝေ၊ ဇော်ကနီ၊ ဇော်ကနက်၊အောက်လမ်းအတတ်ဖြင့် ပြုလုပ်ကြသည့် ကွမ်းယာပစ်၊ ခြေရာကောက်၊ မွေးညှင်း၊ ဆံပင်၊ ခြေပုတ်၊ ခြေရိုက်စသည် တဘက်သူသုံးစွဲသော ကိုင်တွယ်သော အဝတ် အထည်များကိုယူပြီး မိမိတို့တတ်မြောက်သောပညာဖြင့် စီရင်လိုက်နိုင်သည်။ ယင်းသို့ပြုလုပ်-

လိုက်ခြင်းကို တဘက်သူအဖို့ ဒုက္ခဖြစ်စရာ သို့မဟုတ် ဂါတ် ချို့ယွင်းမှု ဖြစ်ပေါ်တတ်ပါသည်။ ထို့ကြောင့် ဆေးလုပ်ခြင်း ပြုစားခံရခြင်းဟူသောအမည်နာမများပေါ်လာပါတော့သည်။

လူတိုင်းကို ဆေးလုပ်လို့မရချေ။ ဆေးလုပ်ခံရသူအချို့မှာ လည်း အောက်ပါ အချက်အလက်ကြောင့် ပြုလုပ်ခံရတတ်ပေ သည်။

၁။ ရတနာသုံးပါး မဆည်းကပ်ခြင်း။

၂။ ကိုးပါးကို မထိန်းခြင်း။

၃။ အလွန်တရာ ကံဇာတာမှေးမှိန်ခြင်း။

၄။ စိတ်အားငယ်တတ်ခြင်း။

၅။ နှလုံးအားနည်းခြင်း၊ ဦးနှောက်အားနည်းခြင်း။

စသည်များပေါ်တွင် မှီခိုပြီး ဆေးလုပ်နိုင်ပါသည်။ ၎င်းတို့ လုပ်တတ်သောဆေးကို ပယောဂကုဆရာကောင်းနှင့် တွေ့ပါက ချက်ချင်းပင် ပျောက်နိုင်ပါသည်။ ယနေ့ မျက်မှောက်ခေတ် သည် သိပ္ပံပညာ တိုးတက်သော သမယ ဖြစ်သောကြောင့် ပယောဂကုဆရာတွေမှာလည်း မိမိတတ်မြောက်သော ပညာကို အကြောင်းအချက်အကိုးအကားဖြင့် ကုကြပါသည်။ ၎င်းကုထုံး နည်းများမှာ အမျိုးမျိုးရှိပါသည်။ ရေစဉ် တိုက်ပြီး ကုခြင်း၊ ဆေးတိုက်ပြီးကုခြင်း၊ အာဏာဖြင့်ကုခြင်းဟူ၍ ဆရာအမျိုးမျိုး မှကုသမှုအမျိုးမျိုး ရှိပါသည်။

ပယောဂကုသမှုပညာကို ယနေ့ခေတ်ပညာတတ်လူတန်းစား လူငယ်ပိုင်းမှအစ လိုက်စားလာကြသည်ကို တွေ့ရသောအခါ တွင် အလွန်ပင် ဝမ်းမြောက်စရာ ကောင်းလှပါသည်။ ယနေ့

ခေတ်လူငယ်များ၏ ရှုဒေါင့်သည် အမှားအမှန်ကို ဝေဖန်ပိုင်း ဖြတ်နိုင်ခြင်း၊ ဆင်ခြင်သုံးတရားရှိပြီး ရောဂါ၏အခြေအမြစ်ကို သိပ္ပံနည်းကျကျ ဖေါ်ထုတ်ကုသနိုင်ပေသည်။

တချိန်က နံမည်ကြီးပြီး ၎င်းရောဂါမျိုးဖြစ်ခဲ့ရသော ကာလ အပိုင်းအခြားကို ပြန်လည် စစ်တန်းထုတ်ကြည့်ပါက တော်ယုံ တန်ယုံပုဂ္ဂိုလ်၊ ခေတ်လူငယ်များသည် ၁င်ရောက်စွက်ဖက်ခြင်း၊ ပယောဂကုသမှုပညာကို တန်ဘိုးမထားတတ်ပေ။ အုပ်ထိန်းသူ မိဘဆွေမျိုးသားချင်းများက ၎င်းပညာကို အလွန်ကြောက်ရွံ့ ပူပင်ကြောင်းကျလေသည်။

ပယောဂလုပ်သူကို ပိုင်ပိုင်နိုင်နိုင်စေစားပြီးအမြစ်ပါမကျန် တွန်းလှန်နိုင်မှသာ ကုစားရသယောင်ယောင်ပြောဆိုပြီး ယင်း ကုသမှုပညာကိုမဆည်းပူးစေရန် ပြောကြားနေကြသည်ကိုကြား ဘူးခဲ့ပါသည်။

ဆရာမနိုင် နှစ်ဆောင်ပြိုင် ဆရာပြန့်ပြေး တံတားကလေး စသည့် ကာဝေနှင့် ပယောဂဆရာ စုန်းသော်၎င်း၊ ဥစ္စာစောင့် သော်၎င်း၊ ဘုရားသိုက်တူးဖေါ်ရာတွင်၎င်း ဆရာမနိုင်၍ ပြေး ကြသောသဘောမျိုးကို သတင်းပြန့်လွှင့်ခြင်း အကြောင်း၊ အာ တော်အတန်လိုက်စားလိုသော ပုဂ္ဂိုလ်များ လူငယ်များ အဟန့် အတားသဖွယ် အပြုခံရပါသည်။ ယနေ့ခေတ် လူငယ်များ ပယေပဂကုရာတွင် ကျနော်တို့ငယ်ဘူးက ရုပ်ရှင်ထဲတွင် ကြည့်ခဲ့ ရသော ပယောဂဆရာကြီးကဲ့သို့ လွယ်အိတ်တလုံးကို လွယ်ပြီး နှုတ်ခမ်းမွေးတကားကားနှင့် ကြိမ်လုံးတလုံးကိုကိုင်ကာ ရွာရိုး

လျှောက်ပြီး လူနာကိုရိုက်ပြီးအမိန့်ပေး ကုသခြင်းမျိုး မဟုတ်တော့ပေ။

ရေစင်တခွက်နှင့် လူနာတို့၏ရောဂါကို နုတ်ယူခြင်းအမှုကို ပြုလုပ်တတ်လာ၏။ ရေမတိုက်ဘဲ မေတ္တာနှင့် ပြုလုပ်သူ၏ ပညာကို နုတ်လိုက်ခြင်း၊ ပြုလုပ်သူအား ပညာအပ်ခိုင်းခြင်းများကို ပြုလုပ်ကြပါသည်။ ၎င်းကုသနည်းမှာ လူနာရှင်အဖွဲ့အတော် ပင်အံ့သြလောက်အောင်မိမိခံစားရသော ဝေဒနာထည်တမဟုတ်ခြင်း ပျောက်ကင်းသွားကြောင်း တွေ့ရှိရနိုင်သည်။

ပယောဂ ကုသရခြင်းမှာ လက်တွေ့အကျဆုံး ပြသနိုင်သော ပညာတရပ် ဖြစ်ပေသည်။ ရောဂါဖြစ်သူသည် နှစ်ရှည်လများ အမျိုးမျိုး၎င်း ရောဂါကိုကုသရန် အင်္ဂလိပ်ဆရာဝန်များ မြန်မာ ဆရာများနှင့် ကုသ သော်လည်း ကုသသောအချိန်တွင် ပျောက်ကင်းပြီး နောက်တဖန် ပြန်ဖြစ်နေပြန်သည်။ ပပျောက်သောအချိန်တွင် လူနာရှင်သည် ၎င်းဝေဒနာကြောင့် စိတ်ဝေဒနာသို့ပြောင်းသွားပြီး စိတ္တဇရောဂါသို့ ကူးပြောင်းသွားတတ်ပါသည်။

ပရောဂကုကျွမ်းကျင်သော ဆရာကောင်းနှင့် သွားရောက်တွေ့ဆုံလိုက်ပါက နှစ်ရှည်လများ ကုသမရသောရောဂါသည်။ တနာရီသော်၎င်း၊ စက္ကန့်ပိုင်းသော်၎င်း ပျောက်သွားတတ်ပါသည်။ လူသားများတွင် စွဲကပ်နေသောပရောဂများ ရှိမရှိကို သေချာစွာ စစ်ဆေးနိုင်သောဆရာဖြစ်မှ သာကောင်းပေမည်။ သို့မဟုတ် ရမ်းကုဆရာများနှင့် တွေ့ဆုံသွားသောအခါတွင် လူ

နာရှင်အဖို့ အတော်ကသိကအောင့် ဖြစ်မည်။ ချိန်းဘိုးထက်ဆင်ဘိုးကုန် အဖြင်မျိုး ကျရောက်နိုင်ပါသည်။

အချို့ ပယောဂဆရာများသည် လူနာမြင်တိုင်း ပယောဂဟု ပြောတတ်သော အလေ့အစွဲများ ရှိတတ်ပါသည်။ ရောဂါ၏ ဇစ်မြစ်ကို သေချာစွာကြည့်ပြီး ပရောဂဟုတ်မဟုတ် စစ်ဆေးခြင်းကို အကြိမ်ကြိမ်ပြုလုပ်ပြီးမှ ကုသလိုက်ခြင်းသည် ယနေ့သိပ္ပံပညာ ထွန်းကားသော အခါသမယ တွင်ရင်း၊ ပယောဂ ကုထုံးနည်းများ လိုက်စားလိုကြသော ခေတ်လူငယ်များသည် အလိုလိုပညာကို တန်ဘိုးထား တတ်လာကြမည်ဖြစ်သည်။

# ပွဲထိုးခြင်းအကြောင်း

အနန္တော အနန္တပွဲ၊ ဘုရားပွဲ၊ ဆရာတော်ပွဲ၊ ဘိုးတော်ပွဲ၊ မိရိုဖလာပွဲ၊ နတ်ပွဲ၊ မိမိတို့ လှူဒါန်းလိုသော အမည်များကိုတတ်ပြီး ပွဲထိုး ကြပါသည် စစ်မဖြစ်မီ ကာလ အပိုင်း အခြားနှင့် ယခုခေတ် ပွဲထိုးခြင်းမှု ယနေ့ မျက်မှောက်ခေတ်တွင် ပိုမို များပြားလာကြောင်း တွေ့မြင်နိုင်ပါသည်။ ယင်းပွဲ ထိုးရာတွင် စာရေးသူလည်း အပါအဝင်တဦးဖြစ်ပါသည်။

မမြင်ဘူး၊ မတွေ့ဘူး၊ မကြုံဘူး တုန်းက အုန်းသီးဈေး၊ ငှက်ပျောသီးဈေး ဘယ်ဈေးပေါက်နေသည်ကို မသိရပေ။ ခုတော့ မရ၊ ဘယ်ဈေး၊ ဘယ်အုန်းသီးက ဘယ်အမျိုး ဘယ်ငှက်ပျောသီး ကမှ ကောင်း၏ ဆိုသော အမျိုးကောင်းကို သိရှိခဲ့ ထားရသည်။ ဘယ်ပုဂ္ဂိုလ်အတွက် ပွဲထိုးပါက ငှက်ပျော ဘယ်နှစ်ဖီး အုန်းသီးစသည့် လုပ်ရပ်ကို နားလည်ထားရပြန်သည်။

ငှင်းပွဲထိုးရာတွင် ဘာတွေပါရမည်ဟု မရေးလိုပါ ရေးလိုတာကတော့-။

ဆရာတော့ဘုရားအား ပရိတ်ရွတ်ရန် လာရောက် ပင့်သည့်အတွက် ကျနော်လည်း ဆရာတော် နောက်ပါးမှ လိုက်ပါခွင့်ရပါသည်။ လာရောက်ပင့်ဖိတ် သူသည် လူဂုဏ်တန်းအိမ် တအိမ် ဆိုတော့ အထူး ရေးပြစရာမလိုပေ။ သို့သော် အိမ်ထောင်ရှင် နှစ်ဦးက အတော်ပင် ဘုရား တရား ကြည်ညို ကြောင်းကိုတော့ ရေးလိုပါသည်။ ဘုရားခန်းတွင်ရှိ သူရားစင်နှင့် ရုပ်ပွားတော်များမှာ အလွန်ပင် သပ္ပါယ် ကြည်ညိုစရာ ကောင်းလှပါသည်။ ဘုရားခန်း ကလည်း ပြုပြင် ထားသည့် အတွက် အထူးသပ်ရပ်၏။ဘုရားစင်မှာလည်း အမြင့် ၆ပေ ကျော်သည်၊ ဘုရားစင်ကို(၃)ဆင့်ခွဲထားပါသည်။ ပထမအထပ်တွင် ဘုရားရုပ်ပွားတော်များ ကိုးကွယ် ထားပါသည်။ ၎င်းဘုရား များမှာလည်း အနယ်နယ်အရပ်ရပ်တွင် ပြောင်းရွှေ့ အမှုထမ်းရသောကြောင့် ရရှိခဲ့သော ဘုရားများ ဖြစ်ကြောင်း သူတို့ပြောပြလို့ သိရှိရပါသည် ရှေးတောင်း ဘုရားများလည်းပါဝင်၏။

ဘုရားစင်၏အရှေ့ဘက်သို့ တပေကျော်မျှ ပျဉ်ပြား တချပ်ထုတ်ထားပါသည်။ ၎င်းပေါ်တွင် ဆွမ်း၊သောက်ရေချမ်း၊ ပန်းအိုးများ အစီအရီ ကပ်လှူထားပါသည်၊ အလယ် ထပ်တွင် ဘိုးတော်ပုံများနှင့် ကန်တော့ပွဲများ လှူဒါန်း ထားသည်ကို တွေ့ရပါသည်၊အောက်သုံးထပ်တွင် မှန်တံခါး ပြုလုပ် ထားသဖြင့် အတွင်းရှိ စာအုပ် စာတမ်းများကို တွေ့ရ ပါသည်။ ၎င်းဘုရားစင်တခု၏ တန်ဘိုးမှာ တထောင်နီးပါးခန့် ကုန်ကြောင်း သိရ ပါသည်။ ဤမျှ ဇနီးမောင်နှံ ဘုရားခန်းကို ဦးစားပေး ကြည်ညို

သဒ္ဒါပွားများကြသည်ကို တွေ့မြင်ရသည့်အတွက် သူတို့ကုသိုလ်က ထူးချွေတကား။

ဆရာတော်ဘုရားသည် ပရိတ်တော်များ ရွတ်ဖတ် သဇ္ဈာယ်ပြီးသောအခါတွင် ဤသို့လျှောက်ထားကြသည်။

"ဆရာတော်ဘုရားတပည့်တော်တို့ လှူဒါန်းသော ပွဲတွေ ကြက်ကိုက်သောကြောင့် စိတ်မကောင်းဖြစ်ရပါသည် ဘုရား" ဟုလျှောက်ထားပါသည်။

ထိုကြောင့်

"ဆရာတော်ဘုရားသည် ဤသို့ဖြေဆိုလိုက်ပါသည်"

"တကာကြီးတို့ ပွဲထိုးတယ်ဆိုတာ လှူဒါန်းခြင်းဖြစ်ပါတယ် လှူဒါန်းတယ်ဆိုတာ ဒါနပြုတဲ့ သဘော သက်ရောက် ပါတယ် ဒါနပြုပြီးရင် ကုသိုလ်တော့ရပါတယ်–ဒါကြောင့် ဒါန ပြုပြီးတဲ့ကိစ္စ ပြီးမြောက်သွားတော့ ပွဲမှာ ဖြစ်လာသော ကြက်ကိုက်ခြင်း အကြောင်းရပ် ပေါ်မှာ– ဥပဒါန်၊ မပြုရဘူး -ဥပဒါန်ပြုတော့ ဥပါဒ်ရောက်နေတာပေါ့--ငါ့လှူဒါန်းတဲ့ပွဲက ငှက်ပြောသီးသွေဘာဖြစ် ကုန်လို့ ဆိုတဲ့ဥပါဒ်ကြောင့် မိမိလှူဒါန်တဲ့ ပွဲဖြစ်စေ လှူဒါန်းတဲ့ လှူဘွယ်ပစ္စည်းများကို ဒါနမြောက်ပြီး နောက်ပိုင်းမှာ ဖြစ်လာတဲ့ အကြောင်း တရားကို မေ့ပျောက် ရမယ်-၊"

ဆရာတော်၏ ဩဝါဒကြောင့် သူတို့ဇနီး မောင်နှံသည် သဘောကျလက်ခံလိုက်ပါသည်။

"ခုလိုပွဲတွေထိုးပြီး လှူဒါန်ကြတဲ့ ဒါနတွေမှာ ပေါက်ဆရာများအား လှူဒါန်တိုင်း ရွှေမိုးငွေမိုးတော့ ရွာချလိမ့်မည်ဟု မထင်ရကောင်းဘူး၊ကုသိုလ်ရှိမှ နောက်မှ ဘုရားက အစ ထွက်

ရပ်ပုဂ္ဂိုလ်တွေ၏အကျင့်ကိုကျင့်ကြံရန် အထူး လိုအပ်ပါတယ်။ ဒါကြောင့်-အုန်းပွဲ၊ ငှက်ပြောပွဲ၊တွေလှူဒါန်းခြင်းထက် ပိုမြတ်ပါတယ်- အကျင့် ဆိုတာက ဘုရားဟောခဲ့သော နိဗ္ဗာန် ရောက်ကြောင်းတရားကို ကျင့်ကြံအားထုတ်ခြင်းနှင့် ထွက် ရပ် ပုဂ္ဂိုလ်တွေကျင့်ကြံသွားတဲ့ မဟာဂန္ဓရီလမ်းစဉ်တွေကို ကျင်ကြံတာဟာ ဒါနထက် ပိုမြတ်ပါတယ်။

ဆရာတော်ဘုရား၏ ဩဝါဒသည် လူတိုင်းအဖို့ တန်ဖိုးရှိလှပေသည်။

## ( သမထဖြင့် ဟောစဉ်က )

ကျနော်အားထုတ်သောတရားသည် အမြီးမှန်း ခေါင်းမှန်း မသိဖြစ်ခဲ့ရသည်ကို ကိုယ်တွေ့ (သမထ) ကျင့်နည်းစာအုပ်တွင် ဝန်ခံခဲ့ပါသည်။ အားထုတ်မှု၊ ကျင့်ကြံမှု၊ ပွားများမှုများ လာတော့မှ ကျနော်အားထုတ်သောတရား၏ အမည်နာမကို သိရပါတော့သည်။ ကျနော် အားထုတ်ဆဲတရားသည် မဟာဂန္ဓာရီ ဝိဇ္ဇာဓိုရ်လမ်းစဉ်ဖြစ်ပါသည်။ ၎င်းလမ်းစဉ်သည် (သမထ) ကို အခြေခံရပါသည်။ ထိုသို့အခြေခံသမထကြောင့် ပညာရပ်အချို့ကို သိခွင့်ခံစားရနိုင်ခဲ့ပါသည်။ လူတဦး၏အကြောင်းကို မိမိစိတ် (မနော)က သိရှိနိုင်ပါသည်။ မေးသူ၏ ရှေးဖြစ်မည့် အကြောင်းရပ်များကို မိမိစိတ်က ကြိုတင်သိရပါသည်။ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကအစ ဟောနိုင် ပြောနိုင်ပါသည်။

သို့သော် လူတိုင်းမှန်ရမည်ဟု မပြောလိုပေ၊ ဆယ်ဦးမှာ ခုနစ်ဦးလောက်မှန်ပါသည်။ သုံးဦးသော်၎င်း၊ နှစ်ဦးသော်၎င်း

များယှဉ်သွားနိုင်ပါသည်၊ဆယ်လုံးဟောသည့်အခါတွင်(၈)လုံး (၇)လုံးမျှ မှန်နိုင်ပါသည်။ မေးသူတိုင်းအားလုံး မှန်ပါသည် ဟု မဆိုလိုပါ။

နမိတ်ဘက် ပညာရပ်များကို ပြန်လည်ရေတွက် ခေတ်စားနေသော ပညာများမှာ ( သမထ ) ပညာ၊ ဗေဒင် လက္ခဏာ အင်္ဂဝိဇ္ဇာပညာ၊ ခေါင်းဆဲပွဲ၍ ဟောခြင်းစသည့် လူဘဦး၏ ရေးဖြစ် နောက်ဖြစ်အကြောင်းများကို ဟောကြပါသည်။ ၎င်း ပညာရပ်များသည် တခုနှင့်တခု မတူညီကြပေ။ အကြောင်းမှာ ဗေဒင်ပညာသည် အပိုင်း (၃) ပိုင်းရှိ၏။ ဂဏိတ၊ ဖလိတ၊ သံဟိတ၊ ဟူ၍ဖြစ်ပါသည်။ ဂဏိတမှာ အတွက်ပညာဖြစ်သည်။ နေ၊ လ၊ နက္ခတ် ဂြိုဟ်များ၏ဘည်နေပုံ၊ နေကြတ်၊ လကြတ်ပုံ များကို တွက်ရသောနည်းဖြစ်သည်။ ဖလိတမှာ ယင်းသို့တွက် ၍ရသော အတွက်များကို မူတည်ပြီးဟောရသော ဟောကိန်း များကို ခေါ်ပါသည်။ သံဟိတမှာမူ ယင်းနှစ်ပိုင်း စလုံးကို သော်၎င်း၊ နေ၊ လ၊ နက္ခတ်၊ ဗုဗ္ဗနိမိတ်စသည်ဖြင့် ဟောရသော ဟောနည်းများကို ခေါ်ပါသည်။

ဗေဒင်ပညာသည် အလွယ်ဆုံးဟူ၍ ဆိုအပ်သောမဟာဘုတ် ဂြိုဟ်စား၊ သက်ရောက်၊ ရှားမီးကိန်းများစသည်တို့ ဖြစ်ပါသည်။ ယခုဖော်ပြမည့် ဗေဒင်ပညာရပ်များ၏ အခြေခံ သဘောနှင့် ပညာရပ်ဟိုင်းတွင် အခြေခံတန်ဘိုးများနှင့် မူလဘူတအုတ်မြစ် များဖြစ်ကြသော တွက်နည်း၊ ဟောနည်းများကို ရှေးဆရာများ က သင်ရိုးညွှန်တမ်းတန်ဘိုးတိုးမြှင့်ပေးကြပါသည်။

ဥပမာ– မဟာဘုတ်ဂြိုဟ်အိပ်တွက်နည်း၊မဟာဘုတ်ဂြိုဟ်အိပ်

တွက်နည်းမှာ မိမိအသက်နှင့် မွေးနေ့ကို အခြေခံထား၍ ရေတွက်ရပါသည်။ အသက်ကို ဂြိုဟ်သက်အတိုင်းတွက်က ရောက်သော ဂြိုဟ်တွင် မဟာဘုတ်ဂြိုဟ်အိပ်ဖြစ်ပြီး မဟာဘုတ်ဂြိုဟ်အိပ် ဖြစ်ပါ၏။

ဂြိုဟ်စားတွက်နည်း၊ ဂြိုဟ်ရှစ်လုံး၏ အသက်ပိုင်းခြားကို မှတ်သားပြီး ဖြစ်ပါသည်။ ဤဂြိုဟ် (၈)လုံးကိုပင် အသက်ပိုင်းဖြတ်မည့် အင်္ဂါဂြိုဟ်တခုကို ဥပမာအဖြစ် ပိုင်းပါမည်။ ဤနှစ်များကို ကိုယ်တိုင်ပိုင်းပါ။

ဥပမာ–အင်္ဂါဂြိုဟ်သက် ရှစ်လုံးဖြစ်ပါသည်။ ယင်းရှစ်နှစ်ကိုတည် ဂြိုဟ်သက် (၈) နှစ်နှင့်မြှောက် ဂြိုဟ်သက်အားလုံးပေါင်းရကိန်း (၁၀၈)နှင့် စားရပါသည်။ နှစ်နှင့်မရလျှင် လ၊ အထိ ရက်အထိ နာရီအထိ အပိုင်းပိုင်းထားရပါသည်။ ဤစံနစ်ကို (မူလအန္တရဒသာ)စံနစ်ဟူ၍ခေါ်သည်။

# သက်ရောက်တွက်နည်း

သက်ရောက်တွက်နည်းမှာ ဂြိုဟ်စားနည်းနှင့် အတူတူဖြစ်ပါသည်။ တွက်လိုသော ကာယကံရှင်၏အသက်ကို (၈)နှင့်စားပြီး မွေးနံမှ လက်ယာရစ်အတိုင်း ချရပါမည်။ ရောက်ရာဂြိုဟ်မှာ သက်ရောက်ဂြိုဟ်ဖြစ်ပါသည်။

လက္ခဏာပညာရှင်တို့မှာလည်း လူတဦး၏ လက်ဝါးပြင်တွင် ဖြစ်ပေါ်နေသော အကြောင်းအရာများကိုမူတည်ပြီး ဟောကြပါသည်။

မိမိတတ်မြောက်ခဲ့သော ပညာဟူ၍အထက်ဖေါ်ပြပါဗေဒင် လက္ခဏာ၊ သမထစသည့် နိမိတ်ဘတ်ဟောနိုင်ခြင်း၏ တပိုင်း စီပညာပိုင်း တတ်မြောက်ခြင်းကို ယနေ့ သတင်းစာများထဲတွင် သမထဗေဒင်ဟူ၍၎င်း၊သမထအာရုံမြင် လက္ခဏာဟူ၍၎င်း၊ သမ ထဝိဇ္ဇာဟူ၍၎င်း၊ စသည်ကျေညာပြီး ဟောကြပြောကြ နေသူ များသတင်းကို ဖတ်ရှု့ရပါသည်။ ကျနေ့ါသည်ဗေဒင်လက္ခဏာ ပညာ ရပ်များကို မတတ်ပါ အမှန်ကို ဝန်ခံ ပါသည်။ ကျနော် လိုက်စား ကျင့်ကြံအားထုတ် နေဆဲဖြစ်သော (သမတ) ပညာ ရပ်များနှင့်သာ ဟောပြော ပါသည်။ သမထဗေဒင်ဟူ၍ နှစ် မျိုးရောပြီး မဟောနိုင်ကြောင်း သိရှိနားလည် နိုင်ရန် လိုအပ် ပါသည်။ ထို့ကြောင့် ယနေ့ အုပ်ရောရော၊ ကျောက်ရောရော (သမတ)ကိုရှေ့မှာနေပြီး မိမိကျွမ်းကျင် တတ်မြောက် ပြီးစီးခဲ့ သော ဗေဒင် လက္ခဏာစသည့် ပညာရပ်များဖြင့် ရောနှောပြီး ဟောပြောနေခြင်းမှာ မှားယွင်း နေပါသည်။ စာသီး တခြား ဖြစ်နေသော ပညာရပ်များကို အဘယ်ကြောင့် ကပ်ညှိ စွဲလမ်း ခြင်းကို လက္ခံလာကြသည်။ အမှန်တကယ် မိမိ တတ်မြောက် သော ပညာကို တန်ဘိုးထားရန် အရေးကြီးပေသည်။ (သမထ) ပညာသည် ဗေဒင် ပညာ လက္ခဏာ ပညာတို့ဖြင့် ရောစပ်လို့ မရပေ၊သီးခြားပညာ တရပ်ဖြစ်ကြောင်း စာဖတ်ပရိတ်သတ် အာ နေဖြင့် သူရှိနိုင်ရန်အရေးကြီးပါသည်။

ကျနော် (သမတ) ဟောစဉ် လူမျိုးမျိုး စိတ် အမျိုးမျိုး တွေ့ဘူး ပါသည် တချို့လည်း ပညာ စမ်းလိုသော သဘော မျိုးဖြင့်

"ကျနော့် ဘာအလုပ် လုပ်ကိုင်တယ် ဆိုတာ ပြောနိုင်ပါ့မည်လား..."

"ကျနော့်အိတ်ထဲမှာ ဘာတွေရှိသလဲ..."

"ကျနော်ဒီကနေ့ ဘယ်သွားမယ်ဆိုတာ ဟောနိုင်သလား"

"ခုကျနော် ဘယ်မှာနေသလဲ...."

ကျနော်သည် ထိုမေးခွန်းမေးသူအား ပြန်လည် မေးမိသည်။

"ကျနော်မှန်အောင် ဟောရင် ခင်ဗျားကျနော့် အတွက် ငွေဘယ်လောက် လှူမလဲ"ခုလို ပြန်မေး လိုက်တော့ သူတို့ အနေဖြင့် အဖြေမပေးတော့ပါ....။

အမှန်ကိုဝန်ခံရမည်ဆိုပါက (သမထ)ဖြင့် ဟောရ သည်မှာ သမာဓိ- သမာသမာဓိဖြင့် အာရုံပေါ်တွင် ဟောရ ပါသဖြင့် မလိုလားအပ်သော မေးခွန်းသည် တန်ဘိုးမရှိ၊အကျိုး မသက်ရောက်သော မေးခွန်းများမေးခြင်းသည်၊ နှစ်ဦးနှစ်ဘက် စလုံး အကျိုးမရှိကြောင်းကို ဖြစ်စေပါသည်။ မေးသူကလည်း ဟောသူ ၏ ပညာကို တန်ဘိုးထားပြီး မေးခြင်းသည် မေးသူ အတွက် အလွန်တန်ဘိုးရှိကြောင်းကို ရေးသား လိုက်ရပါသည်။

# သင်းချိုင်းတွင်တရားအားထုတ်စဉ်က

အမှန်တရားသည် ကမ္ဘာတည်သရွေ့ တည်ရှိ၏ ပျောက်ကွယ်ခြင်းမရှိ၊ ပျက်ပြယ်ခြင်းမရှိ၊ ယိုင်လဲသည် ဟူ၍မသွား တည်မြဲတည်ရှိလေသည်။အမှန်တရားသည် မြင်ဘူး၊ တွေ့ဘူး၊ ယုံမှုနှင့် အခြေခံပြောဆိုခြင်း ဒရေးသားခြင်းမျိုးတော့ မဟုတ်ပေ။အမှန်တကယ် ရှိအပ်သော အကြောင်း တရားပင် မဟုတ် ပါလော၊ ၎င်းတရားသည် ကမ္ဘာ့နိယာမ တရားမဏ္ဍိုင်သို့ ဦးတည် ခဲ့၏။ စစ်မှန်ခဲ့၏။

"ယင်းအမှန်တရားသည် အထောက်အထားနှင့် ခိုင်လုံသော အကြောင်းပြချက်တို့ကို ကိုးကားနိုင်ရမည်။ အစဉ်အဆက် ယနေ့ ကိုင် တည်ရှိမည်။ နောက်လည်းတည်ရှိမြဲ တည်ရှိလေသည်။

ဒီတော့....။

ကျနော့်မိတ်ဆွေသည် ရုပ်သမားတဦးဟုလည်းမဟုတ်ပေ။ စိတ်သမားဟုလည်း အမည်ပေးလို့မရ။ သူသည်မ ဇ္ဈိပရိပသာ

အလယ်အလတ်ကို ယုံကြည်သူဖြစ်သည်။ ထို့ကြောင့် ကျနော် နောက်ရေးမည့်စာအုပ်ကြော်ငြာထဲထည့်ပါဝင်သော သင်းချိုင်းထဲ တရားကျင့်စဉ် ခေါင်းစီး ကိုဖတ်ပြီးမေးတော့သည်။မေးလည်း မေးထိုက်လှပေသည်။

“ခင်ဗျားရေးမဲ့ အကြောင်းတွေက ဝိညာဉ်လောကမှာရှိတဲ့ မကျွတ်သေးတဲ့ သူတွေအကြောင်းဘဲ မဟုတ်လား....”

ကျနော်ရေးမည့်အကြောင်းကို သူက ကြိုတင် သိလေသည်။

“ဒီလိုဆိုဗျာ–ခင်ဗျားသင်းချိုင်းထဲ တရားသွားကျင့်တော့မှ နာနာဘာဝ၊ ဝိနာဘာဝတွေ တွေ့တယ်လို့ ပြောတော့ သင်းချိုင်းထဲမှာ စောဦးစွာ နေထိုင်တဲ့ သုဘရာဇာတွေဟာ နေ့စဉ် နာနာဘာဝတွေကို တွေ့ရမှာပေါ့...ဒီတော့–ဒီလူတွေဟာ သင်းချိုင်းထဲမှာ နေရဲကြပါအုံးမလား....”

မှန် ပါ သည်။ မေးသင့် မေးထိုက် သော မေး ခွန်း ဖြစ် ပါ သည်။

“ဒါပေါ့ဗျာ....မြင်လိုသူက မြင်အောင်ကြည့်မယ်။ မမြင်လိုသူက မရှိဆိုသော ပြဿနာကို သူနားမလည်ဘူး။ သူ့အသိက ရှိတယ် မရှိဘူးဆိုတာ စိတ်လည်း မဝင်စားဘူး။ ကြည့်လည်း မကြည့်ဘူး။ ဒါကြောင့် ဆရာတော်အမှာစာထဲက (သမထ) ပညာသည် သမာဓိမှ သမာ သမာဓိ ဟု ရေးထားတယ်။ တခု တည်းသော အာရုံကို စူးစိုက်ခြင်းမှ ဖြစ်ပေါ်လာသော အာရုံ၏ နောက်မှဖြစ်ပေါ် တွေ့မြင်ရသော မြင်ကောင်းသောအရာ၊မမြင် ကောင်းသောအရာ၊ ၎င်းနောက် ဤလောကတွင် ဒိဋ္ဌပုဂ္ဂိုလ်၊ အဒိဋ္ဌပုဂ္ဂိုလ်ဟူ၍ ရှိ၏။ ရှိကောင်း၏။ ဒိဋ္ဌ ပုဂ္ဂိုလ်ကို မြင်တွေ့

ကြားသိရသော ပုဂ္ဂိုလ်ဖြစ်သည်။ အဒိဋ္ဌ ပုဂ္ဂိုလ် ကား-မမြင် မကြားရဘဲရှိသောပုဂ္ဂိုလ်ဖြစ်၏။ ထိုပုဂ္ဂိုလ်မျိုးတို့ကို မိသစက္ခုဖြင့် မမြင်နိုင်၊ မတွေ့နိုင်၊ မကြားနိုင်၊ အဒိဋ္ဌပုဂ္ဂိုလ် များ၊အသားသမာဓိစက္ခုမှ သမာ သမာဓိစက္ခုဖြင့်သာ မြင်နိုင်၏။ ကြားနိုင်၏။ သိနိုင်၏။

ဒါကြောင့် ဒိဋ္ဌပုဂ္ဂိုလ်၊ အဒိဋ္ဌ ပုဂ္ဂိုလ်နှစ်မျိုးကို နားလည်ထားခြင်း၊သဘောပေါက်ထားခြင်းဖြစ်ပါက ကျနော်ရေးမည့်အကြောင်းကို ခင်ဗျားယုံကြည်လာနိုင်မယ်....။

ညတညတွင် ကျနော် တရားအားထုတ်နေပါသည်။ ထိုအချိန်တွင် ကျနော်သည် ပီပီ ပြင်ပြင် အသံများကို ကြားလိုက်ရပါသည်။

"မှောင်စပျိုးတဲ့အချိန်မှာ သင်းချိုင်းထဲဝင်ပြီး(၉)ရက်တိတိမေတ္တာကမ္မဋ္ဌာန်တရား ပွားများပါ...."

ထိုအမှာ စကားကို ကြားရသောအခါတွင် ကျနော့်အဖို့ တခါဘူးမျှမဝင်ရသေးသော လုပ်ငန်းတရပ်ဖြစ်နေသောကြောင့် အနည်းငယ်တော့ စိုးရိမ်မိပါသည်။ ဟုတ်မဟုတ်ဆိုသောဒွိဟစိတ်ကို သေချာရန် ဆရာတော်ထံ လျှောက်ထားခဲ့ပါသည်။

"ဆရာတော်ဘုရား....တပည့်တော်အား သင်းချိုင်းထဲဝင်ပြီး (၉)ရက်တိုင်တိုင် မေတ္တာကမ္မဋ္ဌာန်း ပွားများရမည့် အသံများ ကြားခဲ့ရသည်။ ဟုတ် မဟုတ် ဆရာတော်ဘုရား အာရုံပြု ပေးပါဘုရား...." ဟု လျှောက်လိုက်ခြင်းကြောင့်....။

"ဟုတ်ပါတယ်...."

"တပည့်တော် တခါဘူးမျှ တရား အား၊ မထုတ် ဘူး ထည့်

အတွက် အဘယ်ကဲ့သို့ အားထုတ်ရမည်ဖြစ်ကြောင်း မှာကြားတော်မူပါဘုရား....”

“ငါ့တပည့်-သင်းချိုင်းသဲဝင်တဲ့အချိန်မှာ မိမိစောင့်ရှောက်တဲ့ ပုဂ္ဂိုလ်အား မပင့်ရဘူး။ ဘဝတပါး ကူးပြောင်းတဲ့ သူတွေကောင်းရာသုဂတိသို့ ရောက်ကြပါစေဟု-ဖြူစင်လော မေတ္တာ ဓါတ်ကို အရင်းခံရမယ်....”

ကျနော်သည် ဆရာတော်ဘုရား၏ မှာလိုက်သော စကားကို လိုက်နာရပေသည်။ မိမိစိတ်ကို ပြုပြင်လိုက်တော့သည်။ ငှက်မိသဲတိုင် တက်နိုင်ဖျားနောက် ဆိုသည့်စကားအရ ပြုလုပ်ရတော့မည်။

အလင်းရောင်ကို အမှောင်ထုက မာန်ဖိပြီး အနိုင်ယူချိန်၊ ကျေးငှက်တို့သည် အိပ်တန်းတက်ရန် အသိုက်သို့ ပြန်လာချိန်၊ အသိုက်မရှိသော ကျေးငှက်တွေမှာလည်း သစ်ကိုင်းများပေါ်တွင် ခိုနားနေကြ၏။ ငိုက်မြည်းစပြုနေ၏။ လေရူး၏ဝှေ့ရမ်းလိုက်သောအခါတွင် ကျေးငှက်တို့သည် သစ်ကိုင်းပေါ်တွင် ရီးလေးခိုနေကြသည်ကို ကျနော်သင်းချိုင်းထဲသို့ ခြေချမိသည်နှင့် တပြိုင်နက် ထိုမြင်ကွင်းအားတွေ့ရပါသည်။

ပတ်ဝန်းကျင်တခုလုံးသည် တိတ်ဆိတ် ငြိမ်သက်လျက်ရှိပါသည်။လူသူကင်းသော သုသာန်မြေပြင်သို့ မည်သူမျှ မလာချေ။ ကျနော်တဦးတည်းပင်ဖြစ်ပါသည်။ ထိုအခါ ကျနော့်စိတ်ကဖြူစင်သောကြောင့် ကြောက်စရာ၊ ထိတ်လန့်စရာ ဟူသော အတွေးမဝင်ခဲ့ပေ။ မေတ္တာဓါတ် ကျနော့်စိတ်ကို စိုးမိုးထားခြင်းဖြစ်သည်။ ကျနော်သည် မေတ္တာကမ္မဋ္ဌာန်း ပွားများရန်

အတွက် နေရာထိုင်ခင်း ရွေးချယ်ရပါတော့သည်။ ထို့ကြောင့် အုတ်ဂူတခုပေါ်တွင် ထိုင်ပြီး အားထုတ်ရန် စိတ်ဆုံးဖြတ်လိုက်ပါသည်။

ကျနော်သည် သမာဓိဖြစ်ရန်အတွက် စိတ်ပုတီး (၉) ပတ် စိတ်လိုက်ပါသည်။ ၎င်းနောက် သမာ သမာဓိစိတ်ဖြစ်ပွားသော အချိန်တွင် အပုပ်နံ့များသည် ကျနော်၏ နှာခေါင်းထဲသို့ ဝင်လာပါသည်။ ထို့ကြောင့် ကျနော်သည် မေတ္တာ ဂါတ်ဖြင့် တရားအားထုတ်ရသည်မှာ ဘဝဘပါး ကူးပြောင်းသွားသော သူတွေသည် မိမိတို့ပြုခဲ့ဘူးသော ကောင်းမှုကုသိုလ်များကို ပြန်လည် သတိရပြီး ကောင်းရာသုဂတိဘုံသို့ ရောက်ကြပါစေ၊ ဉာဘဝမှ ကျွတ်ကြပါစေ၊ ပြုခဲ့သော ဒါန၊ သီလ၊ ဘာဝနာ စသည့် ပြုလုပ်ခြင်းများကို ပြန်လည်သတိရကြပါစေဟု စိတ်ဖြင့် မေတ္တာကားလိုက်တော့မှ အပုပ်နံ့များသည် ပျောက်ပျက်သွားပါသည်။

များမကြာမီ တိုက်ခိုက် နေသော လေပြင်း ဒဏ်ကြောင့် သစ်ကိုင်းအချို့သည် မြေပေါ်သို့ ကြိုးကျသံများ သစ်ရွက် က လေးများသည် တရှုပ်ရှုပ်နှင့် ပြေးလွှား မြူးတူးနေသော အသံများသည် ပတ်ဝန်းကျင်၌ ဆူညံနေပါသည်။

ဆေးရုံမှ သင်ချာနံ့တို့သည်လည်း ခုတဖန် နှာခေါင်းထဲသို့ ဝင်လာပြန်သည်။ ထိုအခါ အထက်ပါအတိုင်း စိတ်ဖြင့် မေတ္တာ ပို့လိုက်သောအခါတွင် ပျောက်ကွယ် သွားခဲ့ပါသည်၊ ကျနော်သည် နေ့စဉ်ရက်ဆက် မေတ္တာကမ္မဋ္ဌာန်းတရားကို အချိန်

မှန်မှန် သွားရောက်၍ သင်္ဂြိုင်းထဲဝင်ပြီး မေတ္တာ ပို့လေ့ရှိခဲ့ပါ သည်။

ရုပ်ဆင်းသဏ္ဌာန်ပျက်ပြီး ဆံပင်ဖားလားကျထားသော နာနာဘာဝ ဝိနာဘာဝတွေဂူထဲသို့ ဝင်သွား သည်ကိုလည်း တွေ့ရပါသည်။ တခြားတဘက်သို့ကြည့်လိုက်သောအခါတွင် ဆောင့်ဆောင့်ကလေးထိုင်နေသည်ကိုလည်း တွေ့ရပါသည်။ ကျနော်၏ စက္ခုတွင် တွေ့နေရသော သူတွေကို ကျနော်ကြောက်ရွံ့ ထိတ်လန့်ခြင်း မဖြစ်ချေ။ ကျနော်ပို့နေသောမေတ္တာများကို သူတို့ ရကြပါစေဟူသောစိတ်ကသာ ကြီးမားလျက် ရှိပါသည်။ကျနော်သည် သင်းချိုင်းထဲ၌ပထမနေ့အတွက်ပြီးဆုံးခဲ့ပါသည်။

ဒုတိယနေ့သင်းချိုင်းထဲသို့ အားထုတ်ရန် သွားရပြန်သည်။ ရောက်လေ့ရောက်ထရှိပြီဟု မပြောဆိုလင့်၊ ဒီနေရာသို့ တခါနတနေ့တာတော့ ရောက်ခဲ့ပြီဟု မိမိ၏အတွေးက ဆုံးဖြတ်ခဲ့ပေသည်။ လုံးဝမရောက်သည်နှင့်စာပါက နေရာသို့ အဓိဋ္ဌာန်ဝင်ခဲ့သည်။ မြင်ဘူး တွေ့ဘူးစဖြစ်လာသောကြောင့် လုပ်ရပ်များက ရဲရင့်လာသည်။ တနေရာမှ တနေရာသို့ ကူးလူးဖြတ်သန်း၏။ သင့်တော်မည့်နေရာ တနည်းဆိုသော် ပိုမိုသာ၍ အားထုတ်ရန် ကောင်းသောနေရာသို့ ရှာဖွေရပြန်သည်။

အလင်းရောင်က လုံးဝပျောက်ကွယ်ခြင်းမရှိချေ။ သင့်လျော်သည့်နေရာကို ရှာဖွေရသည်က လွယ်လင့်တကူ ရှိလေသည်။ ကျနော်၏စိတ်က လှုပ်ရှားတိုင်း ခြေထောက်ကလည်း လျှင်မြန်လျက်ရှိ၏။ ခန္ဓာရုပ်ကလည်း စိတ်၏စေစားချက်အတိုင်း ပေါ့

ပါးလျက်ရှိ၏။ တနေ့ရာမှတနေ့၊ ကျနော်၏ မျက်လုံးအစုံက ရှာဖွေလျက်ရှိ၏။ စိတ်ကြိုက် မတွေ့မချင်း ရှာဖွေမည်ဆိုပါက အလင်းရောင် ပျောက်ကွယ်သွားမည်ဆိုတော့ ဖွတ်မရ ဒါးမဆိုး ဆိုသကဲ့၊ စောဦးစွာ အားထုတ်သော နေရာလည်း မကြိုက်၊ နောက်ထပ် စိတ်ကြိုက်မတွေ့ဘဲ ရှိမြဲရှိနေပါက ဒီနေ့အဘို့ အဓိဋ္ဌာန် ပျက်ရတော့မည်ကို ပြန်လည် စဉ်းမိပြန်သည်။

ဒီတော့ သံတိုင်များကာရံပြီး သပ်သပ်ရပ်ရပ် လုပ်ထားသော အုတ်ဂူတခုကိုတွေ့ပြီးနောက် ထိုနေရာတွင် အားထုတ်ရန် စိတ်ဆုံးဖြတ်လိုက်ပါသည်။

ကျနော်စီးလာသော ဘိနပ်ကိုအုတ်ဒူနံဘေးတွင်ချွတ်ပြီး၊ ထို အုတ်ဂူပေါ်တွင် မထိုင်မီ သေဆုံးသူအား အမိန့်ပေးလိုက်သည်။ မိမိသည် မေတ္တာ ကမ္မဋ္ဌာန်းအားထုတ်မည့်သူဖြစ်ကြောင်း၊ ထို့ ကြောင့် ကျွန်ုပ်အား အနှောက်အရှက် မပေးရန်နှင့် သင်၏ အုတ်ဂူပေါ်တွင် တိုင်၍ အားထုတ်မည် ဖြစ်ကြောင်း ရှေးဦးစွာ ပြောဆိုလိုက်ပါတော့သည်။

ကျနော်သည် မေတ္တာကမ္မဋ္ဌာန်း ပွားများရန် ဤနေရာသို့ လာရောက်ခြင်းဖြစ်ပါ၍ မေတ္တာဆိုသည် ရေနှင့်ပမာ တူလေသည်။ (ရေ)ကို အသုံးပြုရန်အတွက်တဦးသောပုဂ္ဂိုလ်နှင့်အများ အတွက်သုံးလိုသည်။ ချိုးလိုသောအခါတွင် ရေသည်ချမ်းသာ ဘည်၊ဆင်းရဲသည်၊ ဖြူသည်မဲ့သည်ဟူ၍ လူမျိုးခွဲခြားခြင်း ဘာ သာခွဲခြားခြင်း၊ အရောင်အသွေးမခွဲခြားဘဲ သုံးခွင့်ပြုသည်။ ပူ သည် အေးသည် ဤနှစ်လီအတွက် ချက်ပြုတ်သုံးစွဲသည့် အခါ လည်း ရေဘည် အသုံးမပြုရန် မငြင်းဆန်၊ သက်ရှိသက်မဲ့အရာ

တိုင်းကို(ရေ)သည်ဖြူစင်သော သဘောကို အမြဲထာဝရရှိတတ်သည်။

မေတ္တာစေတ်သည်လည်း (ရေ)ကဲ့သို့သဘောရှိ၏။ (၃၁)ဘုံရှိ ဝေနေယျသတ္တဝါအပေါ်တွင် မေတ္တာစေတ် ပွားများသော အခါလည်း ပုဂ္ဂိုလ်အရ ရွေးချယ်နေရန် မလိုပေ။ ပုပုရွရွသက်ရှိသတ္တဝါမှန်သမျှ ကျန်းမာပါစေ၊ ချမ်းသာပါစေ ဟု မေတ္တာထားသကဲ့သို့ ဘဝတပါးကူးပြောင်းသွားသော သူတွေအတွက် မေတ္တာကမ္မဋ္ဌာန်း ပွားများရာတွင်လည်း သေဆုံးသူ၏ပုဂ္ဂိုလ်အရ ရွေးချယ်ခြင်းမပြုဘဲ သူ၏ပိုင်နက် သေသူအား ရည်စူးထားသောနေရာသို့ ရောက်လာသည်နှင့် ပိုင်ဆိုင်သူအား ခွင့်ပြုရန်ပြောကြားပြီးမှ တရားအားထုတ်ရန်လည်း အရေးကြီးလေသည်။

ထို့ကြောင့်ကျနော်သည် အုတ်ဂူပေါ်တွင် တရားအားထုတ်ရန် ထိုင်ချလိုက်ပါတော့သည်။ မိမိပြုလုပ်နေကြ ပရိကံအတိုင်း အားထုတ်ပါသည်။ မနေ့ကလောက် စိတ်အနှောက် အယှက်ဖြစ်မလာပေ။ ကျနော်သည် စိတ်ပုတီး(၉)ပတ် စိတ်ပြီးနောက် သမာဓိတူထောင်ရန် အာနာပါနာကို မြန်မြန်ရှူခြင်း၊ထုတ်ခြင်း အတန်ကြာအောင် ပြုလုပ်လိုက်ပါသည်။

ရှူရှိုက်ထုတ်လုပ်ခြင်း၊ အာနာပါနာပြုလုပ်ပေးနေရာမှ တဖြေးဖြေးနှင့် ရှူရှိုက်သောလုပ်ရပ်သည် ရပ်သွားသော အခါတွင် သမာဓိသည် အနည်းငယ်ရရှိလာသောအခါတွင် မမြော်လင့်ဘဲ သစ်ကိုင်းခြောက် တခုသည် ကျနော့်ကိုယ်ပေါ်သို့ကျခဲ့ပါသည်။အမြင့်မှကျလာသောအရှိန်ကြောင့် အနည်းငယ်ထိတ်

လန့်သယောင်တော့ ဖြစ်သွားမိပါသည်။ သို့သော်ကျလာသော အရာဝတ္ထုကို သိပြီးဖြစ်သော ကျနော့်စိတ်သည် ရုတ်ချည်း ပြန်လည် မိမိ၏သမာဓိ ပျောက်ကွယ်မသွားရန် စိတ်ကိုပြန် ထိန်းသိမ်းလိုက်ရပါတော့သည်။

ယင်းကဲ့သို့ အားထုတ်နေပြီး ပထမနေ့ကဲ့သို့ အနံ့ဆိုးများ မရတော့ပေ။ ရက်တွေ ပြောင်းလဲလာခဲ့ချေ၏။ ကျနော်ဝင် လျက်ရှိသော အဓိဋ္ဌာန်သည့် ယနေ့နောက်ဆုံးနေ့၊ ဒါကြောင့် (၉)ရက်တိုင်တိုင် မပျက်မကွက်ဘဲ ဇွဲဝီရိယကို အားကိုးအသုံး ပြုခဲ့ခြင်းကြောင့် အောင်မြင်ခြင်း လမ်းသို့ ရောက်လာတော့ သည်။ အဓိဋ္ဌာန်ဆိုသည်မှာ တုန်လှုပ်ခြင်းမရှိ၊ ပကတိကောင်းစွာ တည်သော ကျောက် တောင် ကြီး သည် ပြင်းစွာတိုက်ခတ် လာ၏။ ထိုကြောင့် တုန်လှုပ်ခြင်းအလျဉ်းမရှိ၊ မိမိတည်နေရာ ဌာန၌ ကြံကြံတည်သကဲ့သို့ မိမိဆောက်တည်အပ်သော ကုသိုလ် မှု၌ မည်သည့်အခါများမှ ပျက်ကွက်တုန်လှုပ်ခြင်းမရှိဘဲ ပြည့်စုံ အောင် ဖြည့်ကျင့်ခြင်းဖြစ်ပါသည်။

# ပြန်ကြားချက်

ကိုခင်မောင်မြ

အမှတ် ၁၀၉ ရွာသစ်ရပ် ရေနံချောင်းမှမေးသော မေးခွန်းများကို ပြန်ကြားအပ်ပါသည်။

မေး (သမထ) ကျင့်တာ ဗေဒင်လက္ခဏာဆရာ အဖြစ်လုပ်ရန် အခြေခံပါသလား။

ဖြေ (သမထကျင့်ခြင်းသည် ဗေဒင်လက္ခဏာဆရာ လုပ်ရန် အတွက်မဟုတ်ပါ။ သို့သော်(သမထ)ပညာဖြင့်(၇)ရက်သားသမီးများ ကယ်ဆယ် နိုင်ပါသည်။ ဟောနိုင် ပါသည်။

မေး (သမထ) လက္ခဏာ ဗေဒင် ဆရာအဖြစ် စီးပွားရှာရာမှ နာမည်ကျော် ဆရာတော်ဘုရားများ နာမည်များ တစ်ခါ စီးပွားရှာသင့်ပါသလား။

ဖြေ နာမည်ကျော် ဆရာတော်ဘုရားများ နာမည်ဖြင့် စီးပွားမရှာသင့်ပါ။ သို့သော် ဆရာတော်ဘုရားများ ခွင့်ပြုချက်ဖြင့်ရရှိပြီး ဟောပြော၍ ရသောငွေကို တဝက်လှူ တဝက်စားဖြင့် ပြုလုပ်က မှန်ကန်ပါသည်။

မေး အကြားအမြင်ပေါက် (သမထ) ပညာရှင်တိုင်း ဗေဒင်လက္ခဏာ ဆရာအဖြစ် အသက်မွေးဝမ်းကြောင်း ပြုရပါသလား။

ဖြေ (သမထ) ပညာရှင်ဖြစ်ပါသည်။ ဗေဒင်ဆရာသည် ဗေဒင်ပညာသာဖြစ်ပါသည်။ ပညာတခုနှင့် ရောယှက်လို့မရပါ။

မေး ပုပ္ပါးဘိုးတော် အောင်မင်းခေါင် (လက္ခဏာ ဗေဒင်) ဟောခဲ့ပါသလား။

ဖြေ သာသနာပြု သတ္တဝါကယ်ဆယ်ခြင်းအလို့ငှာ (သမထ) ဖြင့် ဟောပြီး ကယ်ဆယ်ခဲ့ပါသည်။

မေး အကြားအမြင်ပေါက် (သမထ)နည်းဖြင့် ပုဂ္ဂိုလ်တဦး အား ဟောပြောရာ၌ နှစ်ကြိမ်နှစ်ခါ ဟောပါက နှစ်ခါ စလုံး တထပ်တည်းကျပါမည်လား။

ဖြေ ဟောလိုက်သော ကာလအပိုင်းအခြားတွင် ဖြစ်ရပ်များ တူညီခဲ့ပါက တထပ်တည်းကျပါမည်။

## အဓိဋ္ဌာန်တို့၏အဖွင့်

သစ္စာ

နတ်နှင့်တကွသော တလောကလုံး၌ မှန်ကန်စွာသောချိန် ကြိုးသဖွယ်ဖြစ်သည့် သောက်ရှုးကြယ် (သောကြာကြယ်) သည် မိုးအခါ၌သော်၎င်း၊ ဆောင်းဥတု၊ နွေဥတု အခါ၌သော်၎င်း၊ မမိသွားမြဲဖြစ်သော ခရီးလမ်းကြောင်းမှ မလွဲမဖယ် တည့်မတ် စွာသာ သွားသကဲ့သို့ မှန်ကန်သော သစ္စာသဘောတို့၏ လမ်း ကြောင်းသဖွယ်ဖြစ်သော မြင်အပ်သောအရာ ကြားအပ်သော အရာ ရောက်အပ်သောအရာ သိအပ်သောအရာ မမြင်အပ်သော အရာ မကြားအပ်သောအရာ၊ မရောက်အပ်သောအရာ၊ မသိ အပ် သောအရာ ဤရှစ်ဖြာသော ခရီးလမ်းမှ မဖယ်မလွဲလေလင့်။

မြင်အပ်သည့်အရာကို မြင်၏ဟူ၍သာပြောလေ၊ ကြားအပ်သည့်အရာကို ကြား၏ဟူ၍သာ ပြောလေ၊ ရောက်အပ်သည့် အရာကို ရောက်၏ဟူ၍သာ ပြောလေ၊ သိအပ်သည့်အရာကို သိ၏ဟူ၍သာပြောလေ၊ မမြင်အပ်သည့်အရာကို မမြင်ဟူ၍သာပြောလေ၊ မကြားအပ်သည့်အရာကို မကြားဟူ၍သာ ပြောလေ၊ မရောက်အပ်သည့်အရာကို မရောက်ဟူ၍သာ ပြောလေ မသိအပ်သည့်အရာကို မသိဟူ၍သာ ပြောလေဟု ဆိုလိုသည်။

မေတ္တာ

လောက၌ ရေမည်သည်မှာ သူတော်ကောင်း၊ သူယုတ်မာဟူ မျက်နှာမရွေး သုံးချိုးသမျှသော သူတို့ကို အအေးဓါတ်ဖြင့် ပျံ့နှံ့စေ၍ မြူအညစ်အကြေးကို ကင်းဝေးသုတ်သင် စင်ကြယ်စေသကဲ့သို့ ဤအတူ အမောင်သုမေဓာသည်လည်း မိမိအပေါ်၌ အစီးအပွားမလိုလားသူ (ရန်သူ) အစီးအပွားလိုလားသူ (မိတ်ဆွေ) ဤနှစ်ထွေသောသူတို့ကို အညီအမျှမေတ္တာတရား ပွားများရ၏။

သီလ

လောက၌ အောင်ဟုခေါ်သော သားကောင်း (စမရီ မည်သော သားကောင်း)သည် မိမိ၏ မြီးဆံတစုံတခုသော နေရာ၌ ငြိနေသည်ရှိသော်ထိုငြိနေသောနေရာမှာပင်အသက်ကိုအသေခံ၍ မိမိ၏မြီးဆံကိုမပျက်စေဘဲ စောင့်ရှောက်သကဲ့သို့ ကုသိုလ်တရားတို့၏ တည်ရာလေးဌာနတို့၌ သီလတို့ကို ထက်ဝန်းကျင်ပြည့်စုံအောင်ဖြင့် ကြည့်ရ၏။

-ခန္တီ

မဟာပထဝီ ဤမြေကြီးသည် စင်ကြယ်မွန်မြတ်သော အရာဝတ္ထုကိုပင် ဖြစ်စေ၊ မစင်ကြယ်ယုတ်ညံ့သော အရာဝတ္ထုတို့ပင် ဖြစ်စေ မိမိအပေါ်သို့ ပစ်ချအပ်သမျှ အလုံးစုံကို မုန်းခြင်း ချစ်ခြင်းကိုလည်း အလျဉ်းမပြု၊ သည်းခံ၍သာနေသကဲ့သို့ ခပ်သိမ်းသောသူတို့၏မြတ်နိုးရဝ်နှာ ပူဇော်သက္ကာရမှုပြုခြင်း မထေမဲ့မြင်မှုပြုခြင်းတို့ကို သည်းခံရပေသည်။

အဓိဋ္ဌာန်

လောက၌ တုန်လှုပ်ခြင်းမရှိ၊ ပကတိကောင်းစွာတည်သော ကျောက်သား တောင်ကြီးသည် ပြင်းစွာ တိုက်ခတ်လာသော လေတို့ကြောင့် တုန်လှုပ်ခြင်းအလျဉ်းမရှိ မိမိတည်ရာဌာန၌သာ ကြံ့ကြံ့တည်သကဲ့သို့ ကုသိုလ်မှု၌ မည်သည့်အခါမှ ပျက်ကွက် တုန်လှုပ်ခြင်းမရှိဘဲ ပြည့်စုံအောင် ဖြည့်ကျင့်ရ၏။

ပြီး၏

(သမထ) ဦးအောင်မြတ်

၁-၆-၇၃

သမထပညာဖြင့် သင့်ကိစ္စများကို အောက်ပါ အချိန်တွင် ဟောမည်။

၁။ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊

(နိုင်ငံရေးနှင့် တပါးသူ၏အကျိုးပျက်ခြင်းကို လုံးဝမဟော)

စနေနေ့

နေ့လည် (၁) နာရီမှ ညနေ (၆) နာရီအထိ

တနင်္ဂနွေနေ့

နံနက် (၁၀) နာရီမှ ညနေ ၂ (၅) နာရီအထိ။

နယ်အတွက်

မိမိမွေးနေ့နှင့် ရောက်ရှိသောအသက်၊ မိမိသိလိုသောကိစ္စများကိုစုံလင်စွာရေးသားပြီး လိပ်စာအပြည့်အစုံပေးပို့ရပါမည်။ အလှူငွေ ၅-ကျပ်နှင့်အတူ ပေးပို့ပါရန်။

(သမထ) ဦးအောင်မြတ်

အမှတ် ၅၄၊ ၉၄-လမ်း၊ ကန်တော်ကလေး

ရန်ကုန်မြို့။

## သမထ ဦးအောင်မြတ်

# စိတ်ရိုင်းကိုနိုင်လိုသူ

- လူသည် မွေးဖွားလာသည့်အချိန်မှ သေသည်အထိ စိတ်ရိုင်း၏ နှိပ်စက်ခြင်းကို ခံရ၏။
- မိမိအပေါ် ဖိနှိပ်ချယ်လှယ်သောစိတ်ရိုင်းကို တွန်းလှန်ရန် နည်းလမ်းရှာရင်း လူ့ဘဝမှ ထွက်ခွာသွားရသူလည်း မနည်းပေ။
- အမှန်တရားသည် ဤလူ့လောကတွင်ရှိ၏။ ရှိကောင်းသောတရားပင်ဖြစ်၏။ ထိုအမှန်တရားကို စိတ်ရိုင်းက ဖုံးကွယ်ထား၏။
- လူသားတွေ၏ ဖြစ်ရပ်အမှန်ကို ပီပီပြင်ပြင် ရေးသားထားသည်။
- စိတ်ရိုင်းကို အောင်နိုင်သောအကြောင်းတရားနှင့် အကျိုးတရား နှစ်ရပ်ပေါ်တွင် လက်တွေ့ကျင့်သုံးခဲ့သောသူတဦး၏ ဘဝကိုယ်တွေ့ဖြစ်ရပ်အမှန်....။

**မကြာမီ ထွက်မည်။**